ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 15 September 2019 ၉၇၇၃


# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော်အခမ်းအနား တက်ရောက်ဖွင့်လှစ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ဇနီးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ရှိ Yangon Convention Center ၌ ကျင်းပသည့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ဇနီး၊ ရန်ကုန်မြို့ရှိ သံတမန် နာယက ဖြစ်သူ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး Mr. Pehin Dato Abdu’r Rahmani Dato Basir နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ အာဆီယံသံရုံးများမှ သံအမတ်ကြီးများနှင့်ဇနီး / ခင်ပွန်းများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း(MAWFA)နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမျိုးသမီးများအသင်းတို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့ပြင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)၊ ဝိသာခါ ဖောင်ဒေးရှင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ »»**

# အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် သစ်စေ့မြေလုံးများ ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုး



**ညောင်ရွှေ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်ရှိ အင်းလေးကန် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် အင်းလေးကန် ရေဝေရေလဲဒေသရှိ သစ်ပင်ပေါက်ရောက်မှုမရှိသည့် တောင်ကတုံးနေရာများတွင် သစ်စေ့မြေလုံး(Seed ball)များကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် အင်းလေးဟိုတယ်ဇုန်ရှိ စက်လှေဆိပ်နေရာတွင် ပြုလုပ်ခဲ့သည်။

**ကြည့်ရှုအားပေး**

သစ်ပင်စိုက်ပျိုးပွဲဆောင်ရွက်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြတို့က ဒေသခံပြည်သူများအား ယခုကဲ့သို့သစ်ပင်စိုက်ပျိုးရခြင်းနှင့် သစ်စေ့မြေလုံး ပြုလုပ်ပုံများကို ရှင်းလင်းပြောကြားပြီး ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများကို စတင်ကြဲချစိုက်ပျိုးရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ရှမ်းပြည်နယ် သယံဇာတနှင့် သစ်တောဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးစိုင်းရှန်တစ်လုံ၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့ ❑**




No.501, Pyay Road, Kamaryut Township, Yangon, Myanmar. Tel : +95(01)2304270~2, Fax : +95(01)537176, Email : contact@apq-electric.com
No.31/D, Block 900, 78 Road, between 42nd and 43rd Road, Mahar Aung Myay Township, Mandalay. Tel : +95 (02) 4033449, www.apq-electric.com

# ကြေးမုံ

## အားကောင်းခိုင်မာသည့် ဒီမိုကရေစီသို့

ယနေ့သည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ဖြစ်ပြီး ဒီမိုကရေစီကျင့်သုံးသော ကမ္ဘာ့နိုင်ငံများတွင်လည်း ဒီမိုကရေစီနေ့ အခမ်းအနားများ ကျင်းပလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၁ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့ဆိုလျှင် (၉)ကြိမ်မြောက် ရှိပြီဖြစ်သည်။

ကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးများနှင့် နှိုင်းယှဉ်ကြည့်မည် ဆိုလျှင်တော့ မြန်မာ့ဒီမိုကရေစီခရီးလမ်းသည် သက်တမ်းနုနယ်လွန်းပါသေးသည်။ ယခုကဲ့သို့ သက်တမ်းနုနယ်သေးသည့် မြန်မာ့ဒီမိုကရေစီခရီးလမ်းသည် အခက်အခဲ ဆူးငြောင့်ခလုတ်များကို ကြံ့ကြံ့ခံရင်း လျှောက်လှမ်းလာရာတွင် အတန်အသင့် တိုးတက်လာသည်ဟု ဆိုချင်ပါသည်။

ဒီမိုကရေစီစနစ်ဆိုသည်မှာ အများအကျိုးကို ရှေးရှုသောစနစ်ဖြစ်ပြီး ပြည်သူအားလုံး လိုလားနှစ်သက်လက်ခံသည့် စနစ်လည်း ဖြစ်သည်။ လူတစ်ဦးချင်း တစ်ယောက်ချင်းစီက မိမိတို့ကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိမည်ဖြစ်သည်။ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ကျား၊ မ တန်းတူညီမျှ အခွင့်အရေးရှိခြင်း စသော ဒီမိုကရေစီ၏ အခြေခံမူများကို ကိုယ်စီလိုက်နာကျင့်ကြံနေထိုင်ခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ပိုမိုရှင်သန်စေမည်ဖြစ်သည်။

တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်၍ရသည့်စနစ် မဟုတ်သဖြင့် ကိုယ်စီလိုက်နာရမည့်စည်းကမ်း၊ ကျင့်ဝတ်များကို လိုက်နာပြီး ပြည်သူတို့၏ အသိအမြင်ဗဟုသုတများ တိုးပွားလာစေခြင်းဖြင့် လူမှုရေးအမြင်၊ စီးပွားရေးအမြင်၊ နိုင်ငံရေးအမြင်များ တိုးတက်ဖွံ့ဖြိုးလာကာ ဒီမိုကရေစီ သွားရာလမ်းကြောင်းကို အထောက်အပံ့ ဖြစ်စေမည်ဖြစ်သည်။

နိုင်ငံအတွင်း သဘောထားကွဲလွဲပြီး မပြေလည်မှုများရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ ဖြစ်စဉ် ဖြစ်ရပ်တို့သည်လည်း ဒီမိုကရေစီစနစ်ကျင့်သုံးရာတွင် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် တရားဥပဒေစိုးမိုးရေးကို အဟန့်အတား အနှောင့်အယှက်ဖြစ်စေသလို ဒီမိုကရေစီသွားရာလမ်းကြောင်းကိုလည်း သွေဖည်စေမည်ဖြစ်သည်။

လူတစ်ဦးတစ်ယောက်ချင်း၏ ဆန္ဒကို ရှေ့တန်းမတင်ဘဲ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သံသယများကို ချေဖျက်၊ နားလည်မှု၊ ယုံကြည်မှုများရှိဖို့ လိုပေသည်။ နိုင်ငံတော်မှ ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီကူးပြောင်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး စသည့်လုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ သတင်းမီဒီယာများ၊ တိုင်းရင်းသားပြည်သူများအားလုံးတို့ အတူတကွ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အလွန်အရေးကြီးပါသည်။

ဥပဒေပြုလွှတ်တော်များ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများက ဒီမိုကရေစီစနစ် ဆက်လက်ရှင်သန် အားကောင်းစေရေး ကဏ္ဍအသီးသီးအလိုက် ဆောင်ရွက်နေကြသလို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး အစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ၂၀၁၀ ပြည့်နှစ်မှစ၍ အကောင်အထည်ဖော်လာခဲ့ရာ အခက်အခဲစိန်ခေါ်မှုများစွာ ရှိနေသော်လည်း မူလရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခိုင်မာအားကောင်းသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်ပေါ်စေရန် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံး လိုလားတောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို လျှောက်လှမ်းကြရာတွင် ကမ္ဘာ့ဒီမိုကရေစီ ကျင့်သုံးသည့်နိုင်ငံများ၏ အခက်အခဲ၊ အတွေ့အကြုံများ၊ မြန်မာ့နိုင်ငံရေး အတိတ်ကာလကဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်မှုအင်အားဖြင့် တည်ဆောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လူမှုကွန်ရက်စံနှုန်းများဖြင့်ကာကွယ်

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် သတင်းအချက်အလက်နှင့် နည်းပညာများ ကမ္ဘာတစ်လွှား၌ ဖွံ့ဖြိုးတိုးတက်လာရာ လူ့ဘောင်လောက၏ ဖြစ်ပေါ်တိုးတက်မှုများကို အချိန်မဆိုင်းဘဲ သိမြင်နိုင်ကြသည်မှာ ကောင်းသောလက္ခဏာဖြစ်သည်။ ယင်းသည် တိုးတက်ဖြစ်ထွန်းလာသော နည်းပညာ၏ အကျိုးရလဒ်ကောင်းများဖြစ်ပြီး တစ်ချိန်တည်းတွင် လူမှုကွန်ရက်မှတစ်ဆင့် လူအများက မိမိတို့၏ အကြောင်းအရာများအား ထုတ်ဖော်နိုင်ခြင်း၊ အခြားသူများ၏ အမြင်များဖြင့်လည်း ကြည့်ရှုမျှဝေနိုင်ခြင်း စသည့်ဆက်နွယ်မှုများ အလျင်အမြန် ဖြစ်ထွန်းလာပါသည်။

တစ်ကမ္ဘာလုံးရှိ ပြည်သူများအနက် အာဆီယံဒေသမှ ပြည်သူသန်းပေါင်း ၃၀၀ ကျော်တွင် ၆၀ ရာခိုင်နှုန်းသော ပြည်သူများမှာ နေ့စဉ်နေ့တိုင်း မိုဘိုင်းဖုန်းကိုအသုံးပြု၍ အင်တာနက်ဖြင့် အသိအမြင်များ ဖလှယ်နေကြပါသည်။ ၂၀၁၇ ခုနှစ် ယူနီဆက်မှထုတ်ပြန်သော အစီရင်ခံစာအရ အင်တာနက်အသုံးပြုသူ သုံးဦးတွင် တစ်ဦးမှာ ငယ်ရွယ်သူ ကလေးလူငယ်များ ဖြစ်နေပါသည်။ မိုဘိုင်းဖုန်းကို အသုံးပြုရာ၌ မည်သည့်နေရာတွင်ဖြစ်စေ မည်သူနှင့်မဆို ချိတ်ဆက်မျှဝေနိုင်သည့် စွမ်းအားများကို ဖေ့စ်ဘွတ်ကသာ စွမ်းဆောင်ပေးလျက်ရှိပါသည်။ ဖေ့စ်ဘွတ်ပေါ်တွင် ပြောကြဆိုကြသော စကားများ၊ မျှဝေကြသော ထင်မြင်ချက်များသည် ဖေ့စ်ဘွတ်သုံးစွဲသူများ၏ စုံလင်လှသော ထင်ဟပ်ချက်များဖြစ်ပါသည်။


လူ့ဘောင်လောကတွင် အကောင်းနှင့် အဆိုးတို့သည် အမြဲယှဉ်တွဲဒွန်တွဲလျက်ရှိပါသည်။ ဖေ့စ်ဘွတ်ပေါ်မှ တင်ပြချက်များသည် ချစ်ခင်ရင်းနှီးမှု၊ အသိပညာဗဟုသုတတိုးမှု၊ ခံစားနားလည်မှုစသည့် ကောင်းသောအချက်အလက်များကို မျှဝေပေးမှုများရှိသလို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ လူ့အသိုက်အဝန်းတစ်ခုနှင့်တစ်ခု အထင်အမြင်လွဲမှားမှုများ၊ အမုန်းတရားများ၊ ရန်လိုမှုများ၊ ခြိမ်းခြောက်မှုများ စသည့် မကောင်းသည့်အချက်အလက်များ ဖြန့်ဝေနေမှုများလည်းရှိနေပါသည်။ အဓိကမှာ လူငယ်လူရွယ်များအနေဖြင့် ဖေ့စ်ဘွတ်သုံးစွဲရာတွင် မည်သည့်အချက်များသည် ကောင်းသည့်ဘက်သို့ သယ်ဆောင်နိုင်သည်။ မည်သည့်အချက်များသည် မကောင်းသည့်ဘက်သို့ သယ်ဆောင်နိုင်သည် ဟူသည့် မြော်တွေးမှု၊ စဉ်းစားချင့်ချိန် ဉာဏ်ဖြင့် ဆင်ခြင်အသုံးပြုတတ်ရန် လိုအပ်ပါသည်။

တိုးတက်လာသော နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် အချက်အလက်လုံခြုံရေး၊ ကိုယ်ပိုင်အခွင့်အရေးများကို ကာကွယ်ရေးအတွက် လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများနှင့် အသိပညာများကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ လူမှုကွန်ရက်ပေါ်မှ အနိုင်ကျင့် ခြိမ်းခြောက်မှုများ၊ မှုခင်းဖြစ်စဉ်များ၊ ကိုယ်ရေးအချက်အလက်နှင့် ဓာတ်ပုံများကိုရယူ၍ ချောက်တွန်းမှု၊ စော်ကားအနိုင်ကျင့်မှု မပြုလုပ်မိရန်အတွက် လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများကို သိရှိနားလည်ထားရန်နှင့် အနိုင်ကျင့် ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်မည့် နည်းလမ်းများကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

ကမ္ဘာပေါ်ရှိ ပြည်သူများ နေ့စဉ် တွင်ကျယ်စွာအသုံးပြုနေကြသည်မှာ ဖေ့စ်ဘွတ်ပင် ဖြစ်ပါသည်။ ဖေ့စ်ဘွတ်ကို တီထွင်ထားရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် ကောင်းကျိုးများကို မျှဝေဆောင်ကြဉ်းနိုင်ရန်အတွက် ဖြစ်သည်။ ဖေ့စ်ဘွတ်ကို အသုံးပြု၍ မကောင်းကျိုးများ၊ ထိခိုက်နစ်နာမှုများ ရှိလာလျှင် ဓားစာခံအဖြစ် မခံရဘဲ လွတ်မြောက်နိုင်ရန် နည်းလမ်းများရှိပြီးဖြစ်ပါသည်။ ဖေ့စ်ဘွတ်မှာ မူလတည်ဆောက်ကတည်းက လုံခြုံရေးသည် အဓိက ဦးစားပေးတာဝန်ဖြစ်သည်ကို သိရှိထားသင့်ပါသည်။ ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများ သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုအား ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာများကို ဖေ့စ်ဘွတ်မှ ဖယ်ရှားပေးနိုင်ပါသည်။ လိုအပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်နိုင်သည်ကို ဖေ့စ်ဘွတ်သုံးစွဲသူများအနေဖြင့် သိရှိနားလည်ထားပါက မိမိနှင့် မိမိ၏ လူမှုပတ်ဝန်းကျင် လုံခြုံစိတ်ချရေးကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် အင်တာနက်ကို အသုံးပြုသည့် လူမှုကွန်ရက်ဖြင့် ကောင်းသောအသိအမြင်များကို မျှဝေရာ၌ ထိခိုက်နစ်နာမှုမရှိစေရေး၊ လုံခြုံစိတ်ချစွာ သုံးစွဲနိုင်ရေးအတွက် ဖေ့စ်ဘွတ်မှ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများကို လေ့လာမှတ်သားထားခြင်းအားဖြင့် မည်သည့်အချက်များကို လက်ခံနိုင်ပြီး မည်သည့်အချက်များကို ပယ်ဖျက်သင့်ကြောင်း၊ ကာကွယ်သင့်ကြောင်း သိရှိနားလည်လာမည် ဖြစ်ပါသည်။ ။

## Facebook ၏ လူမှုကွန်ရက်ဆိုင်ရာစံနှုန်းများ



### (၁)အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသောအကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (၂) မိမိကိုယ်မိမိထိခိုက်စေမှုကိုရှောင်ပါ။

ကျွန်ုပ်တို့ Facebook မှ မိမိကိုယ်ကို ထိခိုက်နာကျင်အောင် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို သေသေချာချာကိုင်တွယ်ပါသည်။ မိမိကိုယ်ကို နာကျင်စေမှု၊ အစားအသောက်မမှန်သောရောဂါ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှု စသည်တို့ကို အားပေးအားမြှောက်ပြုသော အကြောင်းအရာများ သို့မဟုတ် ကြော်ငြာများကို ဖယ်ရှားသွားမည် ဖြစ်ပါသည်။



ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၇၃၊ ဖက်စ် ၀၁-၂၀၁၄၇၅

# သြစတြေးလျပညာရေးပြပွဲ ကျောင်းသားလူငယ်များ လာရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၄**

သြစတြေးလျနိုင်ငံရှိ တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားနိုင်ရန်နှင့် ပညာသင်ဆုရရှိနိုင်မည့် အခွင့်အလမ်းများကို လေ့လာသိရှိနိုင်ရန်အတွက် မြန်မာနိုင်ငံမှ ကျောင်းသားလူငယ်များအတွက် ရည်ရွယ်ကျင်းပသည့် သြစတြေးလျပညာရေးပြပွဲကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ ကျင်းပသည်။

ပြပွဲတွင် ကျောင်းဝင်ခွင့်လိုအပ်ချက်များ၊ ပညာသင်ကြားရာတွင် အောင်မြင်မှုများရရှိရန် ပြင်ဆင်ထားရမည့်အကြောင်းများ၊ အခြေခံ ပညာသင်ဆုများအကြောင်းနှင့် သြစတြေးလျနိုင်ငံတွင် ပညာသင်ကြားခဲ့သည့် အတွေ့အကြုံများအကြောင်းတို့ကို တာဝန်ရှိသူများက ဟောပြောကြသည်။ ထို့ပြင် သြစတြေးလျနိုင်ငံမှ တက္ကသိုလ်ကောလိပ်နှင့် အထက်တန်းကျောင်း ၂၃ ကျောင်းမှ တာဝန်ရှိသူများက မိမိတို့၏ ကျောင်းများအကြောင်းကို ပြခန်းများအလိုက် ဆွေးနွေးပြောကြားကြသည်။ အဆိုပါပြပွဲသို့ လူငယ်များ၊ ကျောင်းသားကျောင်းသူများနှင့် မိဘများအပါအဝင် လူဦးရေ ၅၀၀ ခန့်လာရောက်လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၁၅ ရက်တွင် မန္တလေးမြို့ Hilton Hotel တွင် သြစတြေးလျပညာရေးပြပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

**❑ အင်းလေးကန်မှ**

အဆိုပါသစ်ပင်များစိုက်ပျိုးရာတွင် ညောင်ရွှေမြို့အရှေ့ဘက် လွယ်ခေါ့(အင်း)ရွာအနီး အင်းလေးအရှေ့သစ်တောကြိုးဝိုင်းအတွင်းရှိ အမြင့် ၅၉၇၇ ပေ၊ ဧရိယာ ၁၁၄ ဧက ရှိသော တောင်ကတုံး၊ ညောင်ရွှေမြို့အနောက်ဘက် အင်းနီကျေးရွာအနီး အင်းလေးအရှေ့သစ်တောကြိုးဝိုင်းအတွင်းရှိ အမြင့် ၆၆၀၂ ပေ၊ ဧရိယာ ၉၂၆ ဧက ရှိသော တောင်ကတုံးနှင့် ညောင်ရွှေမြို့အနောက်ဘက် ထီးလှိုင်ကျေးရွာအနီး အင်းလေးအနောက်ကြိုးပြင်ကာကွယ်တောအတွင်းရှိ အမြင့် ၄၉၉၉ ပေ၊ ဧရိယာ ဧက ၁၄၈၀ ရှိသော တောင်ကတုံးနေရာများတွင် မဲဇလီ၊ မည်စည်၊ ကုက္ကို၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ဘောစကိုင်း၊ ရင်းတိုက်၊ ဘုမ္မရာဇာ၊ စစ်၊ ရင်းမာ၊ စွယ်တော်၊ မန်ကျည်း၊ မန်ကျန်ရှား၊ ချယ်ရီ၊ သစ်အယ်၊ အော်ရီရှား၊ နံ့သာဖြူ၊ ညောင်၊ ခါတော်မီ အစရှိသည့် မျိုးပေါင်း ၂၀ ပါရှိသော သစ်စေ့မြေလုံးပေါင်း ၁၄၆၂၉၇ လုံးအား ကြဲချစိုက်ပျိုးသွားမည်ဖြစ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ထူးကုမ္ပဏီအုပ်စုများက ရဟတ်ယာဉ်ကူညီပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ(ညောင်ရွှေ)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလှမ်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများနှင့် သံတမန်နာယက ဘရူနိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**

»»» **ရှေ့ဖုံးမှ**

လေးကျွန်းသူဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ ဝေမျှမေတ္တာ လူမှုကူညီရေးအဖွဲ့၊ နိုင်ငံတကာယဉ်ကျေးမှုနှင့် ချိုင့်သူများအကူအညီပေးရေးအဖွဲ့(ICCG)၊ မြန်မာနိုင်ငံ ယုဝတီခရစ်ယာန်အသင်း(YWCA)၊ လူမှုကူညီရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**မိန့်ခွန်းပြောကြား**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် သံတမန်နာယကဖြစ်သူ ဘရူနိုင်းနိုင်ငံ သံအမတ်ကြီး Mr. Pehin Dato Abdu'r Rahmani Dato Basir က အာဆီယံနိုင်ငံများကိုယ်စား မိန့်ခွန်းပြောကြားသည်။

အာဆီယံ၏ မတူကွဲပြားသောယဉ်ကျေးမှု၊ အစားအစာနှင့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ ဖော်ထုတ်ပြသရန်၊ ပြည်သူများအကြား အာဆီယံဆိုင်ရာ အသိအမြင်ဗဟုသုတများ တိုးမြှင့်ရန်နှင့် အာဆီယံ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ပိုမိုတိုးတက်ခိုင်မြဲစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းက အဆိုပါ ဈေးရောင်းပွဲတော်ကို ကြီးမှူးကျင်းပခြင်းဖြစ်သည်။ ဈေးရောင်းပွဲတော်၌ အာဆီယံနိုင်ငံများ၏ မတူကွဲပြားသော ထွက်ကုန်ပစ္စည်းများနှင့် ရိုးရာအစားအစာများ၊ လက်မှုအနုပညာပစ္စည်းများနှင့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

**ဖွင့်လှစ်သွားမည်**

အဆိုပါဈေးရောင်းပွဲတော်မှ ရရှိသည့်ငွေများကို တစ်ကိုယ်ရေမိခင်နှင့် ကလေးများအတွက် ဖွင့်လှစ်ထားသည့်ဂေဟာများနှင့် အိမ်ရာမဲ့ လေလွင့်ကလေးငယ်များ၏ ပညာရေးကို အထောက်အပံ့ပေးသည့် အဖွဲ့အစည်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ဈေးရောင်းပွဲတော်ကို အများပြည်သူ ကြည့်ရှုလေ့လာဝယ်ယူနိုင်ရန် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်ရှိ Yangon Convention Center ၌ စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးတွင်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ် ရှင်းလင်းဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံရာတွင် ဝန်ကြီးဌာနက ရောဝတီတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရန်ကိစ္စများ၊ ဝန်ကြီးဌာနနှင့် နားလည်မှုသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုး၍ တိုင်းဒေသကြီးအတွင်း လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို ပြည်သူများ အကျိုးရှိစွာခံစားရရှိစေရေး လိုအပ်သောညှိနှိုင်းကြီးကြပ်မှုများ၊ ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးသည်။

ထို့အပြင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး မသန်စွမ်းအခွင့်အရေးများဆိုင်ရာကော်မတီတို့ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ လူငယ်ရေးရာကော်မတီ၏ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဘဏ္ဍာငွေခွဲဝေရရှိနိုင်ရေး၊ သဘာဝဘေးကြောင့် ပျက်စီးသွားသော ရွာချင်းဆက် ကုန်ထုတ်လမ်း၊ တံတားများ အလျင်အမြန် ပြန်လည်ပြုပြင်တည်ဆောက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ရေကြည်မြို့နယ် ချောင်းဝကျေးရွာချင်းဆက်တံတား၊ ရေကြည်မြို့နယ်နှင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်တံတား၊ လေးမျက်နှာမြို့နယ် ကျည်တော်စု-သောင်တန်းကျေးရွာချင်းဆက်တံတားတို့အတွက် တံတားတစ်စင်းလျှင် ငွေကျပ် သိန်း ၅၀ ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ ကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံခဲ့ကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအမျိုးသမီးကော်မတီဝင်များ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ဂေဟာများ၊ သင်တန်းကျောင်းများမှ တာဝန်ရှိသူများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ရောဝတီတိုင်းဒေသကြီးအတွင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံပေးခြင်း အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သဖြင့် ဝမ်းမြောက် ကြိုဆိုပါကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဌာနဆိုင်ရာများအနေဖြင့် စီမံကိန်းအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရောဝတီတိုင်းဒေသကြီးအတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက် (၂)နှစ်အောက်ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)နှင့် ပညာပေးအစီအစဉ်များကို ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသခံများက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ MCCT အစီအစဉ် အကောင်အထည်ဖော်မည့်ကိစ္စများနှင့်ပတ်သက်၍ သိလိုသည်များကိုမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





### ယူနီကုဒ်သုံးရင် ဘာတွေအကျိုးရှိလာမလဲ

- မြန်မာဘာသာ အပါအဝင် တိုင်းရင်းသား ဘာသာများအား စနစ်တကျ မှန်ကန်စွာ ရေးသားနိုင်ခြင်း၊
- အသုံးပြုရာတွင် အက္ခရာစာလုံးများကို ရှာဖွေမှု (Searching)၊ ရှေ့နောက်ကြီးငယ် ရွေးချယ်မှု (Sorting)၊ တွက်ချက်မှု (Manipulation)၊ သိမ်းဆည်းမှု (Storage)နဲ့ ဘာသာပြန်ဆိုမှု (Translation)အစရှိသည့် လုပ်ငန်းစဉ်များအား လွယ်ကူမှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- အသံစနစ်မှ အက္ခရာစာလုံးစနစ် ( Voice to Text ) သို့ အလိုအလျောက် ပြောင်းလဲပေးခြင်း၊ Google Map , Microsoft , Facebook , Messenger စသည့် နိုင်ငံတကာ Applications များကို မြန်မာဘာသာဖြင့် အသုံးပြုနိုင်ခြင်း၊

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန


## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် ကံ့ကော်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသာသနက အလှူတော်ငွေကျပ် သိန်း ၅၀၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ဇေယျဝတီပရိယတ္တိစာသင်တိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကောသလ္လက အလှူတော်ငွေကျပ် သိန်း ၂၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရေပူရွာ ဓမ္မပါလကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာနန္ဒက အလှူတော်ငွေကျပ် ၁၀ သိန်းနှင့် ရန်ကုန်မြို့လှိုင်မြို့နယ် (၁)ရပ်ကွက် ရွာမကျောင်းလမ်းနေ ဦးစန်းရွှေ+ဒေါ်မာလာမြင့်၊ သမီး မဇူးဇူးပိုင် (Myint Universal Co.,Ltd)က အလှူတော်ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင် ဝမ်းမြောက်စကား ပြန်လည်လျှောက်ထားသည်။

**သတင်းစဉ်**



ကံ့ကော်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသာသနက အလှူတော်ငွေကျပ် သိန်း ၅၀ ကိုပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို လက်ခံရယူစဉ်။

## အလုပ်အကိုင် အခွင့်အလမ်း ၃၁၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြု

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၅/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။



အစည်းအဝေးတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှ လုပ်ငန်းစုစုပေါင်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇၄၅ သန်းနှင့် ငွေကျပ် ၁၆၃၃၀၂ ဒသမ ၇၅၃ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၁၅၉ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

**ခွင့်ပြုမိန့်များ ထုတ်ပေး**

၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၀၆ ခု ရင်းနှီးမြှုပ်နှံလျက်ရှိရာ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၁၅၉၇ ဒသမ ၇၄၃ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။

နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

**သတင်းစဉ်**

## ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်မှုအခြေပြု အခြေခံဂဟေဆက်နည်းပညာမြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး Third Party(QC) အဖွဲ့၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) တို့ ပူးပေါင်းဖွင့်လှစ်သော ဆောက်လုပ်ရေးလုပ်ငန်းကျွမ်းကျင်မှုအခြေပြု အခြေခံဂဟေဆက်နည်းပညာမြှင့်တင်ရေးသင်တန်းဖွင့်ပွဲကို မန္တလေးမြို့၊ ၆၂ လမ်း၊ ၃၃×၃၄ လမ်းကြား၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်းတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမွန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကြီးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မန္တလေးတိုင်းဒေသကြီး Third Party (QC) အဖွဲ့ခေါင်းဆောင် ဦးမောင်ပွက ကျေးဇူးတင်စကားပြောကြားပြီး အမှတ်တရ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀ ဖြင့် စက်တင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) မှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)မှ တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ကောဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၄**
ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းကော်မတီ ကောဒသမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ကမ္ဘောဇရိပ်သာ၌ ကျင်းပသည်။

**အရွေ့တစ်ခုအထိ ရောက်ရှိလာ**

အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၁၉ ခုနှစ် နှစ်ဆန်းမှစ၍ ယခုဩဂုတ်လအထိ ရုပ်ရှင်ရိုက်ကူးမှုအတွက် လုပ်ငန်းစဉ်များ၏အရွေ့သည် အတော်လေး သွက်လက်လာပြီ၊ အသက်ဝင်လာပြီ၊ လုပ်ငန်းရုပ်လုံးများ ပေါ်လွင်လာပြီဟု ဦးစွာပထမ ပြောကြားလိုကြောင်း၊ ဤအရွေ့တစ်ခုအထိ ရောက်ရှိလာခြင်းသည် ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များ၏ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မှုကြောင့်ပင်ဖြစ်ကြောင်း၊ အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခြင်း၊ အပြန်အလှန် ပြောဆိုဆွေးနွေးကြခြင်း၊ ပြောဆိုဆွေးနွေးမှုများကို အနီးစပ်ဆုံးအခြေအနေတစ်ခု ရောက်အောင် လက်တွေ့သဘော သက်ဝင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ယင်းကြိုးပမ်းဆောင်ရွက်မှုများ၏ ရလဒ်သည် ယနေ့ရောက်ရှိ ရရှိနေသည့် အခြေအနေပင်ဖြစ်ကြောင်း။

ဤရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်ပြီး စေတနာကိုအရင်းခံ၍ လည်းကောင်း၊ ဝေဒနာကို အရင်းခံ၍လည်းကောင်း ထင်မြင်ချက်၊ ယူဆချက်၊ သုံးသပ်ချက်မျိုးစုံကို မိမိတို့ နှစ်ပေါင်းများစွာ ကြုံတွေ့ဖြတ်သန်းခဲ့ကြရကြောင်း၊ အထင်ကြီးခြင်း၊ အထင်သေးခြင်းဟူသော လောကသဘာဝအမြင်မျိုးစုံနှင့်လည်း ရင်ဆိုင်ခဲ့ကြရကြောင်း၊ သို့ရာတွင် ခွန်အားတစ်ရပ်ကို ဖြစ်စေကြောင်း၊ မိမိတို့သည် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ထိုက်တန်သည့် ဂုဏ်ပုဒ်ဖြစ်ရမည်၊ တိုင်းပြည်အတွက် စံပြအတုယူစရာသမိုင်းဖြစ်ရပ်မှန် ဇာတ်ကားဖြစ်ရမည်ဆိုသည့် ပန်းတိုင်တစ်ခုတည်းကို ယုံကြည်ချက်နှင့် မမိုတ်မသုန် ကြံ့ကြံ့ခံဖြတ်သန်းခဲ့ကြသည့်အတွက် ယနေ့ ယင်းအခြေအနေမျိုးကို ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း။

**အမြဲတမ်းတူညီလျက်ရှိ**

မိမိတို့နိုင်ငံတွင် အစိုးရတစ်ရပ် ဝန်ကြီးဌာနတစ်ခုက တာဝန်ယူပြီး ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုလုပ်ငန်းသည် ရှေးယခင်ကတည်းက ရှိခဲ့ဖူးကြောင်း၊ ရည်ရွယ်ချက်၊ ဦးတည်ချက်များ ကွဲပြားခဲ့ကြသော်လည်း ဌာနဆိုင်ရာ၏ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်များအတွင်းက ဆောင်ရွက်ရသည့် သဘောသဘာဝနှင့် အနုပညာရှင်များ၏ တက်ကြွလွတ်လပ်စွာ ဉာဏ်ကွန့်မြူးဖန်တီးနိုင်ခွင့်များကို အချိုးညီညီ ပေါင်းစပ်ဆောင်ရွက်ရသည့် မတူညီသည့် သဘောသဘာဝများမှာမူ ခေတ်တိုင်းတွင် အမြဲတမ်းတူညီလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ၏ လုပ်ငန်းသဘာဝဆိုသည်မှာ လုပ်ငန်းတစ်ခုကို သတ်မှတ်အချိန်ကာလတစ်ခုအတွင်းတွင် တွက်ချက်လျာထားပြီးသား ဘဏ္ဍာငွေကြေးနှင့် ပြီးစီးအောင်၊ အလေအလွင့်မရှိအောင် ဆောင်ရွက်ရသည့် အနေအထားမျိုးဖြစ်ကြောင်း၊ အနုပညာ၏ သဘောသဘာဝက အချိန်ယူကြံဆလေ၊ အတွေးအကြံဉာဏ်ကွန့်မြူးမှု ကျယ်ပြန့်လေ၊ စိတ်အေးလက်အေး ဖိအားနည်းနည်းနှင့် ဆောင်ရွက်ရလေ၊ အနုပညာမြောက်လေဖြစ်ကြောင်း၊ ထို့ကြောင့် မတူညီသည့် သဘောသဘာဝများ အပြန်အလှန် ယုံကြည်နားလည်မှုနှင့် ဆောင်ရွက်ရခြင်းများသည် နှစ်ဖက်စလုံးအတွက် အလွန်သတိထား ဆောင်ရွက်ခဲ့ကြရသည့် အနေအထားမျိုးဖြစ်ကြောင်း။

**အထောက်အကူဖြစ်ခဲ့**

ယခုအခါ ယင်းအခြေအနေများအားလုံးကို မိမိတို့ နားလည်မှုရှိရှိနှင့် ကျော်လွှားနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ထို့ပြင် ယခုအခါတွင် ယင်းရုပ်ရှင်ဇာတ်ကားရိုက်ကူးရေး၏ အင်အားတစ်ရပ်ဟု ယုံကြည်သတ်မှတ်ထားသည့် ကာကွယ်ရေးဝန်ကြီးဌာနက အဆင့်ဆင့်သော တာဝန်ရှိသူများ၏ ပံ့ပိုးကူညီမှုကလည်း မိမိတို့အတွက် များစွာအထောက်အကူဖြစ်ခဲ့ကြောင်း၊ ဝတ်စုံဒီဇိုင်းပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကလည်း နှစ်ထောင်းအားရ ကျေနပ်စရာဖြစ်ခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဆက်သွယ်ဆောင်ရွက်ပေးမှုများကလည်း ရိုက်ကူးရေးအတွက် များစွာ အထောက်အကူဖြစ်စေခဲ့ကြောင်း၊ ယင်းကဲ့သို့ ကိုယ်နှင့်သက်ဆိုင်သည့် ထောင့်အသီးသီးမှ တွေးတောကြံဆ ပေါင်းစပ်ဖြည့်ဆည်းပေးနေကြသည့် ပညာရှင်များ၏ စေတနာစွမ်းဆောင်မှုများကလည်း နှစ်ထောင်းအားရစရာဖြစ်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံချိန်တွင် အကြံပြုချက်အရ ဂျပန်နိုင်ငံတွင်ရှိသည့် ဗိုလ်မှူးကြီး ဆူဇူကီး၏ အိမ်နှင့် ကျေးလက်ဒေသ ရှုခင်းများကို ထည့်သွင်းရိုက်ကူးနိုင်ရန်အတွက် ဒါရိုက်တာ ဦးလူမင်းနှင့် ဦးစိုးကျော်ဆန်းတို့ ၂၀-၈-၂၀၁၉ ရက်မှ ၂၄-၈-၂၀၁၉ ရက်အထိ သွားရောက်လေ့လာခဲ့ကြပြီးဖြစ်ကြောင်း၊ အတွေ့အကြုံများစွာကိုလည်းရရှိခဲ့မည်ဟု ယုံကြည်ကြောင်း။

**ပိုမိုသက်ဝင်လာ**

အစည်းအဝေးများကို အကြိမ်ကြိမ် ဖိတ်ခေါ်ကျင်းပခဲ့သော်လည်း ယခု နောက်ပိုင်းကျင်းပမည့် အစည်းအဝေးများ၏ အနှစ်သာရသည် အလုပ်သဘော ပိုမိုသက်ဝင်လာပြီဖြစ်ကြောင်း၊ အလုပ်သဘောသက်ဝင်သည့် ဆွေးနွေးချက်များကိုလည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်း။

**အဓိကရည်ရွယ်ချက်**

နိဂုံးချုပ်အားဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ ရုပ်ရှင်ဇာတ်ကားကို သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် အတုယူစရာ၊ အားကျစရာ၊ ဆင်ခြင်တွေးတောစရာများနှင့် တန်ဆာဆင်ပြီး အနုပညာ သဘောအရ ရသလည်းမြောက်အောင် အားထုတ်ကြိုးပမ်း ရိုက်ကူးလိုခြင်း၏ အဓိကရည်ရွယ်ချက်သည် သမိုင်းတစ်ခုကို မှတ်တမ်းပြုရုံ သက်သက်မျှမဟုတ်ဘဲ နောင်လာလတ္တံ့သော တိုင်းပြည်၏ အနာဂတ်ပေါင်းများစွာတွင် ဗိုလ်ချုပ်အောင်ဆန်းပေါင်းများစွာ ပေါ်ထွန်းရေးအတွက် ရည်မှန်းပါကြောင်း တိုက်တွန်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ဦးလူမင်းက ရိုက်ကူးထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ Red Radiance Digital Cinema Solutions မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမင်းက ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ ဝန်ဆောင်မှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

"အောင်ဆန်း"ရုပ်ရှင် စတင်ရိုက်ကူးမည့် အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုဗဟိုပြုစီမံကိန်း အမျိုးသမီးများခေါင်းဆောင်မှု ခရီးလမ်းဆိုင်ရာသင်တန်းဆင်း

**ထီးလင်း စက်တင်ဘာ ၁၄**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသော အမျိုးသမီးကော်မတီဝင်များအား အမျိုးသမီးများခေါင်းဆောင်မှုခရီးလမ်းဆိုင်ရာ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၃ ရက် ညနေ ၅ နာရီက ထီးလင်းမြို့နယ် ထလင်းကျေးရွာ ခရေဖြူခန်းမဆောင်တွင် ပြုလုပ်ရာ Cardno အဖွဲ့ စီမံကိန်းအကြံပေး ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားသည်။

**သင်ကြားပို့ချ**

သင်တန်းတွင် ကျေးရွာခြောက်ရွာမှ လူထုဗဟိုပြုစီမံကိန်းကော်မတီဝင်အမျိုးသမီး ၂၄ ဦး၊ လူထုစည်းရုံးရေးမှူး ခြောက်ဦး၊ လက်ထောက်နည်းပညာမှူး ခြောက်ဦးတို့ တက်ရောက်ကြကြောင်းနှင့် အမျိုးသမီးများ၏ ဦးဆောင်မှုဆိုင်ရာအဆင့်၊ ခေါင်းဆောင်တွင်ရှိရမည့် အရည်အချင်းများ၊ အမျိုးသမီးဦးဆောင်မှု၏ အခန်းကဏ္ဍများ၊ အမျိုးသမီးခေါင်းဆောင်များ ပေါ်ပေါက်လာစေရန် ကူညီပံ့ပိုးပေးသော အုပ်စုများ၊ လူတွေ့မေးမြန်းခြင်းဆိုင်ရာ လုပ်ဆောင်မှု အဆင့်ဆင့်နှင့် မေးမြန်းပုံမေးမြန်းနည်းများကို သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။ **စိန်ကျော်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**စာပေမြင့်မှ လူမျိုးတင့်မည်**



# တောသူတို့ရဲ့နှစ်ကျပ်ခွဲရွာ

မြင့်စိုး(နတလ)



### နှစ်ကျပ်ခွဲရွာဆိုသည်မှာ

သူ၏နာမည်ရင်းက ဇင်မာ ဖြစ်သည်။ ကျွန်တော် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်နေစဉ် အငယ်တန်းစာရေးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသော ၅၇ ယောက်ထဲမှ တစ်ဦးဖြစ်၏။ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဖဖရ (တောင်ကြီး)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ သူ၏ ဖေ့စ်ဘွတ်အကောင့်ကို တောသူအမည်နှင့် ဖွင့်ထားသောကြောင့် နာမည်ရင်းကိုမခေါ်ဖြစ်တော့ဘဲ တောသူလို့သာ နှုတ်ကျိုးနေတော့သည်။ နှစ်ကျပ်ခွဲရွာဆိုတာကတော့ တောသူတို့၏ ရွာအမည်အမှန်ပင်ဖြစ်၏။ ပေ့ါသေးသေးရွာတော့မဟုတ်၊ အိမ်ခြေ ၁၀၀၀ ကျော်ရှိသောရွာကြီး၊ ရှေးပဝေသဏီက ဤမျှမကရှိချင်လည်းရှိနေဦးမည်။ သမိုင်းနှင့် ရာဇဝင်နှင့် အမည်တွင်လာခဲ့သောရွာပေမို့ ကျွန်တော် ဤသို့သညာပြုလိုက်ခြင်းဖြစ်ပါသည်။ တည်နေရာကမူ ကျောက်ပန်းတောင်းမြို့နှင့် သိပ်ပြီးမဝေးလှ၊ လေးမိုင်ခန့်သာ အလှမ်းကွာပါသည်။ ရွာအမည်တွင်လာပုံကိုတော့ ပုဂံခေတ်က အစပြုရပါလိမ့်မည်။

ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ထောင်သောင်းမကသော စစ်သည် ဗိုလ်ပါရဲမက်များနှင့် တိုင်းခန်းလှည့်လည်လာစဉ် ဤဒေသသို့ရောက်ရှိလာခဲ့ပြီး သတ္တဝါအပေါင်းတို့ သောက်သုံးနိုင်စိမ့်သောငှာ ရေကန်ကြီးတစ်ကန်ကို တူးဖော်စေခဲ့သည်။ ထိုသို့တူးဖော်ရာ၌ စစ်သည် ဗိုလ်ပါအင်အားများပြားလှသောကြောင့် တစ်ဦးလျှင်ရွှံ့နှင့် သဲမြေ နှစ်ကျပ်ခွဲသားစီလောက်သာ တူးဖော်ရုံမျှဖြင့် ကန်ဆည်ခြင်းအမှုကိစ္စ ပြီးမြောက်ခဲ့ရသည်ဆို၏။ ထိုရေကန်ကြီးကို နှစ်ကျပ်ခွဲကန်ဟု အမည်ပေးခဲ့သည်။ နှစ်ကျပ်ခွဲကန်ကိုအစွဲပြု၍ နှစ်ကျပ်ခွဲရွာ အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ရွာ၏တောင်ဘက်တွင် ပိဿာကန်ဟုခေါ်သည့် ရေကန်တစ်ကန်လည်းရှိသေးသည်။ စစ်သည်ရဲမက်တစ်ဦးလျှင် တစ်ပိဿာစီမျှသာ ရွှံ့၊ သဲများကို တူးဖော်ဆယ်ယူရင်း ကန်ဖြစ်လာသောကြောင့် ပိဿာကန်ဟု ခေါ်ခြင်းဖြစ်ပါသည်။ သီပေါမင်းလက်ထက်တွင် နှစ်ကျပ်ခွဲရွာ(ခေါ်) တောင်ကုန်းရွာအပြင်၊ အလယ်ကုန်းရွာ၊ မြောက်ကုန်းရွာတို့လည်း ပေါ်ပေါက်လာခဲ့သည်။ သီပေါမင်းပါတော်မူပြီးနောက် နယ်ချဲ့အင်္ဂလိပ်တို့ကိုတော်လှန်ရာ၌ နှစ်ကျပ်ခွဲရွာမှ ဗိုလ်ရွှေမှတ်နှင့် ဗိုလ်ငှက်ကြီး၊ ကျွန်းခင်းကြီးကျေးရွာမှ ဗိုလ်လှကျော်၊ မြစ်အနောက်ဘက်မှ လာရောက်ပူးပေါင်းခဲ့သော ဗိုလ်ခံသီးတို့ ပါဝင်ထင်ရှားခဲ့သည်။ နယ်ချဲ့တို့က တော်လှန်ရေးခေါင်းဆောင်များအား နှိမ်နင်းရာတွင် မြောက်ကုန်းရွာ၊ အလယ်ကုန်းရွာ၊ နှစ်ကျပ်ခွဲရွာတို့ကို တင့်ကန်အုပ်စုဘက်သို့ ရွှေ့ပြောင်းနေထိုင်စေခဲ့၏။ နောင်မှ မိမိတို့ မူလရွာများသို့ ပြန်လည်နေထိုင်ခွင့်ပြုခဲ့ရာ မပြန်ကြတော့ဘဲ နှစ်ကျပ်ခွဲရေကန်၏တောင်ဘက်တွင် တစုတရုံးတည်း စုပေါင်းနေထိုင်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ နှစ်ကျပ်ခွဲရွာကို ၁၂၅၅ ခုနှစ်တွင် အိမ်ခြေ ၇၅ လုံးဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိခွင့်ရခဲ့ပါသည်။ နှစ်ကျပ်ခွဲရွာသည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျောက်ပန်းတောင်းမြို့၏ မြောက်ဘက်လေးမိုင်အကွာ ပုပ္ပားတောင်၏ အနောက်စူးစူးငါးမိုင်ခန့်အကွာတွင် အေးချမ်းသာယာစွာတည်ရှိနေသော ရွာကြီးတစ်ရွာဖြစ်လို့နေပါပြီ။

❝ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ထောင်သောင်းမကသော စစ်သည် ဗိုလ်ပါရဲမက်များနှင့် တိုင်းခန်းလှည့်လည်လာစဉ် ဤဒေသသို့ရောက်ရှိလာခဲ့ပြီး သတ္တဝါအပေါင်းတို့ သောက်သုံးနိုင်စိမ့်သောငှာ ရေကန်ကြီးတစ်ကန်ကို တူးဖော်စေခဲ့သည်။ ထိုသို့ တူးဖော်ရာ၌ စစ်သည်ဗိုလ်ပါအင်အား များပြားလှသောကြောင့် တစ်ဦးလျှင် ရွှံ့နှင့် သဲမြေ နှစ်ကျပ်ခွဲသားစီလောက်သာ တူးဖော်ရုံမျှဖြင့် ကန်ဆည်ခြင်းအမှုကိစ္စ ပြီးမြောက်ခဲ့ရသည်ဆို၏။ ထိုရေကန်ကြီးကို နှစ်ကျပ်ခွဲကန်ဟု အမည်ပေးခဲ့သည်။ နှစ်ကျပ်ခွဲကန်ကိုအစွဲပြု၍ နှစ်ကျပ်ခွဲရွာ အမည်တွင်ခဲ့ခြင်းဖြစ်❞

### နှစ်ကျပ်ခွဲရွာက သိမ်တော်ဘုရား

မှတ်မှတ်ရရပြန်တွက်ကြည့်လိုက်သောအခါ သိမ်တော်ဘုရားကို ကျွန်တော်စတင်ဖူးမြော်ခွင့်ရခဲ့သောအချိန်ကာလမှာ လွန်ခဲ့သော ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့ဖြစ်သည်။ ဇူလိုင်လ ၂၅ ရက်နေ့ သက်ပြည့်ပင်စင်ယူလိုက်ပြီဖြစ်သောကြောင့် ပုဂံဘုရားများအား သွားရောက်ဖူးမြော်ပြီး နောက်တစ်နေ့မှာ ကျောက်ပန်းတောင်း၊ ပုပ္ပားဘက်သို့ ကူးခဲ့ခြင်းဖြစ်၏။ ၂၀၁၉ ခုနှစ် ဧပြီလထဲမှာ တစ်ကြိမ်ရောက်ရှိခဲ့သေးသည်။ ယခု ဇူလိုင်လ ၂၁ ရက်နေ့မှာ တစ်ကြိမ် ထပ်မံရောက်ရှိဖူးမြော်ခဲ့၏။ သို့ဖြစ်ပေရာ တစ်နှစ်သောအချိန်ကာလအတွင်းမှာပင် သိမ်တော်ဘုရားကို ကျွန်တော် သုံးကြိမ်မြောက် ဖူးမြော်ခွင့်ကြုံခဲ့ပါပြီ။

သိမ်တော်ဘုရားသည် ရွာ၏အနောက်တောင်ဘက်တွင်တည်ရှိနေကာ အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သည်။ ရှင်အရဟံအမှူးပြုသော သံဃာတော်အပါး ၅၀၀ တို့ဖြင့် သိမ်သမုတ်ခဲ့သည်ဟူ၍ ဘိုးဘေးဘီဘင်အဆက်ဆက် မှတ်ယူလာခဲ့ကြပြီး သမိုင်းအထောက်အထား မှန်ကန်မှုရှိစေရန် ပေစာကျောက်စာများမှတစ်ဆင့် လေ့လာရှာဖွေပြုစုရန် လိုသေးကြောင်းကိုလည်း နှစ်ကျပ်ခွဲရွာမှ ရှေးမီနောက်မီ ဦးလေးချစ်ဖေက ကျွန်တော့်ကိုရှင်းပြဖူးသည်။ ဦးလေးချစ်ဖေသည် အင်္ဂလိပ်- မြန်မာ ကိုးတန်းအောင်ခဲ့သူဖြစ်၍ ခေသူမဟုတ်သည့်အထဲတွင် ပါဝင်သည်။ သိမ်တော်ဘုရားသည် ဉာဏ်တော်အမြင့် ၃၄ ပေ ၄ လက်မ၊ အုတ်ဖိနပ်တော် အလျား ၁၇ ပေ ၄ လက်မ၊ ဘုရားထီးတော်အမြင့် ၉ ပေ ၉ လက်မရှိသည်။ ပထမထီးတော် ဟောင်းနွမ်းပျက်စီး၍ ဒုတိယထီးတော်ကို ပဲခူးမြို့မှ ဆရာတော်ကြီး ဦးညေးယျ လာရောက်ကြီးကြပ်တင်လှူခဲ့ချိန်တွင် ဆရာတော်ကြီးက ဘုရားငြမ်းပေါ်သို့ ကိုယ်တိုင်တက်သွားပြီး ကြာလန်ကြာမှောက်နေရာကိုဖက်၍ ကိုင်လှုပ်ခဲ့ရာ ထီးတော်၏ ဆည်းလည်းများ သာယာစွာလှုပ်ခတ်မြည်ကြသည့်အပြင် ဘုရားဖောင်းရစ်တော်မှ အောက်ခြေပစ္စယံအထိ တုန်လှုပ်သွားခဲ့သည်ကို စတင်ဖူးတွေ့ကြရခြင်းဖြစ်သည်ဟု ဦးလေးချစ်ဖေထံမှ သိရသည်။

### သိမ်တော်ဘုရား၏ ထူးခြားချက် ကိုးမျိုး

သိမ်တော်ဘုရားသည် အထက်ပါကဲ့သို့ ကြာလန်ကြာမှောက်နေရာမှ ကိုင်လှုပ်လျှင် ဘုရား၏ ထီးတော်မှသည် အောက်ခြေပစ္စယံအထိ တုန်လှုပ်သည်ကို ဖူးတွေ့ရခြင်း၊ သိမ်သုံးထပ်တည်ရှိခြင်း၊ ဘုရား၏ အရှေ့တောင်ထောင့်တွင် ခြသေ့ံတစ်ကောင်တည်းသာတည်ရှိခြင်း၊ ဘုရား၏ အရှေ့မြောက်ဘက်တွင်လည်း ဘုရားဘက်သို့ မျက်နှာမူနေသောဆင်တစ်ကောင်တည်းသာရှိနေခြင်း၊ နှစ်ကျပ်ခွဲရွာတွင် ဆိပ်ဖလူးပင်တစ်ပင်တည်းသာရှိပြီး ထိုတစ်ပင်တည်းသော ဆိပ်ဖလူးပင်သည် ဘုရား၏အနောက်ဘက် တံတိုင်းအခြေ၌တည်ရှိကာ ဘိုးဘွားများလက်ထက်မှ ယနေ့အချိန်အထိ မကြီးမငယ်အရွယ်ဖြင့် အရွယ်အစားမပြောင်းဘဲတည်ရှိနေခြင်း၊ ဘုရားအနောက်မြောက်ဘက်ရှိညောင်ပင်မှ ညောင်ကိုင်းများသည် ဘုရားအုတ်တံတိုင်းအတွင်းသို့ မရောက်လာဘဲ ရောက်ရှိလာပါကလည်း ခြောက်သွေ့ညှိုးနွမ်းသွားတတ်ခြင်း၊ ဘုရားဝင်းအတွင်းရှိ ညောင်ပင်များမှ ညောင်ထောက်များသည် သစ်တံခါးပုံသဏ္ဌာန်တည်ရှိခြင်း၊ ဘုရားရှေ့ရှိ သိမ်တန်ဆောင်းအတွင်းသို့ ရှေးအစဉ်အလာကတည်းက အမျိုးသမီးများ တက်ရောက်နေထိုင်မှုမပြုဘဲ ရှောင်ကြဉ်ကြခြင်း၊ ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့များ၌ ဘုရားတွင် ရွာလုံးကျွတ် ဆွမ်းကပ်လှူကြပြီး အနီးအနားကျေးရွာများမှ ကြွရောက်လာသော သံဃာတော်များအား ဆွမ်းလောင်းလှူခြင်းတို့ ဖြစ်ပါသည်။

### သိမ်တော်ဘုရားဟုသာ ခေါ်တွင်စေလို

၂၀၁၆ ခုနှစ် ငလျင်မလှုပ်မီကာလအထိ ဘုရား၏ထီးတော်ကိုလှုပ်၍ ဖူးမြော်ကြည်ညိုနိုင်ခဲ့ကြသော်လည်း ငလျင်လှုပ်သွားပြီးနောက်ပိုင်း ရေရှည်တည်တံ့မှုကိုရှေးရှု၍ ထီးလှုပ်ခြင်းကို တားမြစ်ထားပြီးဖြစ်ပါသည်။ ခရီးသွားအဖွဲ့များက အများပြည်သူသွားရောက်ဖူးမြော် ကြည်ညိုနိုင်စေရန်အတွက် ကြော်ငြာများတွင် ထီးလှုပ်ဘုရား၊ ထီးတော်ရှင်ဘုရားဟု ဖော်ပြပေးခဲ့ကြသောကြောင့် ထိုအမည်နာမတော်များဖြင့်လည်း လူသိများထင်ရှားလျက်ရှိကြောင်း သိရသည်။ ရှေးမီနောက်မီ ဒေသခံဘိုးဘွားများနှင့် ရွာသူရွာသားများကမူ ဘုရား၏ မူလဘွဲ့တော်အတိုင်း သိမ်တော်ဘုရားဟုသာ ခေါ်တွင်စေလိုသည့်ဆန္ဒ ရှိကြပါသည်။ နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း သိမ်တော်ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြကြောင်းလည်း သိရသည်။

### မီးလင်း၍ လမ်းသာသောနှစ်ကျပ်ခွဲရွာ

နှစ်ကျပ်ခွဲရွာ၏ အားသာချက်မှာ ကျောက်ပန်းတောင်းမြို့မှ သွယ်တန်းပေးထားသော မဟာဓာတ်အားလိုင်းလျှပ်စစ်မီးကို ၂၄ နာရီ ရရှိနေခြင်းပင် ဖြစ်သည်။ ၎င်းအပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖောက်လုပ်ပေးထားသော ကျောက်ပန်းတောင်း-ဗျတ္တပန်းဆက်လမ်း ၁၀ မိုင်သည် နှစ်ကျပ်ခွဲရွာလယ်မှ ဖြတ်သွားခြင်းဖြစ်ပြီး ယခုအခါ နှစ်မိုင်ခန့် ကတ္တရာခင်းပြီးဖြစ်ကြောင်းလည်း တွေ့ခဲ့ရသည်။ ပဲ၊ ပြောင်း၊ နှမ်း စိုက်ပျိုးရေးလုပ်ငန်းများလည်း ဖြစ်ထွန်းအောင်မြင်ကြပါသည်။ အိမ်ခြေ ၁၀၀၀ ကျော် လူဦးရေအားဖြင့် ၆၀၀၀ ကျော်နေထိုင်လျက်ရှိသော အဆိုပါ နှစ်ကျပ်ခွဲရွာကြီးအတွက် အားမလိုအားမရဖြစ်မိတာ တစ်ခုပဲရှိပါသည်။ အခြေခံပညာအလယ်တန်းကျောင်း (ကျောင်းခွဲ)အဆင့်သာ ဖွင့်လှစ်သင်ကြားပေးနိုင်သေးကြောင်း တွေ့ရ၏။ မိမိဇာတိမြေ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် လှော်ကထား(အထက)ကတော့ စာစစ်ဌာနပါ ရနေတာကြာပြီဖြစ်သည့်အပြင် တက္ကသိုလ်ဝင်စာမေးပွဲမှာ ခြောက်ဘာသာဂုဏ်ထူးရှင်၊ ဝိဇ္ဇာဘာသာတွဲမှာ လေးဘာသာဂုဏ်ထူးဖြင့် တစ်နိုင်ငံလုံးအဆင့်(၄) ရခဲ့သူတွေပေါ်ထွန်းခဲ့ပြီမို့ တောသူတို့ နှစ်ကျပ်ခွဲရွာ၏ပညာရေးကိုလည်း ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ကြရန် မေတ္တာစေတနာအရင်းခံဖြင့် တိုက်တွန်းခဲ့ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီ၊ မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်လုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ စည်သူ ဦးသော်ကောင်း၊ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းတို့ပါဝင်သော ပညာရှင်အဖွဲ့နှင့်လည်းကောင်း၊ မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များ ဆက်လက်ထုတ်ဝေနိုင်ရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဝင်များနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။

**ဝတ္ထုရှည် ၃ တွဲကို ထုတ်ဝေနိုင်ခဲ့**

မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို မြန်မာစာပေသမိုင်းတွင် ပုဂံခေတ်မှစ၍ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော ဂန္ထဝင်မြောက် သုတ၊ ရသ စာကောင်းပေမွန်များကို စာဖတ်ပရိသတ်လက်ဝယ်သို့ တစုတစည်းတည်း ပေးအပ်နိုင်ရန်၊ မြန်မာ့စာပေလက်ရာကောင်းများ အဓွန့်ရှည်စွာ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ရန်၊ အများပြည်သူ ဉာဏ်ပညာမြင့်မားလာစေရန်နှင့် လူငယ်များ မြန်မာ့စာပေကို ချစ်မြတ်နိုးလျက် စာပေဖတ်ရှုသော အလေ့အထ တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဝတ္ထုရှည် ၃ တွဲကို ထုတ်ဝေနိုင်ခဲ့ပြီး လာမည့် အောက်တိုဘာလတွင် အတွဲ(၄/၅/၆)ကို မိတ်ဆက်ထုတ်ဝေရန်နှင့် အတွဲ (၇၊ ၈၊ ၉) ကိုလည်း ဆက်လက်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါ်နန်းကလျာဝင်း ဦးစီးအဖွဲ့နှင့် တွေ့ဆုံပြီး ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေနှင့် နည်းဥပဒေပါ အထွေထွေထုတ်ဝေခွင့်တွင် တစ်ကြိမ်ထုတ် မှတ်ပုံတင်ကတ်များ စီစဉ်ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းပါ စာအုပ်/စာစောင်များ ပေးပို့ရန် ဖော်ပြပါရှိမှု အပါအဝင် ၎င်းဥပဒေကြမ်းအပေါ် အကြံပြုချက်များ တင်ပြလိုမှု၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေပါ အော်ဂျင်စီဖွဲ့စည်းမှုနှင့် စာအုပ်စာစောင် ထုတ်ဝေမှုဆိုင်ရာ ခေတ်မီနည်းပညာရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာဂန္ထဝင် အတွဲ ၁၀၀ စာစဉ်များ ထုတ်ဝေရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

# မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မိတ္ထီလာ စက်တင်ဘာ ၁၄**

မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၂ နာရီက သမိုင်းဝင်ဖောင်တော်ဦးစေတီတော်အနီး ကန်ရေပြင်နှင့် စေတီတော်မုခ်ဦးအနီးတွင် ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်လုပွဲကိုကျင်းပရာ အကြီးတန်းပြိုင်ပွဲတွင် အုတ်နဲ့ဘုတ်ဇာတိသွေးအသင်းအား လူးခင်းကြီးအသင်းကလည်းကောင်း၊ အငယ်တန်းပြိုင်ပွဲတွင် အုတ်နဲ့ဘုတ်ဇာတိမာန်အသင်းအား အင်းပက်လက် စတားမောင်မောင်အသင်းကလည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။အဆိုပါပြိုင်ပွဲတွင် အကြီးတန်း၌ ဒုတိယ အုတ်နဲ့ဘုတ်ဇာတိသွေး၊ တတိယ အုတ်နဲ့ဘုတ်ဝါးတန်းအောင်ခန့်၊ အငယ်တန်း၌ ဒုတိယ အုတ်နဲ့ဘုတ်ဇာတိမာန်၊ တတိယ န္တားစမ်းတောင်ရင်သွေးငယ်(ခ)တို့ အသီးသီးဆုရရှိကြပြီး ဂုဏ်ပြုဆုငွေများ၊ ဆုဖလားနှင့် ဆုတံဆိပ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် စိုးအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဌေးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်၊ စေတီတော်ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်ထွေးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

အဆိုပါ(၁၃၆)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို တော်သတင်းလဆန်း ၈ ရက်မှ တော်သတင်းလပြည့်ကျော် ၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး အကြီးတန်းခြောက်သင်း၊ အငယ်တန်းစာရင်းပေး ၂၂ သင်း၊ ၂၁ သင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**


## နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးသို့ အလှူငွေများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးသို့ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးအုပ်ချုပ်မှုအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် Future Energy Co.,Ltd. (ကိုယ်စား) နေပြည်တော်ရုံးခွဲ တာဝန်ခံ ဦးဇော်ဝင်းထွဋ်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် Future Energy Co., Ltd. (ကိုယ်စား)နေပြည်တော်ရုံးခွဲ တာဝန်ခံနှင့်ရုံးအဖွဲ့များက လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၂၀ ကို လှူဒါန်းရာ ဒေါက်တာပပ (ကျွမ်းကျင်သူ/ဆေးရုံအုပ်ကြီး-ငြိမ်း)က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တောင်သူများနှင့် တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စစ်ကိုင်းတိုင်းဒေသကြီး စိုက်/မွေး/ဆည် ဝန်ကြီး ဦးကမ်ဇာမုံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၄ ရက်က ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအုပ်စု ကွင်းအမှတ် ၂၈၈၀ ရှိ တောင်သူ ဦးဘိုသန်း၏ ပေါ်ဆန်းရင်စပါးစိုက်ကွင်းသို့ ရောက်ရှိကြပြီး စပါးပင်များ ဖြစ်ထွန်းအောင်မြင်နေမှု၊ ဆည်ရေရရှိမှုအခြေအနေ၊ တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုများနှင့် ဝင်ငွေအကျိုးအမြတ်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။



**တွေ့ဆုံ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် လိပ်ချင်းကျေးရွာရှိ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း ရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အတူ မိမိတို့နိုင်ငံတွင် သက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးထုတ်လုပ်မှုပုံစံကို ပြောင်းလဲကျင့်သုံးနိုင်မှသာ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုနှစ်မိုးရာသီတွင် မုတ်သုံအဝင်နောက်ကျပြီး အထွက်စောမည်ဖြစ်သည့်အတွက် ဆည်များမိုးရေဝင်ရောက်မှု လျော့နည်းမည်ဟု ခန့်မှန်းထားပါကြောင်း၊ သဖန်းဆိပ်ရေလှောင်တမံအပါအဝင် ဆည်ရေလှောင်တမံများ ရေသိုလှောင်နိုင်မှု လျော့နည်းနိုင်ကြောင်း၊ နှစ်စဉ် ရေဧက ၂၈ သိန်းခန့် သိုလှောင်နိုင်ခဲ့သည့် သဖန်းဆိပ်ရေလှောင်တမံသည် လက်ရှိအချိန်အထိ ရေဧကခြောက်သိန်းခန့်သာ သိုလှောင်နိုင်သည့် အခြေအနေတွင် မိုးသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သော်လည်း လာမည့် ဒုတိယသီးနှံအတွက် ရေလိုအပ်ချက်နည်းပြီး တောင်သူတွက်ခြေကိုက်သည့်သီးနှံများ ရွေးချယ်စိုက်ပျိုးနိုင်ရေးကို သက်ဆိုင်ရာဌာနများက တောင်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီး နည်းပညာနှင့် အကူအညီများ ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် တောင်သူများက စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

**ဆွေးနွေးပြောကြား**

သဖန်းဆိပ် ဆည်ရေသောက်ဧရိယာအတွင်းရှိ အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်နေသည့် လယ်ယာမြေများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ ၇ အမြန်ဆုံးရရှိစေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စုပေါင်းဆောင်ရွက်ခြင်း အလေ့အထကို ပိုမိုအားထုတ်ကြစေလိုကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်၊ ရေမြေရာသီဥတုအခြေအနေ၊ ဈေးကွက်စသည်တို့အပေါ် တောင်သူအချင်းချင်းညှိနှိုင်းပြီး တစ်ကွင်းတစ်ဆက်တည်း စိုက်ပျိုးထုတ်လုပ်ခြင်း၊ စုပေါင်းသိုလှောင်ခြင်း၊ စုပေါင်းရောင်းချခြင်းဖြင့် ဈေးကွက်ကို တောင်သူများကိုယ်တိုင်က ထိန်းချုပ်လုပ်ကိုင်ခြင်းကို ပြောင်းလဲနိုင်မှသာ တောင်သူများမျှော်လင့်သည့် အကျိုးအမြတ်ကို ရရှိစေနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများက လယ်ယာကဏ္ဍဆိုင်ရာလိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အသီးသီးတင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြကြသည်။

**စိုက်ပျိုးထား**

စစ်ကိုင်းတိုင်းဒေသကြီးသည် အသားတင်စိုက်ပျိုးမြေဧရိယာ ၄၆၁၈၀၇၅ ဧက(ဧက လေးဆယ့်ခြောက်သိန်းကျော်)ရှိပြီး ယခုနှစ် မိုးသီးနှံအဖြစ် မိုးစပါး ၁၂၈၂၉၅ ဧက၊ ပဲမျိုးစုံ ဧက ၉၇၉၂၁၀ နှင့် ဆီထွက်သီးနှံအပါအဝင် သီးနှံစုံ ၄၂၉၆၅၉၇ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ❋ တိုင်းဒေသကြီးမှ

သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U-17 ဘောလုံး(အမျိုးသား)ပြိုင်ပွဲများကို စက်တင်ဘာ ၁၅ ရက်တွင် ရပ်နားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် တတိယလုပွဲ ပွဲစဉ်အဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့သည် လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားနေကြပုံများကို (MRTV) မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဘောလုံးအားကစား ဝါသနာရှင်များအနေဖြင့် အားကစားကွင်းအတွင်းသို့ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကြည်စိုးလင်း**




### ✪ ကျောဖုံးမှ

အိမ်ကွင်းကစားရမည် ဖြစ်သည်။ နှစ်မှတ် အသာရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရယူနိုင်ရုံဖြင့် ချန်ပီယံဆုရမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာမူ နိုင်ပွဲရရန် လိုအပ်သည့်အပြင် ရှမ်းအသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းမှာမူ ရှမ်းနှင့် ဧရာဝတီ နှစ်သင်းစလုံး ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်ရာ ယင်းသုံးသင်းတွင် အခွင့်အရေး အနည်းဆုံးဖြစ်နေသည်။

ပွဲစဉ်(၂၁)အပြီးတွင် ဇွဲကပင်အသင်းသည် အဝေးကွင်း၌ ရတနာပုံကို အနိုင်ယူပြီး တန်းဆင်းဇုန်မှ လွတ်မြောက်သွားရန် သုံးသင်းသာ အပြိုင်လုရမည့် အနေအထား ဖြစ်သွားခဲ့သည်။ တန်းဆင်းဇုန်တွင်မူ Southern နှင့် ဒဂုံအသင်း တွေ့ဆုံနေရာ ဒဂုံအသင်းအနေဖြင့် အနိုင်ရရန် လိုအပ်နေပြီး Southern အသင်းသာ အနိမ့်ဆုံး သရေကစားနိုင်ပါက တန်းဆင်းဇုန်မှ လွတ်မြောက်မည်ဖြစ်သည်။ ထို့ကြောင့် သုံးမှတ် အသာရထားသည့် Southern အသင်းက တန်းဆင်းဇုန်မှလွတ်ရန် အခွင့်အရေးအကောင်းဆုံးဖြစ်နေပြီး ဒဂုံနှင့် Chinland အသင်းမှာ အခွင့်အရေး နည်းနေသည်။

ပွဲစဉ်(၂၁)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ၄၁ မှတ်၊ ရန်ကုန်အသင်းက ရမှတ် ၄၀၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၂၉ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ ဇွဲကပင်အသင်းက ၂၁ မှတ်၊ Southern အသင်းက ရမှတ် ၂၀၊ ဒဂုံနှင့် Chinland အသင်းတို့က ၁၇ မှတ်စီရထားသည်။ **ရှိုင်းထက်ဇော်**

### ❍ ၂၀၁၉ ကမ္ဘာ့ဘိလိယက်မှ

ဘိလိယက် 150 Up ပြိုင်ပွဲတွင် မြန်မာကစားသမား ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ခြောက်ဦးမှာ အုပ်စုအဆင့် ကျော်လွန်ခဲ့သည်။ နေသွေးဦးသည် အုပ်စုပွဲစဉ်များတွင် လေးပွဲစလုံးအနိုင်ရကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့ပြီး ၁၆ ဦး ရှုံးထွက်အဆင့်မှ စတင်ကစားခဲ့ရသည်။

နေသွေးဦးသည် ၁၆ ဦး ရှုံးထွက်အဆင့်တွင် ယူတာပေါ့(ထိုင်း)ကို လေးပွဲပြတ်၊ ကွာတားဖိုင်နယ်တွင် နာမည်ကြီးကစားသမား ပီတာဂေးလ်ခရစ်(စင်ကာပူ)ကို လေးပွဲ-နှစ်ပွဲ ဖြင့် အနိုင်ရခဲ့သည်။ ပီတာဂေးလ်ခရစ်သည် ယခုပြိုင်ပွဲ၏ Long Up ပြိုင်ပွဲတွင် ချန်ပီယံဆုရထားသူဖြစ်ပြီး ကမ္ဘာ့ချန်ပီယံ အကြိမ်ကြိမ် ရထားဖူးသူဖြစ်သည်။ နေသွေးဦးသည် လက်စွမ်းပြကစားကာ ပီတာဂေးလ်ခရစ်ကို ကျော်ဖြတ်ခဲ့သလို ဆီမီးဖိုင်နယ်တွင် အိန္ဒိယကစားသမား ကိုသရီကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် ကိုသရီကို ငါးပွဲ-သုံးပွဲဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ နေသွေးဦးသည် နှစ်ပွဲပြတ်ဖြင့် တစ်ကြိမ်၊ သုံးပွဲ-တစ်ပွဲဖြင့် တစ်ကြိမ် ဦးဆောင်ပြီးမှ ကိုသရီကို ဆက်တိုက်အနိုင်ရသောကြောင့် ၃-၃ ပွဲစီဖြစ်သွားကာ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ သို့သော် နေသွေးဦးသည် ပွဲငယ်နှစ်ပွဲဆက်တိုက် ၁၅၀-၀ မှတ်၊ ၁၅၂-၀ မှတ်ဖြင့် ပြိုင်ဘက်ကို အမှတ်မပေးဘဲ လက်စွမ်းပြ အနိုင်ယူခဲ့သည်။

နေသွေးဦးသည် ဘိလိယက် 150 Up ပြိုင်ပွဲ ဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက်တက်ရောက်နိုင်ခြင်းဖြစ်ပြီး ယခုနှစ်ဗိုလ်လုပွဲတွင် အက်ဗာနီ(အိန္ဒိယ)နှင့် တွေ့ဆုံခဲ့သည်။ နေသွေးဦး၏ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာကစားသမားများအနက် ချစ်ကိုကိုနှင့် မင်းစည်သူထွန်းမှာ ကွာတားဖိုင်နယ်၊ အောင်ဒွေးမှာ ၁၆ ဦးရှုံးထွက်အဆင့်၊ ပေါက်စနှင့် အောင်ဆန်းဦးမှာ ၂၄ ဦးရှုံးထွက်အဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ- ဖိုးသော်ဇင်**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၄**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# လူမှုကွန်ရက်မှတစ်ဆင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်



**နေပြည်တော် စက်တင်ဘာ ၁၄**
တကယ်မရှိသည့် ဆိုရှယ်မီဒီယာ Virtual World တွင် ပျော်ရွှင်နေကြပြီး ဆိုရှယ်မီဒီယာ ဖေ့စ်ဘွတ်က လူများ၏ ဒုတိယဘဝလိုဖြစ်လာကြောင်း မြန်မာနိုင်ငံ၏ လူမှုကွန်ရက်စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ စကားဝိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

လူမှုကွန်ရက်မှတစ်ဆင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်ရန်အတွက် ၂၀၂၀ နှင့် လူမှုကွန်ရက်ဂယက် ဆိုရှယ်မီဒီယာဖိုရမ် ၂၀၁၉ ကို ယနေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ပြီး **မြန်မာနိုင်ငံ၏ လူမှုကွန်ရက်စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ**ခေါင်းစဉ်နှင့် **လူမှုကွန်ရက်အသုံးပြုခြင်းဆိုင်ရာအလေ့အကျင့်ကောင်းများ** ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

**ပါဝင်ဆွေးနွေး**

**မြန်မာနိုင်ငံ၏ လူမှုကွန်ရက်စိန်ခေါ်မှုများနှင့် အကျိုးသက်ရောက်စေမှုများ** စကားဝိုင်းဆွေးနွေးပွဲတွင် Presenter & MC မဖြိုးဖြိုးခိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူ၊ နွားထိုးကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်၊ The Voice Journal/Living Color Media ၏ Publisher & CEO ဦးဇေယျာသူ၊ ကမ္ဘောဇဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်နှင့် မိုးစက်ဝိုင် (Miss Universe Myanmar 2013) တို့က ပါဝင်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် "ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ စိတ်ကူးယဉ်ရုပ်ရှင်တွေဟာ အခု တကယ်စဖြစ်လာပြီ။ လူတွေက အဲဒီအထဲမှာပဲ ဘဝတွေဖြစ်ပြီး အဲဒီအထဲမှာပဲ ဘဝတွေ ပျက်ကြတယ်။ အဲဒီထဲမှာ စီးမျောပြီး အိမ်ထောင်ကွဲကြတာတွေ၊ အလိမ်ခံရတာ၊ စီးပွားပျက်ကြတာ အဲဒီလိုတွေ အများကြီးဖြစ်လာကြတယ်။ လူမှုကွန်ရက်သုံးစွဲမှုတွေကို ကျွန်တော်တို့ ဘယ်လိုစီမံခန့်ခွဲမလဲ။ ကျွန်တော်တို့ရဲ့ပညာရေးနဲ့ လိုက်လျောညီထွေဖြစ်အောင် ဘယ်လိုလုပ်သွားမလဲဆိုတဲ့ ကိစ္စတွေကိုပါ စဉ်းစားဖို့ အစိုးရကလည်းပါဝင်ဖို့ လိုအပ်တဲ့အချိန်ရောက်ပြီလို့ ကျွန်တော်ကတော့ မြင်ပါတယ်" ဟု မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူက ပြောသည်။

လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်သည် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြုလုပ်ရန်၊ ဓာတ်ပုံနှင့်ဗီဒီယိုများ၊ ကိုယ်ပိုင်အကြောင်းအရာများကို လွတ်လပ်စွာတင်ပြအသုံးပြုခွင့်ပေးထားသော လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည်။ သတင်းအချက်အလက် လျင်မြန်စွာ ဖြန့်ဝေနိုင်ခြင်း၊ လူတန်းစားမရွေးသုံးစွဲနိုင်ခြင်းတို့ကြောင့် အများစုအသုံးပြုရာ အင်တာနက်နည်းပညာတစ်ခုလည်း ဖြစ်သည်။

**စိန်ခေါ်မှုတွေ**

အလားတူ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးများအနေဖြင့် "ကျွန်တော်တို့ ဘဏ်တွေ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေဘက်က ကြည့်မယ်ဆိုရင် ဆိုရှယ်မီဒီယာက အခွင့်အလမ်းတွေအများကြီးရှိသလို စိန်ခေါ်မှုတွေလည်း ရှိပါတယ်။ ဆိုရှယ်မီဒီယာ တွင်တွင်ကျယ်ကျယ် မသုံးခင်က ဘဏ်တွေရဲ့ဝန်ဆောင်မှုက Traditional Banking ပုံစံမျိုးနဲ့ သွားခဲ့တယ်။ အခုဆိုရှယ်မီဒီယာကို သုံးလာတဲ့အချိန်မှာ ဘဏ်ရဲ့ဝန်ဆောင်မှုတွေ အများကြီး ပိုပေးလို့ရလာပါတယ်" ဟု ကမ္ဘောဇဘဏ် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်က ပြောသည်။

လူမှုကွန်ရက်မီဒီယာသည် အသိဉာဏ်ဗဟုသုတရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနိုင်သော်လည်း တလွဲအသုံးချမည်ဆိုပါက အလွန်အန္တရာယ်ကြီးမားကြောင်းနှင့် လူအများစုကို ထိခိုက်နစ်နာမှုများ ဖြစ်ပွားနိုင်ကြောင်း ပညာရှင်များက သုံးသပ်ကြသည်။

"ဆိုရှယ်မီဒီယာက ကောင်းကျိုးတွေ အများကြီးရှိသလို ဆိုးကျိုးတွေလည်းရှိတယ်။ ကောင်းကျိုးများပြီး ဆိုးကျိုးနည်းဖို့ကတော့ သုံးတဲ့သူတွေ၊ တာဝန်ရှိသူတွေအားလုံးက ပေါင်းစပ်ဖို့ အချိန်တစ်ခုတော့ ရောက်နေပြီလို့ မြင်ပါတယ်"ဟု စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူ ဦးနိုင်ထူးအောင်က ဆိုသည်။

Miss Universe Myanmar 2013 ဆုရ မိုးစက်ဝိုင်က "အနုပညာရှင်တွေနဲ့ပတ်သက်တဲ့ တချို့သတင်းတွေဆို အမှားတွေပါ။ ဒီလိုအမှားတွေကို ပြန်ရှင်းဖို့ အရေးကြီးလား၊ မကြီးလားဆိုတာ ကြည့်ရမယ်။ ဒါကြောင့် ကျွန်မအနေနဲ့ကတော့ တချို့အရေးမကြီးတာတွေဆို ပြန်ရှင်းမနေတော့ဘူး။ နောက်ပိုင်း ဂရုမစိုက်တော့ဘူး။ အာရုံထဲမထည့်တော့ဘူး"ဟု ပြောသည်။

လူမှုကွန်ရက်မီဒီယာမှ လူအများထိခိုက်စေနိုင်သည့် သတင်းအချက်အလက်များ၊ ဓာတ်ပုံများ၊ ဗီဒီယိုဖိုင်များ လွှင့်တင်၍ ကောလာဟလဝါဒဖြန့်လက်နက်အဖြစ် အသုံးချခြင်း၊ သတင်းအမှားများ ဖြန့်ဝေခြင်းများကိုလည်း ယနေ့ခေတ်တွင် များစွာတွေ့ရှိလာရသည်။

"အရေးကြီးဆုံး လိုအပ်တာက သတင်းမှားတွေကို ဘယ်လိုကာကွယ်ရမလဲ၊ ဘယ်လိုအရေးယူရမလဲဆိုတာပါ။ သတင်းအမှားတွေ ပေါ်လာတဲ့ခေတ်ထဲမှာ လူဖြစ်လာတဲ့အတွက် အဲဒီသတင်းအမှားတွေကို ယုံသင့်လား၊ မယုံသင့်လား ဆိုတဲ့အသိတွေကို လူတိုင်းကို ထည့်ပေးဖို့လိုတယ်။ အဲဒီအတွက် အသိပညာပေးခြင်းက ပိုအရေးကြီးတယ်။ အနာဂတ်မှာ ဆိုရှယ်မီဒီယာတွေက ရှောင်လို့မရတော့ဘူးဆိုရင် ဒါတွေနဲ့ လိုက်လျောညီထွေမှုရှိတဲ့ အသိပညာပေးခြင်းတွေက လာရတော့မှာဖြစ်ပါတယ်။ သတင်းတုကဘာတွေ၊ သတင်းမှားတွေက ဘာတွေဆိုတာ ခွဲခြားသိပြီး ဒါမျိုးဆို မယုံကြည်ရဘူး၊ ဒါမျိုးတွေကတော့ အမှားတွေဆိုတဲ့ကိစ္စတွေကို ပြည်သူလူထုကိုယ်တိုင် သိဖို့ပါ။ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းသွားမယ်ဆိုရင် ပြည်သူလူထုမှာ၊ မီဒီယာမှာ၊ အသိပညာပေးခြင်းမှာ ဒါတွေအားလုံးလိုအပ်ပါတယ်"ဟု မန္တလေးမြို့တော် စမတ်စီးတီးအရာရှိချုပ် ဦးရဲမြတ်သူက သုံးသပ်သည်။

မွန်းလွဲပိုင်းတွင် **လူမှုကွန်ရက်အသုံးပြုခြင်းဆိုင်ရာအလေ့အကျင့်ကောင်းများ**ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတွင် ရောဝတီဘဏ် မန်နေဂျင်းဒါရိုက်တာ (အစ်ဂျစ်တယ်) ဦးချစ်ထွန်းဖေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မှူခင်းရဲတပ်ဖွဲ့နည်းပညာမှုခင်းဌာနမှ ဌာနမှူး ရဲမှူးကြီးညွန့်ဝေ၊ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ၏ Legal Advisory Member ဦးမင်းတေဇာညွန့်တင်၊ Telenor Myanmar ၏ Head of Corporate Responsibility ဒေါ်ခင်ပြည့်ဝန်းသော်တာ၊ Ooredoo Myanmar ၏ Head of Corporate Communications ဦးတင့်နိုင်ထွဋ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးနှင့် Cyber Security Expert ကိုဘုန်းမြင့်(Mike) တို့က ပါဝင်ဆွေးနွေးကြသည်။

**ကိုယ်ချင်းစာစိတ်ရှိဖို့လို**

"လူမှုမီဒီယာသုံးတဲ့အခါ ကိုယ်တင်လိုက်တဲ့ Post၊ ရေးလိုက်တဲ့ Comment ၊ ရှယ်လိုက်တာတွေကို ကိုယ်တိုင်လည်း ခံစားနိုင်ဖို့လိုပါတယ်။ ကိုယ်သာ သူ့နေရာမှာဆိုရင် ခံစားနိုင်ပါ့မလား ဆိုတဲ့ ကိုယ်ချင်းစာစိတ်ရှိဖို့လိုပါတယ်။ ဒါမှလည်း သူတစ်ပါးကို ထိခိုက်စေတာတွေ လျော့ကျသွားမှာဖြစ်ပါတယ်။ ပြီးတော့ Friend တွေများတိုင်း မကောင်းပါဘူး။ ကိုယ်နဲ့ အပြင်မှာပါ သိတဲ့သူတွေ၊ ရင်းနှီးတဲ့သူတွေနဲ့ Friend ဖြစ်တာက ပိုပြီးလုံခြုံမှုရှိပါတယ်"ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက သုံးသပ်ဆွေးနွေးသည်။

**နန္ဒာဟန်၊ ဓာတ်ပုံ-ကျော်ဇင်ထိုက်**

# ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၉ စည်ကားစွာကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၄**
စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၉ (World Bamboo Day 2019)ကို ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ စက်တင်ဘာ ၁၈ ရက်တွင် စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၉ အား မြန်မာ့ဝါးနှင့် ကြိမ်ကွန်ရက်မှ တာဝန်ယူကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဝါးစိုက်ပျိုးသူများ၊ ဝါးလုပ်ငန်းရှင်များ၊ ဝါးပညာရှင်များ၊ ဝါးလက်မှုထည်ထုတ်လုပ်သူများ၊ ဝါးထုတ်ကုန်ပြည်ပတင်ပို့သူများ၊ ဝါးနှင့်ပတ်သက်၍ စိတ်ဝင်စားသူများအပါအဝင် ဝါးနှင့်ပတ်သက်သည့် ညီနောင်အသင်းအဖွဲ့အစည်းများ တက်ရောက်ကြမည်ဖြစ်ကာ ဝါးနှင့်ပတ်သက်သည့် စက်မှုပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လက်မှုဒီဇိုင်းများ၊ စက်ပစ္စည်းများနှင့် လက်မှုထည်များကို သစ်တောနှင့်ပတ်သက်သည့် နိုင်ငံတကာ အသိအမှတ်ပြုအဖွဲ့အစည်းများမှ အသိပညာပေးပြခန်းများဖြင့် ခင်းကျင်းပြသကြမည်ဖြစ်သည်။

ဝါးသည် ကမ္ဘာပေါ်တွင် လူသုံးကုန်ပစ္စည်းအမျိုးအစားပေါင်း ထောင်နှင့်ချီ၍ ထုတ်လုပ်ရောင်းချနေရပြီး ဝါးထုတ်ကုန်မှရရှိသည့် ဝင်ငွေမှာ တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် စုစုပေါင်း ဒေါ်လာဘီလီယံ ၆၀ ခန့်ရှိကြောင်း၊ ဝါးမှတစ်ဆင့် ဝါးမီးသွေး၊ ဝါးပေါင်းခံရေ၊ ဝါးကွန်ပိုစစ်မှစ၍ ဝိုင်၊ ဘီယာ၊ မျှစ်၊ ဝါးချည်မျှင်နှင့် အထည်များ ဆောက်လုပ်ရေးသုံးပစ္စည်းများစသည်တို့ကို ထုတ်လုပ်နိုင်ပြီး မြန်မာနိုင်ငံတွင် ဝါးမျိုးစိတ်ပေါင်း ၁၀၀ ကျော်ရှိနေကြောင်း မြန်မာနိုင်ငံကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။ **ပွင့်သစ္စာ**

# ယဉ်မျိုးစာအုပ်ပွဲတော်ကို စက်တင်ဘာ ၂၂ ရက်အထိ ကျင်းပမည်



**ရန်ကုန် စက်တင်ဘာ ၁၄**
ယဉ်မျိုးစာအုပ်ပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမတွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ကျင်းပရောင်းချလျက်ရှိသည်။

"ဒီနေ့က ကျွန်တော်တို့ ယဉ်မျိုးစာပေနဲ့ အုန်းစောက စာအုပ်အဟောင်းနဲ့ ကျွန်တော်တို့ထုတ်တဲ့ စာအုပ်တွေပါတယ်။ စာအုပ်အမျိုးအစားတွေက သုတ၊ ရသ၊ ပြည်တွင်း၊ ပြည်ပ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေးအတွေးအခေါ်၊ နိုင်ငံတကာ၊ အတွေးအမြင်လက်ဝဲစာပေပါပါတယ်။ ဈေးပွဲဖြစ်တဲ့အတွက် ၂၅ ရာခိုင်နှုန်းအထိ လျှော့ပေးထားပါတယ်။ တချို့စာအုပ်အဟောင်းတွေတော့ ၅၀ ရာခိုင်နှုန်းအထိ လျှော့ဖို့ပြင်ဆင်နေပါတယ်။ စာအုပ်ဟောင်းတော့ အကန့်အသတ်မရှိပါဘူး။ စာအုပ်အသစ်တွေအနေနဲ့ အမျိုးအစားပေါင်း ၅၀၀ ကျော်ပါတယ်။ ရန်ကုန်မြို့လယ်ကောင်မှာ အရင်တုန်းက ဒီလိုစာအုပ်ပြပွဲလုပ်မယ်ဆိုရင် ပန်းဆိုးတန်းက လောကနတ်တို့ရှိတယ်။ အခုတော့ အခန်းကျယ်ကျယ်နဲ့ ပြချင်တဲ့အခန်းမရှိတော့ စာအုပ်သမားတွေအနေနဲ့ လုပ်ချင်တာတောင် ဘယ်မှာလုပ်ရမလဲမသိဘူး။ အခုလိုနေရာက အခမဲ့ဆိုတော့ တော်တော်အဆင်ပြေပါတယ်။ ကျွန်တော့်သူငယ်ချင်း Gallery ကနေ ပန်းချီကားတွေပါ ပြထားပါတယ်။ ဝယ်ချင်ရင် သူတို့နဲ့ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ပြပွဲလာသူတွေကို အိတ်၊ စာအုပ်လက်ဆောင်လည်း ပေးပါတယ်"ဟု စာအုပ်တိုက်ပိုင်ရှင် ကိုယဉ်ထွန်းက ပြောသည်။

"ယဉ်ထွန်းစာပေက နိုင်ငံရေးစာပေ၊ လက်ဝဲစာပေတွေ အများဆုံးရောင်းတယ်။ အရင် သိမ်ဖြူလမ်း စာအုပ်လမ်းမှာ ရောင်းရင်လည်း ကိုယ့်မိတ်ဆွေ စာပေတိုက်သဘောမျိုးနဲ့ သူ့ဆိုင်မှာဝယ်နေကျ၊ အခုက မိတ်ဆွေစာအုပ်တိုက်အနေနဲ့ လာအားပေးတာပါ"ဟု မင်္ဂလာဒုံမြို့နယ်မှ စာအုပ်လာဝယ်သူ ဦးခင်သန်းက ပြောသည်။

ရန်ကုန်မြို့ လမ်း ၄၀၊ ယဉ်ထွန်းစာပေမှ သုတ၊ ရသ၊ အတ္ထုပ္ပတ္တိ၊ နိုင်ငံရေး၊ နိုင်ငံတကာ၊ အတွေးအမြင်လက်ဝဲစာပေများကို ပြီးခဲ့သည့် ၁၃ နှစ်ကျော်က ထုတ်ဝေဖြန့်ချိလျက်ရှိပြီး တစ်ဦးတည်းစာအုပ်ပြပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ကာ စာအုပ်ပွဲတော်ကို စက်တင်ဘာ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ဝင်း**

# အနောက်ဘက်သို့ခရီးသွားခြင်း အပါအဝင် မြန်မာပရိသတ်များအကြိုက်များသည့် တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ပြသမည်




**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ China Radio International၊ SkyNet နှင့် ယူနန်ပြည်နယ် တယ်ဟုန်ရုပ်မြင်သံကြားတို့ ပူးပေါင်း၍ တရုတ်ဂန္ထဝင်ရုပ်ရှင် အစီအစဉ်များ ထုတ်လွှင့်ပြသမည့် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က တရုတ်ဂန္ထဝင်ဇာတ်ကားများ ထုတ်လွှင့်တင်ဆက်မှု ပြပွဲအထိမ်းအမှတ်အဖြစ် နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**ဖော်ထုတ်ပြသနိုင်မှာဖြစ်**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ကျွန်တော်တို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ယဉ်ကျေးမှုတွေဟာ မတူကွဲပြားမှုတွေ၊ တူညီမှုတွေ အများကြီးရှိပါတယ်။ အခု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ပြီး ဆောင်ရွက်နေတဲ့ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းမှာလည်း ကျွန်တော်တို့မြန်မာနိုင်ငံဟာပါဝင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနဲ့ အတူ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နယ်ပယ်အသီးသီးမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ အခုပြသမယ့် ရုပ်ရှင်ဇာတ်ကားတွေကို ပြည်သူတွေနဲ့ နီးစပ်မှုရှိအောင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်သင့်ပါတယ်။ အခုပြသမယ့်ရုပ်သံဇာတ်လမ်းတွေကို ရုပ်သံလွှင့်တွေက ပြသနေသလိုမျိုးပဲ ပြည်သူလူထုနဲ့ပတ်သက်နေတဲ့ ဧရိယာတွေမှာလည်းပြသနိုင်ဖို့ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါမှသာပြည်သူလူထုက နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို သိရှိသွားမှာဖြစ်သလို ကျွန်တော်တို့နိုင်ငံရဲ့ယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ဖော်ထုတ်ပြသနိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

တရုတ်ရုပ်မြင်သံကြားဇာတ်လမ်းတွဲအစီအစဉ်များပြသသည့် အစီအစဉ်တွင် ၁၉၈၆ ခုနှစ်က ရိုက်ကူးခဲ့သည့် "အနောက်ဘက်သို့ခရီးသွားခြင်း" အပါအဝင် ပရိသတ်များ အကြိုက်များသည့် ၁၉၉၄ ခုနှစ်က ရိုက်ကူးခဲ့သော "သုံးပြည်ထောင်ခေတ်" ဇာတ်လမ်းတွဲ၊ "ဟောရိုး-စကြဲ" စသည့် တရုတ်ဂန္ထဝင်ဝတ္ထုဇာတ်လမ်း လေးခုအပါအဝင် ဂန္ထဝင်ဇာတ်လမ်းတွဲများနှင့် မှတ်တမ်းရုပ်ရှင် ၁၀ ခုကို မြန်မာဘာသာနောက်ခံစကားပြော(သို့မဟုတ်) မြန်မာဘာသာစာတန်းထိုးဖြင့် SkyNet World Drama Channel၊ Knowledge Channel၊ Asia Movie Channel၊ MRTV Entertainment တို့တွင် ယနေ့မှစတင်၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနား ထုတ်ပြန်ချက်များမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က "မြန်မာဘာသာစကားနဲ့ အသံထည့်သွင်းထားတဲ့ ခန်းဆောင်နီအိပ်မက် ဇာတ်လမ်းတွဲကို မြန်မာနိုင်ငံမှာ ထုတ်လွှင့်ပြသခဲ့ရာ အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုများစွာ ရရှိခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း လက်ရွေးစင်တရုတ်ရုပ်ရှင်များနဲ့ ယခုထက် ပိုမိုကောင်းမွန်တဲ့ မှတ်တမ်းဇာတ်ကားများကိုလည်း မြန်မာနိုင်ငံမှာ ဆက်တိုက်ထုတ်လွှင့်ပြသသွားမှာဖြစ်ပြီး မြန်မာပရိသတ်များ ကြိုက်နှစ်သက်ကြမယ်လို့ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ပြသသွားမည့် တရုတ်ဂန္ထဝင်ဇာတ်ကားများတွင် ပါဝင်သော နောက်ခံတေးသီချင်းများကို သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တက်ရောက်လာကြသူများအား "အနောက်ဘက်သို့ခရီးသွားခြင်း" ရုပ်ရှင်ဇာတ်လမ်းတွဲ အပိုင်း(၁)ကို မြန်မာဘာသာ နောက်ခံစကားပြောဖြင့် ပြသခဲ့သည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ညွန့်ကိုကို**

# ညစ်တွန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသမည်



သရုပ်ဆောင်ဒါရိုက်တာ လူမင်း



ပြေတီဦး



ထက်ထက်ထွန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

ညစ်တွန်း ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ယမန်နေ့ညက ရန်ကုန်မြို့ Junction City JCGV အဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြသသည့် Premier Show အထူးပြပွဲမှ သိရသည်။

ညစ်တွန်းဇာတ်ကားတွင် ဇာတ်လမ်းနှင့် ဇာတ်ညွှန်း Rajat Arora (အိန္ဒိယ)၊ မင်းခိုက်စိုးစန်၊ ထက်မြက်နိုင်ဇင်၊ သရုပ်ဆောင်ဒါရိုက်တာ အကယ်ဒမီလူမင်း၊ ပြေတီဦး၊ ခိုင်သင်းကြည်၊ အိန္ဒြာကျော်ဇင်နှင့် ထက်ထက်ထွန်း၊ နေဆန်း၊ ညောင်ညောင်၊ ထူးသာနှင့် သရုပ်ဆောင်များစွာက ပါဝင်သရုပ်ဆောင်ထားပြီး ဇေရတ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားသည်။

**သိန်းနှစ်ထောင်လောက် ကုန်ကျ**

"ဟိုအရင် ကျွန်တော်ရိုက်ထားတဲ့ ဇာတ်ကားတွေနဲ့ မတူအောင် ဒီဇာတ်ကားကို အရည်အသွေးကောင်းဖို့ အဓိကထားရိုက်ထားတာပဲ၊ ရန်ကုန်မှာပဲ ရိုက်ထားပါတယ်။ သိန်းနှစ်ထောင်လောက် ကုန်ကျပါတယ်။ ပရိသတ်တွေဆီကရတဲ့ ပိုက်ဆံနဲ့ရိုက်တာပဲ ဒီလိုကားမျိုး ပရိသတ်ကိုချပြလိုက်ရုံနဲ့ ကျေနပ်ပါပြီ။ ပြန်မြတ်တာ ရှုံးတာက ကံပဲလေ၊ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ဖို့ လုပ်နေပါပြီ၊ ဒီလကုန်ရင် စရိုက်ဖို့ ပြင်ဆင်နေပါတယ်" ဟု ဒါရိုက်တာနှင့် သရုပ်ဆောင် အကယ်ဒမီလူမင်းက ပြောသည်။

**အကောင်းဘက်ကပဲတွေး**

"ဘဝမှာ စိတ်ညစ်စရာတွေရှိမယ်၊ ညစ်တွန်းမတွန်းဘဲနဲ့ စိတ်ညစ်စရာမတွေးဘဲ အကောင်းဘက်ကပဲတွေးမယ်၊ လူတစ်ယောက်နဲ့တစ်ယာက်လည်း သတ်ချင်လောက်အောင် မုန်းလို့ရသလို ဒီလူကို ပြန်ပြီးစာနာနားလည်ပေးနိုင်ရင်လည်း တကယ့်မိတ်ဆွေကောင်းတစ်ယောက်ဖြစ်သွားနိုင်တယ်ဆိုတဲ့ မက်ဆေ့လေးလည်းရတယ်။ တကယ့်လူမှုပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ သဘာဝတရားလေးတွေ ရှိပါတယ်။ မခိုင်တို့တွေ ရပ်ကွက်ထဲမှာ မြင်ရတာပဲ၊ ဒီကားထဲမှာ သူတို့ခမျာ ကလေးကျောင်းစရိတ်ရဖို့ ရုန်းကန်ရတဲ့ အန်ကယ်လေးရဲ့ကာရိုက်တာက လူယုတ်မာလည်းမဟုတ်၊ လူလိမ်လည်းမဟုတ်ဘူး၊ ဒါပေမယ့် သူလုပ်တာတွေ အကုန်လုံးက လူတွေ အထင်လွဲစရာဖြစ်တယ်၊ အဲဒီလို တောက်လျှောက် သူကံဆိုးတာ၊ သူ လိမ်ပြီးတော့ အလုပ်လုပ်တာကလည်း သူ့မိသားစုကို ပိုက်ဆံပေးချင်လို့၊ သူ့သားလေးကို ကျောင်းထားပေးချင်လို့၊ အဓိကက ဇာတ်ညွှန်းကောင်းသွားတာနဲ့၊ ကိုလူမင်းကလည်း ကောင်းကောင်းရိုက်တော့ ပိုကောင်းသွားတာပါ၊ လူဆိုတာက ကိုယ်ရောက်တဲ့နေရာမှာ ကိုယ်ရတဲ့အခွင့်အရေးနဲ့ ကိုယ်ရတဲ့အကျိုးအမြတ်လေးနဲ့ ပျော်အောင်နေတတ်ရင်၊ လူတွေပေါ်မှာ အကောင်းမြင်တတ်ရင် ဘဝကြီးက ပျော်စရာကြီးပါ" ဟု အကယ်ဒမီ ခိုင်သင်းကြည်က ပြောသည်။

**ပါဝင်ထား**

"ဒီကားထဲမှာ ထက်က စန္ဒီဆိုတဲ့နာမည်လေးနဲ့ Dancer အနေနဲ့ ပါဝင်ထားပါတယ်။ ပထမဆုံးဇာတ်ကားဆိုတော့ အိုက်တင်တွေ ကြိုလေ့ကျင့်တာတော့ မရှိပါဘူး။ နှစ်ညတိတိ အကလေ့ကျင့်ခဲ့ရပါတယ်၊ အရင်က Dancer လုပ်ဖူးပါတယ်၊ ဆယ်စုနှစ်ကြာ ပြန်ကတဲ့အခါမှာ အရင်လို သွက်လက်မှု သိပ်မရှိတော့ဘူး၊ ထက်အိပ်မက်က မင်းသမီးအရမ်းဖြစ်ချင်တာ၊ ထက်သရုပ်ဆောင်နေပြီဆိုတာကို ပရိသတ်က အသိအမှတ်ပြုသွားရင် ကျေနပ်မိပါတယ်။ အန်ကယ်လေးတို့၊ မခိုင်လေးတို့ဆီက လက်တွေ့ရိုက်တဲ့အခါ သင်ယူတတ်ရင် သင်ယူတတ်သလို ပညာတွေရပါတယ်"ဟု သရုပ်ဆောင် ထက်ထက်ထွန်းက ပြောသည်။

**သန့်ဇင်ဝင်း**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား နာဂတိုင်းရင်းသားရိုးရာ အကအဖွဲ့က မီးပုံဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်



**ဟုမ္မလင်း စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား နာဂတိုင်းရင်းသားရိုးရာ အကအဖွဲ့က မီးပုံဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ပွဲကို စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီက ဟုမ္မလင်းမြို့ နန်ဖွတ်မော်ရပ်ကွက် ဟုမ္မလင်း နာဂစာပေနှင့် ရိုးရာယဉ်ကျေးမှုကွင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကူရီ အမျိုးသားအကအဖွဲ့က ဦးဆောင်၍ နာဂရိုးရာပန်တုံးအားထုခြင်းဖြင့် အခမ်းအနားဖွင့်လှစ်၍ ဦးရွှေထောင်းက မီးပုံဝိုင်းအားထွန်းညှိခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ဟုမ္မလင်းမြို့ပေါ်ရှိ နာဂတိုင်းရင်းသားများက မိမိတို့၏ရိုးရာအကများဖြင့် တင်ဆက်ခဲ့ရာ မကူရီ အမျိုးသား အမျိုးသမီးအက၊ တန်ကွန် အမျိုးသား အမျိုးသမီးအက၊ ပါရာ အမျိုးသား အမျိုးသမီးအက၊ ကရုဏအိမ်တော်မူကြိုအကအဖွဲ့များ စသည့် အကရှစ်ဖွဲ့က စုပေါင်း၍ ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ၃၅ ဦးတို့သည် ရန်ကုန်လေဆိပ်မှ ဟုမ္မလင်းလေဆိပ်သို့ရောက်ပြီး မော်တော်ကားဖြင့် နာဂရိုးရာကွင်းသို့ ရောက်ရှိလာ၍ ဟုမ္မလင်းမြို့ပေါ်ရှိ နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုများ၊ အမွေအနှစ်များ ပိုမိုသိရှိလိုသောကြောင့် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ဧည့်သည်တော်များအား နာဂရိုးရာခေါင်ရည်ဖြင့် တည်ခင်းဧည့်ခံခြင်းနှင့် စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြကြောင်း သိရသည်။ အလားတူ စက်တင်ဘာ ၂၃ ရက်တွင် ထပ်မံလာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

# နေတန်ယာဟု နှုတ်မြွက်စကား သောင်းတိုင်ကကြား

■ ကိုရင်ဩ

လာမည့် ရွေးကောက်ပွဲတွင် မိမိပြန်လည်ရွေးချယ်တင်မြှောက်ခံရပါက အသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေ အစိတ်အပိုင်းများကို အစ္စရေး၏ ပိုင်နက်နယ်မြေနှင့် ပေါင်းစပ်မည်ဟူ၍ ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက မကြာသေးမီက ထုတ်ပြန်ကြေညာလိုက်ခြင်းကြောင့် ကမ္ဘာတစ်ဝန်း အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရပြီးလျှင် ပါလက်စတိုင်းအရေး ရှုမြော်တွေးကာ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ခလုတ်တံသင်းဖြစ်ရတော့မည်လောဟု တွေးဆပူပန်မှုများ ပေါ်ထွက်ခဲ့လေရာ အရှေ့အလယ်ပိုင်းအရေး၏ အနာဂတ်အရေးကို ကျွန်ုပ်လေ့လာစေ့ငုမိလေ၏။

အနောက်ဘက်ကမ်းဒေသ၏ နယ်မြေသုံးပုံအထိကို အစ္စရေးနိုင်ငံ ပိုင်နက်နယ်မြေအတွင်းသို့ အမြဲထာဝရ သွတ်သွင်းရန် ဝန်ကြီးချုပ် နေတန်ယာဟုက ဦးတည်ကြိုးပမ်းလာမည်ဆိုပါက ပါလက်စတိုင်းတို့ဘက်မှကြည့်လျှင် နိုင်ငံတော်ထူထောင်ရေးဟူသော သူတို့၏ အန္တိမရည်မှန်းချက်ကြီး မှေးမှိန်သွားရမည့်သဘော သက်ရောက်သည်ဟု ဝေဖန်ချက်များ ပေါ်ထွက်လာသည်။

### ငံ့လင့်နေ

"ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ အကြိတ်အနယ် ဆွေးနွေးညှိနှိုင်းနိုင်ဖို့ အခါအခွင့်ကို ငံ့လင့်နေပါတယ်"ဟု နေတန်ယာဟုက မကြာသေးမီက အစ္စရေးရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှတစ်ဆင့် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတသည် ကာလကြာရှည် သူ့အားပေးထောက်ခံလာခဲ့သော အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို မကြာမီထုတ်ပြန်ကြေညာဖွယ်ရှိသည်ဟုလည်း နေတန်ယာဟုက ပြောကြားသည်။

သို့ရာတွင် အမေရိကန်သမ္မတ၏ ငြိမ်းချမ်းရေးအစီအစဉ်တွင် ပါလက်စတိုင်း နိုင်ငံတော်ထူထောင်ရေးကိစ္စ မပါဝင်ကြောင်း အမေရိကန်တာဝန်ရှိသူများက အရိပ်အမြွက်ပြောကြားခဲ့ကြသည်။

ရွေးကောက်ပွဲ ကတိကဝတ်ပြုမှုအဖြစ် အနောက်ဘက်ကမ်းဒေသ၏ နယ်မြေအချို့ကို အပြီးတိုင်သိမ်းယူရန် နေတန်ယာဟုက စက်တင်ဘာ ၁၀ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အငြင်းပွားဖွယ်ရာ ယင်းကတိကဝတ်ပြုမှုမှာ အာရပ်ကမ္ဘာမှသည် ကမ္ဘာကြီးသို့တိုင်အောင် တုန်လှုပ်ခဲ့ရပြန်သည်။

ဂျော်ဒန်တောင်ကြားဒေသနှင့် ပင်လယ်သေဒေသ မြောက်ပိုင်းတို့တွင် အစ္စရေးနိုင်ငံ၏ အချုပ်အခြာအာဏာစိုးမိုးစေရမည်ဟု နေတန်ယာဟုက တယ်လ်အဗစ်မြို့ဆင်ခြေဖုံး ရာမက်ဂန်းမြို့၌ သတင်းထောက်များအား ပြောကြားခဲ့သည်။

သူရည်ညွှန်းသောနယ်မြေမှာ အနောက်ဘက်ကမ်းဒေသ၏ နယ်မြေသုံးပုံတစ်ပုံခန့်ကို ကိုယ်စားပြုသည်။ ဂျော်ဒန်တောင်ကြားဒေသသည် ဂျော်ဒန်နယ်စပ်ဒေသ တစ်လျှောက် တည်ရှိနေသော စိုက်ပျိုးရေးလုပ်ကိုင်ရန်ကောင်းမွန်သည့် နယ်မြေဖြစ်ကာ အနောက်ဘက်ကမ်းဒေသ၏ ၃၀ ရာခိုင်နှုန်းခန့် အကျုံးဝင်သည်။ လူဦးရေ ကျဲပါးသောနယ်မြေဖြစ်ပြီး ပါလက်စတိုင်း ၆၅၀၀၀ ခန့်၊ ရဟူဒီ အခြေစိုက်နေထိုင်သူ ၁၁၀၀၀ ခန့် နေထိုင်လျက်ရှိကြသည်။

လက်ယာယိမ်း ခေါင်းဆောင်ကြီး နေတန်ယာဟု၏ အထက်ဖော်ပြပါ နှုတ်မြွက်စကားမှာ အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေး၏ အချုပ်အခြာအာဏာစက် တိုးချဲ့ရမည်ဆိုသော ယခုနှစ်အစောပိုင်းက သူပြောကြားခဲ့သည့်စကားကို ထပ်လောင်း အတည်ပြုလိုက်ခြင်းလည်း ဖြစ်သည်။

အစ္စရေးနိုင်ငံ၌ ပြီးခဲ့သည့် ဧပြီလ ၉ ရက်က ပါလီမန်ရွေးကောက်ပွဲကျင်းပခြင်းမရှိမီ နေတန်ယာဟုက အစ္စရေးအာဏာစက် ချဲ့ထွင်ရေး အယူအဆကို ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်ရန် ကနဦးစီစဉ်ထားသော ပါလီမန်ရွေးကောက်ပွဲကို စော၍ကျင်းပခဲ့ခြင်း ဖြစ်သည်။

"ကနက်ဆက်"ဟူ၍ အစ္စရေးနိုင်ငံတွင်ခေါ်တွင်သော ပါလီမန်၏ အမတ်နေရာ ၁၂၀ ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အာထရာအော်သိုဒေ့ါ ရဟူဒီများအတွက် စစ်မှုထမ်းဆောင်ခြင်းဆိုင်ရာ ဥပဒေမူကြမ်းနှင့်ပတ်သက်၍ အစိုးရအဖွဲ့အတွင်း အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ခြင်း၊ ဝန်ကြီးချုပ် နေတန်ယာဟုနှင့်သက်ဆိုင်နေသော အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များ ပေါ်ထွက်ခဲ့ခြင်းစသည့် အကြောင်းတရားများကြောင့် ပါလီမန်ရွေးကောက်ပွဲကို စော၍ကျင်းပခဲ့ခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံတွင် အာထရာအော်သိုဒေ့ါ ရဟူဒီများမှာ သူတို့၏ဘာသာရေး ယုံကြည်ချက်အရ စစ်မှုမထမ်းမနေရ ဥပဒေမှ ကင်းလွတ်ခွင့်ရရှိခဲ့ကြသူများ ဖြစ်ခဲ့သည်။

ဧပြီလ ရွေးကောက်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရပြီး နေတန်ယာဟုမှာ ဝန်ကြီးချုပ်ရာထူးနေရာကို စတုတ္ထမြောက် သက်တမ်းအဖြစ် ဆက်လက်စိုးစံခွင့်ရရှိခဲ့သော်လည်း အာဏာရညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်မူ လိုအပ်သော နိုင်ငံရေး ထောက်ခံမှုမရရှိခဲ့ချေ။

အကျိုးရလဒ်အဖြစ် ဝန်ကြီးချုပ် နေတန်ယာဟုသည် နောက်ထပ် ရွေးကောက်ပွဲ တစ်ပွဲကို ထပ်မံခေါ်ယူရန် အခြေအနေဖြစ်ပေါ်လာခဲ့သည်။



Photo : Jewish Community Voice.

ဂျော်ဒန်တောင်ကြားဒေသနှင့် ပင်လယ်သေဒေသ မြောက်ပိုင်းတို့တွင် အစ္စရေးနိုင်ငံ၏ အချုပ်အခြာအာဏာစိုးမိုးစေရမည်ဟု နေတန်ယာဟု ပြောကြားခဲ့သည်။

> **ဧပြီလ ရွေးကောက်ပွဲတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရပြီး နေတန်ယာဟုမှာ ဝန်ကြီးချုပ်ရာထူးနေရာကို စတုတ္ထမြောက် သက်တမ်းအဖြစ် ဆက်လက်စိုးစံခွင့်ရရှိခဲ့သော်လည်း အာဏာရညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက်မူ လိုအပ်သော နိုင်ငံရေး ထောက်ခံမှုမရရှိခဲ့**

ပါလီမန်သစ်တွင် အမတ် နေရာ ၁၂၀ အတွက် ၆၅ နေရာကို လက်ယာယိမ်း အုပ်စုက ရရှိခဲ့ခြင်းဖြင့် ဝန်ကြီးချုပ် ရာထူးသက်တမ်းကို လေးကြိမ်ဆက်တိုက် ရယူနိုင်ခဲ့သူဖြစ်လာခဲ့သည်။

### အသုံ့ခံရာရောက်

သို့ရာတွင် လက်ယာယိမ်းအုပ်စုရရှိသော အမတ်နေရာ ၆၅ နေရာအနက် ငါးနေရာမှာ အဗစ်ဒိုးလီဘာမင်း၏ ပါတီကရရှိခြင်းဖြစ်သည်။ လီဘာမင်းဆိုသူမှာ နေတန်ယာဟု၏ ယခင်အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုတွင် မွေးဖွားခဲ့သော အစ္စရေးနိုင်ငံရေးသမား လီဘာမင်းသည် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူစဉ် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း ရာထူးမှ နုတ်ထွက်သွားခဲ့သူဖြစ်သည်။ ဂါဇာတွင် အပစ်အခတ်ရပ်စဲခြင်းကို ကန့်ကွက်သည့် အနေဖြင့် သူရာထူးမှနုတ်ထွက်ခဲ့ပြီး အပစ်အခတ်ရပ်စဲမှုပြုလုပ်ခြင်းသည် အကြမ်းဖက်သမားများကို အသုံ့ခံရာရောက်စေသည်ဟု ဆိုသည်။

"အစ္စရေး အမိမြေ"အမည်ရှိ နိုင်ငံရေးပါတီ၏ခေါင်းဆောင် လီဘာမင်းအား ယခင် ဆိုဗီယက်ပြည်ထောင်စုမှ ရွှေ့ပြောင်းအခြေစိုက်နေထိုင်လာခဲ့သော ရုရှားစကားပြောသူများက အဓိကထောက်ခံကြသည်။ လီဘာမင်းသည် ဘာသာရေးအခြေခံပါတီများနှင့် ညွန့်ပေါင်းဖွဲ့ရန် ကန့်ကွက်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလအတွင်း နေတန်ယာဟု၏ ညွန့်ပေါင်းအဖွဲ့တွင် ပါဝင်ရန် ငြင်းဆန်ခဲ့သည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ရုရှားစကားပြော ရွှေ့ပြောင်းအခြေစိုက်နေထိုင်သူ လူတစ်သန်းခန့် အစ္စရေးနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်း၏ ရလဒ်အဖြစ် သူ၏ပါတီမှာ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရန်အခွင့်ကြုံလေတိုင်း ဩဇာတက္ကမကြီးမားသောပါတီ တစ်ပါတီအဖြစ် ဒေါင်းတည်မောင်းတည် ရပ်တည်နိုင်ခဲ့သည်။

အာထရာအော်သိုဒေ့ါ ရဟူဒီလူငယ်များ စစ်မှုမထမ်းမနေရဥပဒေမှ ကင်းလွတ်ခွင့်ပေးသင့်၊ မသင့် သဘောထားကွဲလွဲမှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ရာ ရွေးကောက်ပွဲကို သတ်မှတ်ထားချိန်ထက်စော၍ ခေါ်ယူရန် အခြေအနေဖြစ်ပေါ် လာခဲ့ပြီး လာမည့် စက်တင်ဘာ ၁၇ ရက်တွင် ပါလီမန် ရွေးကောက်ပွဲကို တစ်ကျော့ပြန် ကျင်းပရပေဦးမည်။

### အမတ်များကိုယ်တိုင် မဲပေးဆုံးဖြတ်

အစ္စရေးနိုင်ငံသမိုင်းတွင် မကြုံစဖူး ထူးထူးကဲကဲ အာဏာရ ညွန့်ပေါင်းအဖွဲ့တစ်ရပ် ဖွဲ့စည်းနိုင်ခြင်းမရှိသည့် အခြေအနေဟု ဆိုကြသည်။ ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ပါလီမန်ကိုဖျက်သိမ်းရန် အမတ်များကိုယ်တိုင် မဲပေးဆုံးဖြတ်ခဲ့ကြပြီး ရွေးကောက်ပွဲသစ်ကျင်းပရန် လမ်းဖွင့်ပေးခဲ့သည်။ ဝန်ကြီးချုပ်အဖြစ် "အပြာနှင့် အဖြူရောင်ပါတီ" (Blue and White Party) ခေါင်းဆောင် ဘန်နီဂန့်ဇ်အား နေရာမပေးလိုသဖြင့် ရွေးကောက်ပွဲသစ်ကျင်းပရန် တာစူခဲ့ကြသည်။ အဆိုပါ ပါတီမှာ အစ္စရေးနိုင်ငံတွင် သဘောထား အလယ်အလတ် မူဝါဒကျင့်သုံးသည့် လစ်ဘရယ်နိုင်ငံရေးပါတီအဖြစ် ရပ်တည်နေသည်။ ညွန့်ပေါင်းအစိုးရအဖွဲ့တစ်ရပ် မဖွဲ့စည်းနိုင်မီ ပါလီမန်ကို ဖျက်သိမ်းရန် အမတ်များကိုယ်တိုင် မဲပေးဆုံးဖြတ်ခဲ့ခြင်းသည် အစ္စရေးနိုင်ငံသမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်သည်။

ဧပြီလ ရွေးကောက်ပွဲအပြီး လီကွတ်ပါတီ၏ ခေါင်းဆောင်လည်းဖြစ်၊ လက်ရှိဝန်ကြီးချုပ်လည်းဖြစ်သူ နေတန်ယာဟုအတွက် ညွန့်ပေါင်းအဖွဲ့ ဖွဲ့ရန် မေလ ၂၉ ရက်အထိ အချိန်ရရှိခဲ့သည်။ သမ္မတ ရီဗန်ရီဗလင်ကလည်း ရက်သတ္တ နှစ်ပတ်အထိ အချိန်တိုးပေးခဲ့သည်။ သို့ရာတွင် သတ်မှတ်ချိန်အတွင်း ညွန့်ပေါင်းမဖွဲ့နိုင်သဖြင့် အခြေအနေမှာ တစ်မျိုးပြောင်းလဲခဲ့ရသည်။

စက်တင်ဘာ ၁၇ ရက် ရွေးကောက်ပွဲအကြို စစ်တမ်းများအရ လာမည့် ရွေးကောက်ပွဲတွင် နေတန်ယာဟု အောင်ပွဲခံနိုင်မည်မဟုတ်ဟုဆိုသည်။ အကြောင်းမှာ နေတန်ယာဟုအား ယခင်က လှိုက်လှိုက်လှဲလှဲ အားပေးထောက်ခံခဲ့ကြသော မဲဆန္ဒရှင်များကိုယ်တိုင် မဲ မပေးဘဲနေခြင်း၊ လီကွတ်ပါတီနှင့် အပြာနှင့်အဖြူရောင်ပါတီတို့အကြား သူမသာ ကိုယ်မသာ အနေအထားတွင် ရောက်ရှိနေခြင်းစသည့် အကြောင်းတရားများကြောင့် ဖြစ်သည်။

### သဘောထားကွဲလွဲ

နေတန်ယာဟုသည် အနောက်ဘက်ကမ်းဒေသရှိ ဂျော်ဒန်တောင်ကြားဒေသအား အစ္စရေး၏ပိုင်နက်နယ်မြေနှင့် ချိတ်ဆက်ရေးကိစ္စတွင် ရှေ့နေချုပ် အဗီချိုင်းမန်ဒယ်လစ်နှင့် အကြီးအကျယ် သဘောထားကွဲလွဲလျက်ရှိသည်။

မန်ဒယ်လစ်သည် ၂၀၀၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ စစ်ဥပဒေချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နေတန်ယာဟုသည် ရွေးကောက်ပွဲမကျင်းပမီမှာပင် ဂျော်ဒန်တောင်ကြားဒေသကို အစ္စရေး၏ပိုင်နက် နယ်မြေနှင့် ချိတ်ဆက်ရန် ကြိုးပမ်းလိုသည်ဟု ဆိုခဲ့သည်။ သို့ရာတွင် လက်ရှိအိမ်စောင့်အစိုးရအဖွဲ့အနေဖြင့် ယင်းသို့ လုပ်ဆောင်ရန် အခွင့်အာဏာမရှိကြောင်း မန်ဒယ်လစ်က တုံ့ပြန်ခဲ့သည်။

ဂျော်ဒန်တောင်ကြားဒေသ နယ်မြေအပေါ် အချုပ်အခြာအာဏာ သက်ရောက်ကြောင်း ချက်ချင်းလက်ငင်းပင် မိမိကြေညာနိုင်ရန် စီစဉ်ထားသည်ဟု နေတန်ယာဟုက စက်တင်ဘာ ၁၁ ရက်တွင် ပြောကြားခဲ့ရာ ရှေ့နေချုပ်၏ သတိပေးချက် ပြန်လည်ပေါ်ထွက်ခဲ့သည်။ ရွေးကောက်ပွဲအပြီး အစိုးရအဖွဲ့သစ် ဖွဲ့စည်းပြီးမှသာ ယင်းသို့ လုပ်ဆောင်နိုင်ခွင့်ရှိသည် ဆို၏။

ဝန်ကြီးချုပ် နေတန်ယာဟု၏ လတ်တလော ကြုံးဝါးနေမှုအပေါ် အဓိက စိတ်မသက်မသာဖြစ်ရသူများမှာ ယင်းဒေသ၌ နေထိုင်လျက်ရှိကြသော ပါလက်စတိုင်းတို့ ဖြစ်ကြသည်။

### ဥပဒေမဲ့လုပ်ရပ်

ဂျော်ဒန်တောင်ကြားဒေသနှင့် ပင်လယ်သေ၏ မြောက်ဘက်ရေိယာများကို အစ္စရေး၏ပိုင်နက်အတွင်းသို့ သွတ်သွင်းရမည်ဆိုသော နေတန်ယာဟု၏ ကြုံးဝါးထားချက်ကို အာရပ်နိုင်ငံများက ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခဲ့ကြသည်။ အစ္စရေးခေါင်းဆောင်၏ကြေညာချက်ကို ဂျော်ဒန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က အကြီးအကျယ် ပြစ်တင်ပြောဆိုခဲ့ကြသည်။ နေတန်ယာဟု၏ အာဏာစက်တိုးချဲ့ရေး အယူအဆသည် ဥပဒေမဲ့လုပ်ရပ်အဖြစ် ပါလက်စတိုင်းတို့က ဝေဖန်ခဲ့ကြသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ အသစ်တစ်ဖန် ပြန်လည်ကျင်းပရေး အလားအလာ မှေးမှိန်ရလိမ့်မည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးကလည်း သတိပေးခဲ့သည်။

နေတန်ယာဟု၏ အာဏာစက်တိုးချဲ့ရေး အဆိုပြုချက်သည် ငြိမ်းချမ်းရေး၏ အခါအခွင့်သင့်မှုမှန်သမျှကို ရိုက်ချိုးပစ်ရာရောက်ကြောင်း ပါလက်စတိုင်း ဆွေးနွေးရေးမှူးချုပ် ဆာအိ အာရီကက်က ထုတ်ပြန်ကြေညာခဲ့သည်။

အနောက်ဘက်ကမ်းဒေသကို အစ္စရေး၏ပိုင်နက်အဖြစ် တိုးချဲ့သွတ်သွင်းရေးအစီအစဉ်ကို ရုရှားနိုင်ငံကလည်း ရှုတ်ချခဲ့သည်။ နေတန်ယာဟု၏ တူရူပြုချက်သည် ဒေသဆိုင်ရာတင်းမာမှုများကို မြင့်မားစေနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ်မှစ၍ အနောက်ဘက်ကမ်းဒေသကို သိမ်းပိုက်ခဲ့သော်လည်း အာဏာစက်တိုးချဲ့ခြင်းကိုမူ မပြုခဲ့ချေ။ မိမိတို့နိုင်ငံ၏ လုံခြုံရေးအကြောင်းတရားများအရ ဂျော်ဒန်တောင်ကြားဒေသတွင် မိမိတို့၏ စစ်ရေးတည်ရှိမှုကို အမြဲထာဝရ ထိန်းသိမ်းထားသင့်သည်ဆိုသော အစ္စရေးနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး အာဏာပိုင်စိုးသူ နေတန်ယာဟု၏ အိပ်မက် မည်သို့မည်ပုံ အကောင်အထည်ပေါ်လာနိုး ကျွန်ုပ်တို့ ဆက်လက်စောင့်ကြည့်ရန် လိုအပ်ပုံကို တွေးတောမိရင်း "နေတန်ယာဟု နှုတ်မြွက်စကား သောင်းတိုင်ကကြား"ဟု ကျူးရင့်မိပါသတည်း။ ။

Ref: Benjamin Netanyahu Vows to Annex Part of West Bank If He Wins Reelection (npr)

# အမေရိကန်စိုက်ပျိုးမွေးမြူရေးထွက်ကုန်များအပေါ် ကြီးလေးသည့် အခွန်ကောက်ခံမှု တရုတ်ဖယ်ရှားမည်



**ပေကျင်း စက်တင်ဘာ ၁၄**

အမေရိကန်နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်အချို့ အပေါ် ထပ်ဆောင်းအခွန်ကောက်ခံမှုအား ကင်းလွတ်ခွင့်ပေးမည့် အစီအစဉ်တစ်ရပ်ကို တရုတ်အစိုးရက ထုတ်ပြန်ကြေညာခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ပဲပုပ်နှင့် ဝက်သားစသည့် ကုန်ပစ္စည်းများအား အခွန်ထပ်ဆောင်းကောက်ခံမည့်စာရင်းများမှ ဖယ်ရှားပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရနိုင်ငံပိုင် သတင်းဌာန ဆင်ဟွာက ဖော်ပြသည်။

အမေရိကန် ဒေါ်လာသန်းထောင်ပေါင်း ၂၅၀ ရှိသည့် တရုတ်နိုင်ငံမှ တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် ထပ်ဆောင်းအခွန်ကောက်ခံမှုကို အမေရိကန်ပြည်ထောင်စုက အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ရွှေ့ဆိုင်းပေးခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်နိုင်ငံက ယင်းသို့ တန်ပြန်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ပြောကြားထားသည့်အတိုင်း လုပ်ဆောင်မည်ဆိုပါက နှစ်နိုင်ငံစိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးနိုင်မည်ကို မျှော်လင့်ရကြောင်း တရုတ်အစိုးရသတင်းရင်းမြစ်များအား ကိုးကားပြီး ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနှစ်နိုင်ငံမှ ဝန်ကြီးအဆင့် ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများကို အောက်တိုဘာလအတွင်း ပြုလုပ်ရန် အစီအစဉ်များရှိကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ဂါဇာကမ်းမြောင်အရှေ့ဘက်ပိုင်းတွင် တိုက်ခိုက်မှုများ ဖြစ်ပွား

**ဂါဇာ စက်တင်ဘာ ၁၄**

ဂါဇာကမ်းမြောင်ဒေသ အရှေ့ဘက်ပိုင်းတွင် ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံ နယ်နိမိတ်ပိုင်းခြားထားသည့် ဒေသအတွင်း၌ အစ္စရေးနိုင်ငံဘက်ခြမ်း၌ တပ်စွဲနေသည့်အစ္စရေးစစ်ဘက်မှ တပ်ဖွဲ့ဝင်များနှင့် ဂါဇာဒေသခံ ပါလက်စတိုင်း ဆန္ဒပြသူများအကြား စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ပါလက်စတိုင်းလူမျိုး ၅၅ ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ဂါဇာဒေသမှ အာဏာပိုင်များက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ အရှေ့ဘက်ကမ်းတွင် အစ္စရေးစစ်ဘက်မှ ပစ်ခတ်ခဲ့မှုကြောင့် ပါလက်စတိုင်း ၂၉ ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး ၎င်းတို့အထဲတွင် အမျိုးသမီး နှစ်ဦး ပါဝင်ကြောင်း၊ အစ္စရေးစစ်ဘက်၏ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူဦးရေမှာ ၅၅ ဦးထက်မနည်းရှိကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အရှက်ပ် အယ်လ်ကွိဒရာက ပြောကြားသည်။

စက်တင်ဘာ ၁၃ ရက် နံနက်အစောပိုင်းတွင် အစ္စရေးအား ဆန့်ကျင်ဆန္ဒပြသူ ၅၀၀၀ ကျော်တို့သည် ဂါဇာကမ်းမြောင် အရှေ့ဘက်ဒေသတွင် စုရုံးခဲ့ကြပြီး အစ္စရေးနိုင်ငံက သိမ်းယူခဲ့သည့် နယ်မြေများအတွက် မဟာနောက်ကြောင်းပြန်ချီတက်မှု ပြုလုပ်ရန်အတွက် ယင်းဒေသအား အုပ်ချုပ်နေသည့်မဟာမင်းကြီးအား တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆန္ဒပြသမားများသည် ၎င်းတို့ကိုင်ဆောင်လာသည့် ပါလက်စတိုင်းအလံများအား ဝှေ့ယမ်းခြင်း၊ မော်တော်ကား တာယာများအား မီးရှို့ခြင်းနှင့် ကျောက်တုံး ကျောက်ခဲများ၊ အိမ်တွင်းလုပ်ဗုံးများဖြင့် အစ္စရေးစစ်ဘက်တပ်ဖွဲ့ဝင်များအား ပစ်ပေါက်ခြင်းများကို လုပ်ဆောင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**



# မြောက်ကိုရီးယား ဟက်ကာအဖွဲ့သုံးဖွဲ့အား အမေရိကန်က အရေးယူမှုများပြုလုပ်မည်

**ဝါရှင်တန် စက်တင်ဘာ ၁၄**

အမေရိကန်ဘဏ္ဍာရေးဌာနက မြောက်ကိုရီးယားအစိုးရ ကျောထောက်နောက်ခံပြုပေးသော ဟက်ကာအဖွဲ့သုံးဖွဲ့အား နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုရှိစေရန် အရေးယူမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာ ၁၃ ရက်တွင် အမေရိကန်ဘဏ္ဍာရေးဌာနက Lazarus၊ Bluenoroff နှင့် Andariel အဖွဲ့များ၏ ပိုင်ဆိုင်မှုများကို ပိတ်ပင်မှုများအပြင် အခြားသော အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်း၏ ကြေညာချက်တွင် ဖော်ပြသည်။

ယင်းသို့ ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်ရန် အဆိုပါအုပ်စုများကို မြောက်ကိုရီးယား စုံစမ်းထောက်လှမ်းရေးအေဂျင်စီက ညွှန်ကြားမှုများ ပေးလျက်ရှိသည်ဟု အမေရိကန် ဘဏ္ဍာရေးဌာန တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်ကစပြီး အဆိုပါအဖွဲ့က ဆိုက်ဘာတိုက်ခိုက်မှုကျူးလွန်ခဲ့ပြီးသော နိုင်ငံအရေအတွက်မှာ ၁၅၀ ကျော်ရှိပြီဖြစ်သည်။ ယင်းတို့အနက် ဂျပန်နိုင်ငံလည်း ပါဝင်ခဲ့သည်။ သို့သော် မြောက်ကိုရီးယားအစိုးရက ဆိုက်ဘာတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းပယ်လျက်ရှိသည်။

ယခု ရက်သတ္တပတ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မြောက်ကိုရီးယားအရေးတွင် သဘောထားတင်းမာလျက်ရှိသည့် အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်အား ရာထူးမှ ဖယ်ရှားခဲ့သည်။ ဂျွန်ဘော်လ်တန်သည် မြောက်ကိုရီးယားနှင့် ဆွေးနွေးမှုများအပေါ် အဆိုးမြင်ဝါဒများ လက်ကိုင်ထားသူဖြစ်သည်။

ယခုလကုန်ပိုင်းတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ၏ သီးခြားအစည်းအဝေးများတွင် အမေရိကန်နှင့် မြောက်ကိုရီးယား တာဝန်ရှိသူများ ဆွေးနွေးမှုများ ပြုလုပ်မလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ဇင်ဘာဘွေသမ္မတဟောင်း ရောဘတ်မူဂါဘီ၏ စျာပနအခမ်းအနားသို့ အာဖရိကခေါင်းဆောင်များ တက်ရောက်

**ဟာရာရီ စက်တင်ဘာ ၁၄**

ဇင်ဘာဘွေခေါင်းဆောင်ဟောင်း ရောဘတ်မူဂါဘီ၏ စျာပနအခမ်းအနားကို ယနေ့ နိုင်ငံတော်အဆင့် ကျင်းပခဲ့ပြီး ကိုလိုနီခေတ် လွတ်မြောက်ရေးသူရဲကောင်းအဖြစ် ညွှန်းဆိုထားသည့် သူ့ကို အာဖရိကခေါင်းဆောင်များက ချီးကျူးဂုဏ်ပြုခဲ့ကြသည်။

၂၀၁၇ ခုနှစ်တွင် ရာထူးမှ ဖြုတ်ချခံခဲ့ရသည့် မူဂါဘီမှာ ပြီးခဲ့သောသီတင်းပတ်က စင်ကာပူတွင် အသက် ၉၅ နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ ၎င်း၏ ခန္ဓာကိုယ်အား စက်တင်ဘာ ၁၁ ရက်တွင် စင်ကာပူမှ ဆယ်စုနှစ်ပေါင်းများစွာ စီးပွားရေးအကျပ်အတည်းများကြောင့် ငွေကြေးဖောင်းပွမှု၊ စားနပ်ရိက္ခာနှင့် လောင်စာဆီပြတ်လပ်မှုများ ကြုံတွေ့နေရသည့် ဇင်ဘာဘွေနိုင်ငံသို့ ပြန်လည်သယ်ယူခဲ့သည်။ "အစိုးရရဲ့ ရပ်တည်ချက်ကတော့ ရှင်းပါတယ်။ ကွယ်လွန်သူ သမ္မတ မူဂါဘီဟာ စံပြလောက်စရာပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီး ဆီဘူဆီဆိုမိုယိုက ပြောကြားသည်။ တောင်အာဖရိကသမ္မတ ဆိုင်ရီလ်ရာမာဖိုဆာနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ အာဖရိကအကြီးအကဲများ၊ ခေါင်းဆောင်ဟောင်းများမှာ ဟာရာရီအားကစားကွင်း၌ ကျင်းပသည့် မူဂါဘီ၏ တရားဝင် စျာပနအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ဂူဗိမာန်သစ်တစ်ခု တည်ဆောက်ပြီးမှသာ အမျိုးသားအထိမ်းအမှတ်အဆောက်အအုံ၌ အပြီးသတ် မြေမြှုပ်သင်္ဂြိုဟ်ခြင်းအခမ်းအနား ပြုလုပ်မည်ဟု မိသားစုဝင်များက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဘဟားမားကျွန်းသို့ အားကောင်းသောမုန်တိုင်းတစ်လုံး ထပ်မံချဉ်းကပ်လာ



**နာစောင်း စက်တင်ဘာ ၁၄**

မကြာသေးမီက ဒိုရီယန်မုန်တိုင်းတိုက်ခတ်ခဲ့သည့် ဘဟားမားကျွန်းသို့ အပူပိုင်းမုန်တိုင်းတစ်လုံး ထပ်မံချဉ်းကပ်လာလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘဟားမားကျွန်းတွင် ဒိုရီယန်မုန်တိုင်းတိုက်ခတ်ခဲ့သည့်အတွက် ယခုထိတိုင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။

အမျိုးသားဟာရီကိန်းစင်တာက ဘဟားမားကျွန်းသို့ အားကောင်းသော အပူပိုင်းမုန်တိုင်းတစ်လုံး ဦးတည်ဝင်ရောက်နိုင်ဖွယ်ရှိသည်ဟု စက်တင်ဘာ ၁၃ ရက်က ကြေညာခဲ့သည်။

ဟမ်ဘာတိုအမည်ရှိ အပူပိုင်းမုန်တိုင်းသည် ဘဟားမားကျွန်းအနောက်မြောက်ဘက်သို့ ဦးတည်ရွေ့လျားလာလျက်ရှိကြောင်း မိုးလေဝသတာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့သည်။

ဟမ်ဘာတို မုန်တိုင်းသည် ဂရန်းဘဟားမားနှင့် အာဘာကိုကျွန်းများသို့ ဖြတ်သန်းတိုက်ခတ်သွားဖွယ်ရှိသည်။ အဆိုပါကျွန်းများသည် ဒိုရီယန်မုန်တိုင်းဒဏ်သင့်နေရာများဖြစ်ကြောင်း သိရသည်။ ဟမ်ဘာတိုမုန်တိုင်း ထပ်မံတိုက်ခတ်ပါက ဒိုရီယန်မုန်တိုင်းတိုက်ခတ်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နှောင့်နှေးကြန့်ကြာစေမည်ဖြစ်သည်ဟု ဘဟားမားအမျိုးသား အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီပြောရေးဆိုခွင့်ရှိသူ ကားလ်စမစ်က ဆိုသည်။

ဟမ်ဘာတိုမုန်တိုင်းသည် တစ်နာရီ မိုင် ၄၀ နှုန်းဖြင့် ရွေ့လျားလျက်ရှိပြီး နှစ်ရက်၊ သုံးရက်အကြာတွင် ဟာရီကိန်းမုန်တိုင်းအသွင် ကူးပြောင်းသွားဖွယ်ရှိသည်။

ဟာရီကိန်းမုန်တိုင်းအသွင် ပြောင်းလဲသွားပါက တစ်နာရီ မိုင် ၆၀ နှုန်း လေပြင်းတိုက်ခတ်နိုင်ဖွယ်ရှိသည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုများနှင့် ရေကြီးရေလျှံခြင်းများကိုပါ ဖြစ်ပေါ်စေနိုင်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# တာလီဘန်အဖွဲ့နှင့် ရုရှား ဆွေးနွေးပွဲပြုလုပ်



**မော်စကို စက်တင်ဘာ ၁၄**

အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့၏ ဆွေးနွေးပွဲပျက်ပြားပြီးနောက် တာလီဘန်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့တွင် ရုရှားအရာရှိများနှင့် ဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့က ပြောကြားသည်။

ရုရှားသမ္မတ၏ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဇာမီယာကာဘူလော့ဗ်သည် မော်စကိုမြို့တွင် တာလီဘန်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံခဲ့သည်ဟု ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ RIA Novosti သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့အကြား ဆွေးနွေးပွဲများ ပြန်စတင်ရန် လိုအပ်မှုကို ရုရှားဘက်က အလေးအနက် ပြောကြားခဲ့ကြောင်း၊ တာလီဘန်တို့ဘက်ကလည်း ၎င်းတို့အနေဖြင့် အမေရိကန်နှင့် ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်ရန် လိုလားသည်ဟု အတည်ပြုပြောကြားခဲ့ကြောင်း ယင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ် မတိုင်မီအထိ အမေရိကန်-တာလီဘန် သဘောတူညီချက်ရရှိရေး မျှော်လင့်ချက်များ မြင့်တက်ခဲ့သည်။ ယင်းသဘောတူညီချက်ရရှိပါက အမေရိကန်သည် အာဖဂန်နစ္စတန်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချရမည်ဖြစ်သည်။ တာလီဘန်အဖွဲ့ကလည်း အစွန်းရောက်အုပ်စုများကို မောင်းထုတ်၍ လုံခြုံရေးအာမခံချက် ပေးရမည်ဖြစ်သည်။

သို့သော်လည်း တနင်္ဂနွေနေ့က သမ္မတ ဒေါနယ်ထရန့်က အမေရိကန်နိုင်ငံတွင် တာလီဘန်အဖွဲ့နှင့် ပြုလုပ်မည့် အစည်းအဝေးကို ပယ်ဖျက်လိုက်ကြောင်း ပြောကြားခဲ့ပြီး စစ်သွေးကြွများနှင့် ပြုလုပ်မည့်ဆွေးနွေးပွဲသည် ပျက်ပြားသွားပြီဟု ကြေညာခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အမေရိကန်စစ်သား ၁၃၀၀၀ ကျော်ရှိနေဆဲဖြစ်ပြီး စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်း လွန်ခဲ့သည့် ၁၈ နှစ်က စတင်ဆင်နွှဲခဲ့သည့် အမေရိကန်နိုင်ငံ၏ အရှည်ကြာဆုံးစစ်ပွဲကို အဆုံးသတ်ရန် သမ္မတ ဒေါနယ်ထရန့် စိတ်အားထက်သန်လျက်ရှိသည်။ သို့သော်လည်း အာဖဂန်နစ္စတန်နိုင်ငံတွင် သမ္မတရွေးကောက်ပွဲကို စက်တင်ဘာ ၂၈ ရက်တွင် ကျင်းပရန် လျာထားရာ အကြမ်းဖက်တိုက်ခိုက်မှုများ များပြားလာနိုင်ကြောင်း စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။

၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရ ပြုတ်ကျပြီးနောက် စတုတ္ထအကြိမ်ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲကို ယခုနှစ်အတွင်း နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရပြီးဖြစ်သည်။ အာဖဂန်နစ္စတန်အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်လက်နက်ကိုင်အဖွဲ့တို့သည် နိုင်ငံတစ်ဝန်းတွင် အပြင်းအထန် တိုက်ပွဲများ ဆင်နွှဲလျက်ရှိသည်။

တာလီဘန်အဖွဲ့များက တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်ရန် ကတိပြုထားပြီး ဆွေးနွေးပွဲများမှ နုတ်ထွက်သွားသည့် အမေရိကန်နိုင်ငံကို နောင်တရအောင်လုပ်မည်ဟု ဆိုသည်။ ရုရှားနိုင်ငံသည် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို လွှမ်းမိုးရန် ကြိုးစားနေပြီး ယခုနှစ်အစပိုင်းတွင် အာဖဂန်နိုင်ငံရေးခေါင်းဆောင်များနှင့် မော်စကိုမြို့တွင် အစည်းအဝေးနှစ်ခု ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**



© Reuters

# ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုများကြောင့် ဆော်ဒီ ရေနံသန့်စင်စက်ရုံနှစ်ရုံ မီးလောင်

**ရီယတ် စက်တင်ဘာ ၁၄**

ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်မှုများကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၏ အာရမ်ကို ကုမ္ပဏီပိုင် ရေနံစက်ရုံနှစ်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဆော်ဒီပြည်ထဲရေးဝန်ကြီးက ယနေ့ ကြေညာသည်။

အဆိုပါ တိုက်ခိုက်မှုများသည် ယနေ့ အစောပိုင်းက နိုင်ငံ၏ အရှေ့ဘက် အာရမ်ကို ရေနံကုမ္ပဏီနှင့် ဟစ်ချ်ရတ်ခူရိုက်စ် ရေနံမြေတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သို့သော် မီးလောင်မှု အခြားနေရာသို့မကူးမီ ကုမ္ပဏီလုံခြုံရေးအဖွဲ့က အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့သည်။ တာဝန်ရှိသူများသည် မီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယီမင်နိုင်ငံ အခြေစိုက် ဟူသီစစ်သွေးကြွများသည် လွန်ခဲ့သည့်နှစ်များက ဆော်ဒီအာရေဗျနိုင်ငံကို ဒုံးကျည်များနှင့် ဒရုန်းလေယာဉ်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

သို့သော် ဆော်ဒီအာရေဗျနိုင်ငံသည် ယင်းတိုက်ခိုက်မှုအများစုကို ၎င်းတို့၏ ပစ်မှတ်များမရောက်မီ ဟန့်တားဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - ဂျေတီ**

# ကမ္ဘာ့ပထမဆုံးငှက်ဖျားရောဂါကာကွယ်ဆေး အသုံးပြုသည့် တတိယမြောက်နိုင်ငံ ကင်ညာဖြစ်လာ

**နိုင်ရိုဘီ စက်တင်ဘာ ၁၄**

ကင်ညာနိုင်ငံသည် ကမ္ဘာတစ်ဝန်းကလေးငယ် ၈၀၀ နေ့စဉ်သေဆုံးစေသည့် ငှက်ဖျားရောဂါကိုတိုက်ဖျက်ရန် ထုတ်လုပ်သည့် ကမ္ဘာ့ပထမဆုံးကာကွယ်ဆေးကို အသုံးပြု၍ ကလေးငယ်များအား ငှက်ဖျားရောဂါကာကွယ်ဆေး တိုက်ကျွေးခြင်းကို စတင်သည့် တတိယမြောက်နိုင်ငံ သောကြာနေ့က ဖြစ်လာသည်။

RTS,S ဟုအမည်ရသည့် ကာကွယ်ဆေးသည် အာဖရိကနိုင်ငံတွင် အများဆုံးတွေ့ရသည့် သေကျေပျက်စီးမှုအများဆုံးဖြစ်စေသည့် ငှက်ဖျားရောဂါတစ်မျိုးကို တိုက်ဖျက်ရန် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်။

ခြင်ကြောင့်ဖြစ်သောရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးသူအားလုံး၏ သုံးပုံနှစ်ပုံသည် အာဖရိကတိုက်မှ ငါးနှစ်အောက်ကလေးငယ်များဖြစ်သည်။ ကင်ညာနိုင်ငံသည် အနောက်ပိုင်းဟိုမာဘေးစီရင်စုတွင် RTS,S ငှက်ဖျားကာကွယ်ဆေးကို စတင်အသုံးပြုနေပြီဖြစ်သည်။ မာလဝီနိုင်ငံနှင့် ဂါနာနိုင်ငံတို့သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း ရှေ့ပြေးအစီအစဉ်များကို ယခုနှစ် စောစောပိုင်းက စတင်ခဲ့သည်။

“ဒီကာကွယ်ဆေးဟာ ကျွန်တော်တို့ ဒီနေ့ရရှိတဲ့ အထိရောက်ဆုံးငှက်ဖျားကာကွယ်ဆေးဖြစ်ပါတယ်၊ ဒီဆေးကို ဆယ်စုနှစ်သုံးခုကြာ အကောင်အထည်ဖော်လာတာ ဖြစ်ပါတယ်”ဟု ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်မှ ပူးတွဲညှိနှိုင်းရေးမှူး ဒေါက်တာရစ်ချတ်မီဟီဂိုက အေအက်ဖ်ပီကို ပြောကြားသည်။

စမ်းသပ်ချက်အရ ယင်းကာကွယ်ဆေးသည် ငှက်ဖျားရောဂါဖြစ်ပွားသည့် လူနာ ၁၀ တွင် လေးဦးနှင့် အပြင်းထန်ဆုံး အသက်အန္တရာယ်ခြိမ်းခြောက်သည့် ရောဂါမျိုးဖြစ်ပွားသည့် လူနာ ၁၀ ဦးတွင် သုံးဦးအထိ ကာကွယ်ပေးနိုင်ကြောင်း WHO ကပြောသည်။ ကြာရှည်ခံသည့် ဆေးစိမ်ခြင်ထောင် အသုံးပြုခြင်းကဲ့သို့ အခြားငှက်ဖျားရောဂါကာကွယ်ရေးစီမံချက်များနှင့်အတူ RTS,S ကာကွယ်ဆေးကို ငှက်ဖျားရောဂါတိုက်ဖျက်ရေး လက်နက်အဖြစ်ပို၍ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရန် ထည့်သွင်းစဉ်းစားမည်ဟု သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# မြေပြိုမှုကြောင့် နီပေါနိုင်ငံ၌ ခြောက်ဦး သေဆုံး

**ခတ္တမန္ဒူ စက်တင်ဘာ ၁၄**

နီပေါနိုင်ငံ အနောက်ဘက် ရော်လ်ပါခရိုင်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူနေအိမ်နှစ်လုံး မြေပိပြီး လူခြောက်ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ကူညီကယ်ဆယ်ရေးအာဏာပိုင်အဖွဲ့က ယနေ့ ပြောကြားသည်။

အဆိုပါ မြေပြိုမှုသည် ရောလ်ပါခရိုင် ချာလဘန်ကျေးရွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအားလုံးသည် မြေပြိုမှု အကျိုးအပဲ့အောက်တွင် မြေမြုပ်ခဲ့ကြောင်း ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ ချီထရာဘဟာဒူရ်ဂူရုန်က ပြောကြားသည်။

သေဆုံးသူများသည် မြေပြိုမှုဖြစ်ပွားစဉ် ၎င်းတို့၏ နေအိမ်ထဲတွင် အိပ်ပျော်နေကြပြီး လမ်းမကြီးတစ်ခြမ်းလုံးက နေအိမ်ပေါ်သို့ ပြိုကျခဲ့ပြီးနောက် နေအိမ်များပါ မျောပါသွားပြီး မြေမြုပ်ခဲ့ရခြင်းဖြစ်ကြောင်း၊ သေဆုံးသူများအနက် လေးဦးသည် မိသားစုတစ်စုမှ ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံပြည်သူများသည် မြေပြိုမှုဖြစ်ပွားခဲ့ချိန်ကတည်းက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ချာလဘန်ကျေးရွာသည် နီပေါနိုင်ငံ၏ မြို့တော် ခတ္တမန္ဒူမြို့မှ အနောက်ဘက် ကီလိုမီတာ ၃၀၀ ကျော်အကွာတွင် တည်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရောလ်ပါခရိုင်အတွင်း မြေပြိုမှုအများအပြားဖြစ်ပွားခဲ့ပြီး ယင်းမြေပြိုမှုများကြောင့် ခရိုင်ရုံးချုပ်နှင့် အခြားနေရာများအကြား လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**



# မိုင်းဖြတ်မြို့၌ အဆိပ်သောက်သေကြောင်းကြံသည့် မိသားစုခြောက်ဦးအနက် လေးဦးသေဆုံး

**မိုင်းဖြတ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ ဈေးတန်း(ကွက်သစ်) ရပ်ကွက်၌ အဆိပ်သောက်ကာ သေကြောင်းကြံသည့် မိသားစုခြောက်ဦးအနက် လေးဦး သေဆုံးမှု စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မိုင်းဖြတ်မြို့ ဈေးတန်း(ကွက်သစ်) ရပ်ကွက်နေ ဦးအားမြာ၏ နေအိမ်တွင် မိသားစုလေးဦး အဆိပ်သောက်သေဆုံးကြောင်း သတင်းအရ မိုင်းဖြတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်၊ မြို့မစခန်းမှူး ဒု-ရဲမှူး မြတ်နိုးနှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ မိုင်းဖြတ်မြို့ ဈေးတန်း (ကွက်သစ်) အိမ်အမှတ်(တ/၈၂) နေအိမ်တွင် မနေမိ၊ မောင်ဆီလုတို့နှစ်ဦး ငိုနေသည်ကိုတွေ့ရပြီး နေအိမ်အိပ်ခန်းအတွင်း၌ ဦးအားမြာ၊ ဇနီး ဒေါ်အီနား၊ သားကြီး မောင်ထောမေ၊ သားအငယ်ဆုံး နေလင်းထွန်းတို့သည် နှာခေါင်းနှင့် ပါးစပ်များတွင် အမြှုပ်နှင့် သွေးများထွက်၍သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။

သမီးဖြစ်သူ၏ပြောပြချက်အရ စက်တင်ဘာ ၁၂ ရက်ည ၉ နာရီခန့်တွင် လားဟူတိုင်းရင်းသားအခေါ်(နံဝို့ပင်) အဆိပ်ပင်၏ အမြစ်နှင့် အရွက်တို့ကို ရေနွေးခရားအိုးဖြင့် ကျိုချက်၍ သား၊ သမီးများအား ဦးစွာတိုက်ကျွေးပြီး မိဘနှစ်ပါးမှာ နောက်ဆုံးသောက်၍ အိပ်ရာဝင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးနိုင်ရန် မိုင်းဖြတ်မြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ယာယီဒု-ရဲမှူးကြီးကျော်မင်းလှိုင် ဦးစီးသော တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း၊ မိသားစုဝင် ၇၀ တို့ စက်တင်ဘာ ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် စုပေါင်းသွေးလှူဒါန်းစဉ်။ ကြေးမုံ

# ဖောင်းပြင်မြို့နယ်တွင် တရားမဝင် ပိတောက်ခွဲသားဆိုဒ်စုံများ သိမ်းဆည်းရမိ

**ဖောင်းပြင် စက်တင်ဘာ ၁၄**

ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပေးပို့ချက်အရ စက်တင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးအောင်ကိုနိုင် ဦးစီးသောအဖွဲ့သည် ကသာခရိုင် ပင်လည်ဘူးမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးမြင့်လှိုင်အဖွဲ့နှင့်ပူးပေါင်း၍ ဖောင်းပြင်မြို့နယ် ဖောင်းပြင်-ပင်လည်ဘူးသွားကားလမ်း လက်ယာဘက်ခြမ်း ခြောက်ဖာလုံခန့်နေရာ၌ မော်တော်ယာဉ် နှစ်စီး၊ ထွန်စက်တစ်စီးနှင့်အတူ တရားမဝင် ပိတောက်ခွဲသားဆိုဒ်စုံ ၁၀၉ ချောင်း (၂ ဒသမ ၆၉၉၀ တန်)၊ ၂၅ ကောင်အင်ဂျင်တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများနှင့်အတူ ပြစ်မှုကျူးလွန်သူ ၁၀ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အား သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**လှုအောင်(ကသာ)**

# မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး

**လှည်းကူး စက်တင်ဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက စာဘူးတောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် လှည်းကူးမြို့မရဲစခန်းမှူး ဒု-ရဲမှူးမောင်မောင်ဦးက ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

# ကန့်ဘလူမြို့နယ် ယာခင်းအတွင်း လူတစ်ဦး သေဆုံး

**ကန့်ဘလူ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တောက္ကရုပ်ကျေးရွာအရှေ့ဘက် ယာခင်းအတွင်း ယနေ့ နံနက်ပိုင်းက လူတစ်ဦးဒဏ်ရာများဖြင့် သေဆုံးလျက်ရှိကြောင်း သိရသည်။

အဆိုပါသေဆုံးသူသည် ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက်နေ ဦးကျော်ကျော်ဖြစ်ပြီး ပြင်ပဒဏ်ရာများဖြင့်သေဆုံးနေခြင်းဖြစ်ကာ ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# လင်မယားစကားများရာမှ လူသတ်မှုဖြစ်ပွား

**လှည်းကူး စက်တင်ဘာ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၌ စက်တင်ဘာ ၁၂ ရက်က လင်မယားစကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ည ၁၀ နာရီခန့်က ဦးကျော်ဝင်းသည် လှည်းကူးမြို့နယ် တောင်လုံးမြောင်ကျေးရွာတွင်ရှိနေစဉ် ၎င်း၏တူမတော်စပ်သူ ဇင်မာဝင်း(ခ)မိတူးနှင့် ခင်ပွန်းဖြစ်သူ မင်းအောင်(ခ)ငအောင်တို့ လင်မယားနှစ်ဦး စကားများရန်ဖြစ်ရာ မင်းအောင်(ခ)ငအောင်က တုတ်ဖြင့်ရိုက်၍ ဇင်မာဝင်း(ခ)မိတူး သေဆုံးသွားကြောင်း သိရသဖြင့် မင်းအောင်(ခ)ငအောင်အား လှည်းကူးမြို့မရဲစခန်းတွင် အမှုဖွင့်လုစ်ထားကြောင်း သိရသည်။ **နိုင်လင်း(လှည်းကူး)**

# တောင်ကုတ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**တောင်ကုတ် စက်တင်ဘာ ၁၄**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် တောင်ကုတ်မြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံကြီး၌ တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော တပ်ဖွဲ့ဝင် ၃၁ ဦး၊ တောင်ကုတ်နယ်မြေခံတပ်ဖွဲ့ဝင် ၅၉ ဦးနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့က ချုံနွယ်နှင့် မြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီး ရေလာကောင်းမွန်စေရေးအတွက် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူလေးဦးကို ဖမ်းဆီးရမိ

**ရန်ကုန် စက်တင်ဘာ ၁၄**

အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်း ခါးပိုက်နှိုက်မှု၊ ခိုးမှုကျူးလွန်သူလေးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ စက်တင်ဘာ ၁၂ ရက်က ထုတ်ပြန်ချက်များအရ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက် ၁၁ နာရီခွဲတွင် ခါးပိုက်နှိုက် ဖမ်းဆီးရမိရေးအတွက် အင်းစိန်မြို့နယ်အတွင်းရှိ YBS ယာဉ်လိုင်းများပေါ်တွင် အသွင်ယူလိုက်ပါခြင်း ဆောင်ရွက်ခဲ့ရာ ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး BPI မှတ်တိုင်တွင် ခါးပိုက်နှိုက်ကျော်စောသတင်းရှိသူ အောင်ကျော်ဦး(ခ) ပြုံးရွှင်၊ မင်းဇော်(ခ)ငပိန်နှင့် ကျော်ကြီး(ခ)ကျော်ဖေတို့သုံးဦးအား YBS-41 ယာဉ်မှ ဆင်းလာစဉ် ရှာဖွေစစ်ဆေးရာ Sport တံဆိပ်ပါ ကျောပိုးအိတ်အတွင်းမှ ငွေကျပ် ၁၄၄၀၀ နှင့် HUAWEI ဖုန်းတစ်လုံးတို့နှင့်ပတ်သက်၍ စစ်မေးရာ ၎င်းယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး၏ ကျောပိုးအိတ်အတွင်းမှ နှိုက်ယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် အုပ်ချုပ်မှုဌာနခွဲမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် ည ၇ နာရီတွင် ရွှေပြည်သာမြို့နယ်အတွင်း ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ ပိုင်ဦးခန့်(ခ)ငပိုင်အား (၁၉/၄၇) ရပ်ကွက်၊ သရဖီ(၃)လမ်းပေါ်တွင် SONY ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက် စံပယ်လမ်းရှိ နေအိမ်တစ်အိမ်အတွင်းမှ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ဖမ်းဆီးခဲ့သည်။

အမှုမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခါးပိုက်နှိုက်မှု ကျူးလွန်သူ အောင်ကျော်ဦး(ခ)ပြုံးရွှင် ပါသုံးဦးနှင့် ခိုးမှုကျူးလွန်သူ ပိုင်ဦးခန့်(ခ) ငပိုင်အား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံး၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ကျော်ကျော်(မလှိုင်)**

## သဘာဝဘေး



# ပဲခူးမြို့မြစ်ရေစိုးရိမ်ရေမှတ်ထက် ကျော်လွန် ရေဘေးရှောင်စခန်း ၂၆ ခုထိ ဖွင့်ထား

**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးမြစ်ရေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် စိုးရိမ်ရေမှတ် စင်တီမီတာ ၈၈၀ ထက် ကျော်လွန်၍ ၉၁၇ စင်တီမီတာသို့ ရောက်ရှိလာရာ ရေဘေးရှောင်စခန်း ၂၆ ခုထိ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ရေဘေးရှောင်ပြည်သူများအတွက် ဆက်သွယ်လှူဒါန်းနိုင်ရန် ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မဗိမာန်တွင်ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးစီမံခန့်ခွဲမှုကော်မတီဗဟိုဌာနအဖြစ် ဖွင့်လှစ်ထားရှိရာ ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်စခန်း ၂၆ ခု၌ စက်တင်ဘာ ၁၃ ရက် မွန်းလွဲစာရင်းအရ အိမ်ထောင်စု ၄၅၁၆၊ လူဦးရေ ကျား၊ မ ၂၁၇၁၈ ဦးရှိပြီး ၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ သန့်ရှင်းရေးကိစ္စများအတွက်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ပြောကြားသည်။ **ဟိန်းထက်(ပဲခူး)**

# ကျောင်းကုန်းမြို့ ပေ ၄၀ တံတားအနီး ယာဉ်တိုက်မှုဖြစ်၊ အမျိုးသမီးတစ်ဦး သေဆုံး

**ကျောင်းကုန်း စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာ ပေ ၄၀ တံတားအနီးတွင် ယမန်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒု-ရဲအုပ်လှမိုးသည် လှည်းဆိပ်ရဲကင်းစခန်းတွင် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် ၈၇/၅ နှစ် ၈၇/၆ အကြား၊ ဒါးကမှ ရန်ကုန်သို့ ဇော်မင်းလွင် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် မန္တလေးရီဝင်းနှင့် မနှင်းဝေလွင်တို့နှစ်ဦး လိုက်ပါလာသော သုံးဘီးဆိုင်ကယ်သည် မျက်နှာချင်းဆိုင်ယာဉ်ကြောမှ ဦးသက်ဆွေ မောင်းနှင်လာသော ယာဉ်အား ဝင်ရောက်တိုက်မိသဖြင့် ဇော်မင်းလွင်နှင့် မန္တလေးရီဝင်းတို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး မနှင်းဝေလွင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ ယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

ပူးတွဲ - ၁

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံသေစျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၉၉၉၇၁၄၆.၀** | **၂၂.၅** | **၂.၁** | **၂၀၄၉၆၄၉၄.၄** | **၂၁.၅** | **၂.၅** |
| | ၁ | လယ်ယာ | ၁၂၉၈၇၅၄၇.၇ | ၁၄.၆ | ၁.၁ | ၁၃၂၉၁၃၇၀.၉ | ၁၃.၉ | ၂.၃ |
| | ၂ | သားငါး | ၆၉၄၂၃၉၃.၅ | ၇.၈ | ၄.၃ | ၇၁၄၃၉၄၅.၅ | ၇.၅ | ၂.၉ |
| | ၃ | သစ်တော | ၆၇၂၀၄.၈ | ၀.၁ | -၉.၈ | ၆၁၁၇၈.၀ | ၀.၁ | -၉.၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၃၂၁၃၇၂၁၄.၅** | **၃၆.၀** | **၈.၄** | **၃၄၈၉၅၆၃၆.၉** | **၃၆.၆** | **၈.၆** |
| | ၁ | စွမ်းအင် | ၃၂၆၈၄၉၅.၀ | ၃.၇ | ၁.၃ | ၃၂၈၅၂၅၁.၇ | ၃.၄ | ၀.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄၃၅၀.၇ | ၁.၀ | ၅.၁ | ၉၆၁၉၁၂.၀ | ၁.၀ | ၅.၂ |
| | ၃ | စက်မှုလက်မှု | ၂၀၉၆၃၂၄၆.၁ | ၂၃.၅ | ၉.၈ | ၂၃၀၄၃၆၃၈.၉ | ၂၄.၂ | ၉.၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၃၇၉၅၇၀.၃ | ၁.၅ | ၇.၆ | ၁၄၈၈၇၇၃.၈ | ၁.၆ | ၇.၉ |
| | ၅ | ဆောက်လုပ်မှု | ၅၆၁၁၅၅၂.၄ | ၆.၃ | ၈.၆ | ၆၁၁၆၀၆၀.၅ | ၆.၄ | ၉.၀ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၃၇၀၄၇၃၁၇.၀** | **၄၁.၅** | **၈.၀** | **၄၀၀၃၇၀၈၇.၂** | **၄၁.၉** | **၈.၁** |
| | ၁ | ပို့ဆောင်ရေး | ၁၀၆၉၀၃၁၉.၂ | ၁၂.၀ | ၈.၁ | ၁၁၅၆၂၉၀၁.၉ | ၁၂.၁ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၂၃၀၃၀၀၀.၆ | ၂.၆ | ၁၁.၄ | ၂၅၂၂၀၃၈.၀ | ၂.၆ | ၉.၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇၆၀၅.၂ | ၀.၄ | ၇.၁ | ၄၀၉၀၂၇.၆ | ၀.၄ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၁၆၃၅၈၅.၂ | ၃.၅ | ၄.၂ | ၃၂၉၅၀၁၂.၇ | ၃.၅ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၇၉၀၇၈၉.၃ | ၃.၁ | ၁၂.၄ | ၃၁၄၉၁၃၈.၂ | ၃.၃ | ၁၂.၈ |
| | ၆ | ကုန်သွယ်မှု | ၁၇၇၃၂၀၁၇.၅ | ၁၉.၉ | ၇.၆ | ၁၉၀၉၈၉၆၈.၈ | ၂၀.၀ | ၇.၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၉၁၈၁၆၇၇.၅** | **၁၀၀.၀** | **၆.၈** | **၉၅၄၂၉၂၁၈.၅** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ - ၂

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံသေစျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၂၁၃၄၃၆၀.၅** | **၅၈.၅** | **၅.၉** | **၅၅၃၉၂၁၃၁.၃** | **၅၈.၁** | **၆.၂** |
| | ၁ | လယ်ယာ | ၁၂၉၈၇၅၄၇.၇ | ၁၄.၆ | ၁.၁ | ၁၃၂၉၁၃၇၀.၉ | ၁၃.၉ | ၂.၃ |
| | ၂ | သားငါး | ၆၉၄၂၃၉၃.၅ | ၇.၈ | ၄.၃ | ၇၁၄၃၉၄၅.၅ | ၇.၅ | ၂.၉ |
| | ၃ | သစ်တော | ၆၇၂၀၄.၈ | ၀.၁ | -၉.၈ | ၆၁၁၇၈.၀ | ၀.၁ | -၉.၀ |
| | ၄ | စွမ်းအင် | ၃၂၆၈၄၉၅.၀ | ၃.၇ | ၁.၃ | ၃၂၈၅၂၅၁.၇ | ၃.၄ | ၀.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၁၄၃၅၀.၇ | ၁.၀ | ၅.၁ | ၉၆၁၉၁၂.၀ | ၁.၀ | ၅.၂ |
| | ၆ | စက်မှုလက်မှု | ၂၀၉၆၃၂၄၆.၁ | ၂၃.၅ | ၉.၈ | ၂၃၀၄၃၆၃၈.၉ | ၂၄.၂ | ၉.၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၃၇၉၅၇၀.၃ | ၁.၅ | ၇.၆ | ၁၄၈၈၇၇၃.၈ | ၁.၆ | ၇.၉ |
| | ၈ | ဆောက်လုပ်မှု | ၅၆၁၁၅၅၂.၄ | ၆.၃ | ၈.၆ | ၆၁၁၆၀၆၀.၅ | ၆.၄ | ၉.၀ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၉၃၁၅၂၉၉.၅** | **၂၁.၆** | **၈.၄** | **၂၀၉၃၈၁၁၈.၄** | **၂၁.၉** | **၈.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၀၆၉၀၃၁၉.၂ | ၁၂.၀ | ၈.၁ | ၁၁၅၆၂၉၀၁.၉ | ၁၂.၁ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၂၃၀၃၀၀၀.၆ | ၂.၆ | ၁၁.၄ | ၂၅၂၂၀၃၈.၀ | ၂.၆ | ၉.၅ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇၆၀၅.၂ | ၀.၄ | ၇.၁ | ၄၀၉၀၂၇.၆ | ၀.၄ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၁၆၃၅၈၅.၂ | ၃.၅ | ၄.၂ | ၃၂၉၅၀၁၂.၇ | ၃.၅ | ၄.၂ |
| | ၅ | အခြားဝန်ဆောင်မှု | ၂၇၉၀၇၈၉.၃ | ၃.၁ | ၁၂.၄ | ၃၁၄၉၁၃၈.၂ | ၃.၃ | ၁၂.၈ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၇၇၃၂၀၁၇.၅** | **၁၉.၉** | **၇.၆** | **၁၉၀၉၈၉၆၈.၈** | **၂၀.၀** | **၇.၇** |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၈၉၁၈၁၆၇၇.၅** | **၁၀၀.၀** | **၆.၈** | **၉၅၄၂၉၂၁၈.၅** | **၁၀၀.၀** | **၇.၀** |

ပူးတွဲ - ၃

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပုံသေစျေးနှုန်းအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁၇၀၉၆၀၁.၇ | ၁.၉ | ၆.၇ | ၁၈၄၇၁၄၄.၆ | ၁.၉ | ၈.၀ |
| ၂ | ကယားပြည်နယ် | ၃၁၃၀၁၇.၃ | ၀.၄ | ၆.၁ | ၃၂၈၀၁၅.၇ | ၀.၄ | ၄.၈ |
| ၃ | ကရင်ပြည်နယ် | ၁၆၀၉၄၁၇.၈ | ၁.၈ | ၈.၁ | ၁၇၃၂၃၉၅.၃ | ၁.၈ | ၇.၆ |
| ၄ | ချင်းပြည်နယ် | ၃၇၆၁၇၉.၉ | ၀.၄ | ၆.၃ | ၄၀၅၈၉၂.၄ | ၀.၄ | ၇.၉ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၅၄၅၉၇၉.၈ | ၁၁.၈ | ၇.၅ | ၁၁၃၅၃၅၂၆.၈ | ၁၁.၉ | ၇.၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃၅၇၀၀၉၈.၆ | ၄.၀ | ၂.၂ | ၃၆၆၆၀၅၀.၁ | ၃.၈ | ၂.၅ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၇၃၄၆၁၁၁.၃ | ၈.၂ | ၆.၇ | ၇၈၁၇၆၀၅.၁ | ၈.၂ | ၆.၄ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇၀၅၈၆၄၂.၁ | ၇.၉ | ၄.၀ | ၇၆၁၉၈၅၅.၆ | ၈.၀ | ၈.၀ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၉၆၈၀၅၁၇.၂ | ၁၀.၉ | ၇.၂ | ၁၀၃၃၈၇၈၀.၁ | ၁၀.၈ | ၆.၈ |
| ၁၀ | မွန်ပြည်နယ် | ၃၆၂၀၂၆၄.၃ | ၄.၁ | ၇.၆ | ၃၈၆၁၉၅၈.၂ | ၄.၁ | ၆.၇ |
| ၁၁ | ရခိုင်ပြည်နယ် | ၃၈၈၇၁၁၃.၃ | ၄.၄ | ၆.၁ | ၄၀၄၆၇၈၈.၇ | ၄.၂ | ၄.၁ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၂၂၂၃၇၈၅.၀ | ၂၄.၉ | ၉.၁ | ၂၄၂၀၉၆၆၉.၇ | ၂၅.၄ | ၈.၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅၂၀၂၅၆၁.၁ | ၅.၈ | ၅.၃ | ၅၅၀၉၅၈၃.၇ | ၅.၈ | ၅.၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၀၁၇၂၀၅၉.၂ | ၁၁.၄ | ၅.၀ | ၁၀၆၆၂၀၀၀.၅ | ၁၁.၂ | ၄.၈ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁၈၅၈၃၂၈.၉ | ၂.၁ | ၆.၈ | ၂၀၂၉၉၅၂.၀ | ၂.၁ | ၉.၂ |

ပူးတွဲ - ၄


၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း
ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်စျေးနှုန်းအရ)


(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၂၆၉၆၄၄၀.၉** | **၂၁.၅** | **၂၄၁၄၀၅၉၀.၉** | **၂၀.၃** | ၆.၄ |
| | ၁ | လယ်ယာ | ၁၄၅၀၇၉၄၆.၇ | ၁၃.၇ | ၁၅၃၀၈၉၃၉.၅ | ၁၂.၉ | ၅.၅ |
| | ၂ | သားငါး | ၈၁၀၇၉၄၀.၃ | ၇.၇ | ၈၇၅၄၄၁၄.၀ | ၇.၃ | ၈.၀ |
| | ၃ | သစ်တော | ၈၀၅၅၃.၉ | ၀.၁ | ၇၇၂၃၇.၄ | ၀.၁ | -၄.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၀၀၅၀၂၃၆.၉** | **၃၈.၀** | **၄၆၀၉၅၁၀၈.၄** | **၃၈.၇** | **၁၅.၁** |
| | ၁ | စွမ်းအင် | ၄၆၈၈၀၁၂.၄ | ၄.၄ | ၄၇၂၄၇၇၆.၁ | ၄.၀ | ၀.၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၁၂၆၃၈.၅ | ၁.၀ | ၁၀၉၇၃၂၂.၈ | ၀.၉ | ၈.၄ |
| | ၃ | စက်မှုလက်မှု | ၂၆၁၈၆၆၆၃.၁ | ၂၄.၈ | ၃၀၄၇၉၁၀၄.၇ | ၂၅.၆ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၄၆၁၉၂၀.၂ | ၁.၄ | ၂၀၈၀၀၃၇.၃ | ၁.၇ | ၄၂.၃ |
| | ၅ | ဆောက်လုပ်မှု | ၆၇၀၁၀၀၂.၇ | ၆.၄ | ၇၇၁၃၈၆၇.၅ | ၆.၅ | ၁၅.၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၂၇၃၅၆၄၇.၆** | **၄၀.၅** | **၄၈၇၈၇၇၀၆.၀** | **၄၁.၀** | **၁၄.၂** |
| | ၁ | ပို့ဆောင်ရေး | ၁၁၈၃၈၈၁၃.၆ | ၁၁.၂ | ၁၃၅၅၅၄၄၁.၅ | ၁၁.၄ | ၁၄.၅ |
| | ၂ | ဆက်သွယ်ရေး | ၂၀၇၇၀၂၅.၉ | ၂.၀ | ၂၂၃၄၉၃၅.၇ | ၁.၉ | ၇.၆ |
| | ၃ | ငွေရေးကြေးရေး | ၃၆၇၆၀၅.၂ | ၀.၄ | ၄၀၉၀၂၇.၆ | ၀.၃ | ၁၁.၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၃၄၂၇၃၈၄.၉ | ၃.၂ | ၃၅၈၀၃၂၉.၃ | ၃.၀ | ၄.၅ |
| | ၅ | အခြားဝန်ဆောင်မှု | ၃၃၈၄၅၆၉.၈ | ၃.၂ | ၄၀၇၈၄၀၆.၆ | ၃.၄ | ၂၀.၅ |
| | ၆ | ကုန်သွယ်မှု | ၂၁၆၄၀၂၄၈.၂ | ၂၀.၅ | ၂၄၉၂၉၅၆၅.၃ | ၂၁.၀ | ၁၅.၂ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၁၀၅၄၈၂၃၂၅.၄** | **၁၀၀.၀** | **၁၁၉၀၂၃၄၀၅.၃** | **၁၀၀.၀** | **၁၂.၈** |


(ဆက်လက်ဖော်ပြပါမည်)


ကျားဝါဖေ့ဖေ့
မိသားစုကာတွန်းများ











## အောင်ဂျင်စီသစ်နဲ့လက်တွဲပြီးနောက် တေးသီချင်းတွေကို ပထမဆုံးအကြိမ် ထုတ်လွှင့်သွားမယ့် အမ်ဘာ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “f(x)” ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ အမ်ဘာဟာ ယခုနှစ်အတွင်းမှာ သူ့ကို စတင်မွေးဖွားပေးခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲကာ အေဂျင်စီသစ်နဲ့ လက်တွဲခဲ့ပါတယ်။ အေဂျင်စီသစ်လက်အောက်မှာ အနုပညာလှုပ်ရှားမှုတွေ လုပ်ဆောင်နေတဲ့ အမ်ဘာဟာ မကြာမီမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်ပေးမှာဖြစ်ကြောင်း လတ်တလော ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမ်ဘာဟာ အက်စ်အမ်အန်တာတိန်းမန့်နဲ့ ၁၂ နှစ်ကျော်ကြာ လက်တွဲခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ယခုနှစ်အတွင်းမှာ အက်စ်အမ်နဲ့လမ်းခွဲကာ စတီးဝူးအန်တာတိန်းမန့်နဲ့ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ အမ်ဘာက သူ့ရဲ့တွစ်တာစာမျက်နှာပေါ်မှာ တေးအယ်လ်ဘမ်သစ် “X” ကို မကြာမီထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။ ဒီလို တေးအယ်လ်ဘမ်သစ်သတင်း ထုတ်ဖော်ပြောကြားရင်းက တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတွေကိုလည်း တစ်ပါတည်း ဖော်ပြခဲ့ပါတယ်။

တေးအယ်လ်ဘမ်သစ် “X”မှာ တေးသီချင်းခြောက်ပုဒ်ပါဝင်နေပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ အေဂျင်စီသစ်နဲ့လက်တွဲပြီးနောက် ထုတ်လွှင့်မယ့် အမ်ဘာရဲ့ပထမဆုံးသော တေးအယ်လ်ဘမ်ဖြစ်ပြီး ထုတ်လွှင့်မယ့်ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးဘဲ မကြာမီထုတ်လွှင့်ပေးမှာဖြစ်ကြောင်းသာ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



## ခင်ပွန်းဖြစ်သူနဲ့ လမ်းခွဲပြီးနောက် လွတ်လပ်သွားပြီလို့ ခံစားနေရတဲ့ အဒဲလ်

ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ အဒဲလ်ဟာ မကြာသေးမီက ခင်ပွန်းဖြစ်သူနဲ့ တရားဝင်ကွာရှင်းပြတ်စဲဖို့ရာ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဥပဒေကြောင်းအရ ကွာရှင်းလိုက်ပြီးနောက် အဒဲလ်အနေနဲ့ လွတ်လပ်မှုကို ခံစားရကြောင်း သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာ ဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဒဲလ်နဲ့ ခင်ပွန်းဟောင်းဖြစ်သူ ဆိုင်မွန်ကော်နက်စကီတို့ဟာ ၂၀၁၆ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းမှာ သူတို့နှစ်ဦးလမ်းခွဲလိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီး မကြာသေးမီက တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးမှာ သားလေးတစ်ဦး ထွန်းကားခဲ့ပြီး သားလေးကိုတော့ အတူစောင့်ရှောက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒ့ါအပြင် အဒဲလ်က လက်ရှိမှာ သူ့အနေနဲ့ တေးသီချင်းသစ်တွေ ဖန်တီးထုတ်လုပ်ဖို့ရာ အဆင်သင့်ဖြစ်နေပြီလို့ဆိုပါတယ်။ စိတ်ပိုင်းဆိုင်ရာအရလည်း ကောင်းမွန်နေပြီဖြစ်တာကြောင့် တေးသီချင်းသစ်တွေ ဖန်တီးသွားမှာဖြစ်ပြီး အဒဲလ်ရဲ့ပရိသတ်တွေအတွက်တော့ ဝမ်းသာစရာသတင်းလည်း ဖြစ်ပါတယ်။

## EXO ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမည့်သီတင်းပတ်အတွင်း စတင်အသံသွင်းမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXO” ရဲ့တေးအယ်လ်ဘမ်သစ်ကို လာမယ့်သီတင်းပတ်အတွင်း စတင်အသံသွင်းသွားမှာဖြစ်ကြောင်း အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဘေယွန်းက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ပြုလုပ်ခဲ့တဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း တေးအယ်လ်ဘမ်သစ် အသံသွင်းတော့မယ့်အကြောင်း ဘေယွန်းက ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်ကို လာမယ့်ဆောင်းရာသီအတွင်း စတင်ထုတ်လွှင့်ဖို့ရာ ရည်ရွယ်ထားကြောင်းလည်း ပေါ့ပ်ကြယ်ပွင့်က ပြောကြားခဲ့ပါတယ်။ ဒါကြောင့် အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ်ဟာ ဆောင်းရာသီအတွက်ရည်ရွယ်တဲ့ တေးအယ်လ်ဘမ် ဒါမှမဟုတ် ခရစ္စမတ်အတွက် ရည်ရွယ်ထားတဲ့ တေးအယ်လ်ဘမ်ဖြစ်နိုင်ကြောင်းလည်း သိရပါတယ်။





နယူးယောက် ဖက်ရှင်သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ မာ့ခ်ဂျက် ကော့ဘ်ရဲ့ “designer’s spring/summer 2020 collection” ဖက်ရှင်ပြပွဲမှာ ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ ဂျီဂျီဟာဒစ်၊ ဘယ်လာဟာဒစ်နဲ့ ကီရာဂါဘာ (ဝဲမှယာ)

## တေးအယ်လ်ဘမ်သစ်အတွက် မင်နရဲ့ ဗီဒီယိုကိုအေဂျင်စီဖော်ပြ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE” ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ မင်နဟာ ပြီးခဲ့တဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေမှာ ကျန်းမာရေးပြဿနာတွေကြောင့် ပါဝင်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါပေမယ့် မကြာသေးမီက တေးအယ်လ်ဘမ်သစ်မှာ မင်န ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်က မင်နရဲ့ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုဖိုင်ကို ထုတ်ဖော်ပြသလာကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျေဝိုင်ပီအန်တာတိန်းမန့်က “TWICE” ရဲ့ တေးအယ်လ်ဘမ်သစ် “Feel Special”မှာ မင်န ပါဝင်သွားမှာဖြစ်ကြောင်း အသိပေးခဲ့ပြီးနောက် လတ်တလောမှာ မင်နရဲ့အလှဓာတ်ပုံတွေကို ဗီဒီယိုဖိုင်နဲ့ ထုတ်ဖော်ပြသလာတာ ဖြစ်ပါတယ်။ ဒီဗီဒီယိုမှာ မင်နဟာ လက်ဝတ်ရတနာတွေ အပြည့်အစုံဝတ်ဆင်ထားကာ ယခင်နဲ့မတူတဲ့ ထူးခြားတဲ့ ပြင်ဆင်မှုမျိုးနဲ့ လှပနေတာကို တွေ့ရပါတယ်။

မင်န အရင်ကလည်း အခြားသော အဖွဲ့ဝင်တွေရဲ့ အလှပုံတွေကို ဖော်ပြခဲ့ပါတယ်။ ဒီလို တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး စမ်းသပ်ထုတ်လွှင့်မှုတွေ ဆက်တိုက်လုပ်ဆောင်လာတာကြောင့် တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်ဟာ နီးကပ်လာပြီလို့ ဆိုနိုင်ပါတယ်။ လတ်တလော မင်နရဲ့ပုံရိပ်တွေကို တေးအယ်လ်ဘမ်သစ်မှာ မြင်တွေ့ရပေမယ့် ကျန်းမာရေးအခြေအနေတွေကြောင့် ကုသမှုတွေ ခံယူနေရတဲ့ မင်နဟာ တေးအယ်လ်ဘမ်သစ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ပါဝင်သွားဖို့ရာ မသေချာခဲ့ပါဘူး။ တေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ ပရိသတ်တွေနဲ့ တွေ့ဆုံပွဲတွေ၊ အမှတ်တရလက်မှတ်ရေးထိုးပွဲတွေနဲ့ တေးဂီတဖျော်ဖြေပွဲတွေမှာ မင်နပါဝင်သွားဖို့ရာ အဖွဲ့ဝင်တွေနဲ့ ဆွေးနွေးတိုင်ပင်မှုတွေပြုလုပ်ပြီးမှ ပါဝင်နိုင်ခြင်း ရှိ၊ မရှိ ထုတ်ပြန်ပြောကြားမှာဖြစ်ကြောင်း အေဂျင်စီက အသိပေးခဲ့ပြီး ဖြစ်ပါတယ်။

## ဆန်းရယ်ဂျင်နဲ့ ဟွန်ဘင်းတို့ရဲ့ရုပ်ရှင်သစ် မွန်ဂိုလီးယားသို့သွားရောက်ရိုက်ကူးမည်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ဟာ ရုပ်ရှင်သစ်မှာ တွဲဖက်ပါဝင်ထားကြပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲသစ်ကို မွန်ဂိုလီးယားမှာ သွားရောက်ရိုက်ကူးဖို့ရာ စီစဉ်ထားပြီး မကြာမီမှာ မွန်ဂိုလီးယားကို ထွက်ခွာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

စက်တင်ဘာ ၁၄ ရက်မှာ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ ခေါင်းဆောင်ပါဝင်ထားပြီး tvN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသသွားမယ့် “Crash Landing of Love” ဇာတ်လမ်းတွဲကို မွန်ဂိုလီးယားမှာ သွားရောက်ရိုက်ကူးတော့မှာဖြစ်ကြောင်း ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ လာမယ့်သီတင်းပတ်အတွင်း မွန်ဂိုလီးယားမှာ စတင်ရိုက်ကူးမှာဖြစ်တယ်လို့လည်း သိရပါတယ်။

မွန်ဂိုလီးယားမှာ ရိုက်ကူးခြင်းအပါအဝင် “Crash Landing of Love” ဇာတ်လမ်းတွဲကို ပြည်ပနိုင်ငံ နှစ်ခုမှာ သွားရောက်ရိုက်ကူးမှာဖြစ်ပါတယ်။ ဆွစ်ဇာလန်နိုင်ငံမှာလည်း ရိုက်ကူးဖို့ရာ စီစဉ်ထားပြီး မွန်ဂိုလီးယားနိုင်ငံမှာ ရိုက်ကူးပြီးနောက် ဒုတိယအစီအစဉ်အဖြစ် ဆွစ်ဇာလန်မှာ ရိုက်ကူးမှာပါ။

“Crash Landing of Love” ဇာတ်လမ်းတွဲမှာ မြောက်ကိုရီးယားနိုင်ငံသားတစ်ဦးနဲ့ တောင်ကိုရီးယားနိုင်ငံသူ တစ်ဦးအကြားက အချစ်ဇာတ်လမ်းကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဟွန်ဘင်း ပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ မြောက်ကိုရီးယားမှ အရာရှိတစ်ဦးဖြစ်ပြီး ဆန်းရယ်ဂျင်ရဲ့ဇာတ်ကောင်ကတော့ ချမ်းသာတဲ့ အမွေဆက်ခံသူတစ်ဦး ဖြစ်ပါတယ်။ ဆန်းရယ်ဂျင်ရဲ့ဇာတ်ကောင်ဟာ လေထီးစီးနေစဉ် ရာသီဥတုအခြေအနေကြောင့် မြောက်ကိုရီးယားမှာ အရေးပေါ်ဆင်းသက်ခဲ့ရပြီး ဟွန်ဘင်းနဲ့ တွေ့ဆုံခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကို ယခုနှစ်နှစ်ကုန်ပိုင်းမှာ စတင်ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် စုစည်းသည်



# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးနေ့အခမ်းအနား တက်ရောက်

**မကွေး စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့(ဥက္ကဋ္ဌ) ဗိုလ်မှူးကြီးမင်းဦးက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြားမည့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ မိန့်ခွန်းအားဖတ်ကြားပြီး အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲဆုအတွက် ရကျောင်းသား၊ ကျောင်းသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့် ပေးအပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုဗီဒီယိုမှတ်တမ်းကို ပြသခဲ့ပြီး တက်ရောက်လာသူများက လူကုန်ကူးမှုတားဆီးကာကွယ်ရေးပြခန်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးပြခန်းနှင့် ယာဉ်/လမ်းစည်းကမ်း၊ အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ဇဖဲ)**

# တက္ကသိုလ်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးမြို့ မြို့မိမြို့ဖများက မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများအနက် ဘာသာရပ်အလိုက် အထူးချွန်ဆုံး ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ရွှေတံဆိပ်ဆုကို ၂၀၁၇ ခုနှစ်မှစတင်ပြီး နှစ်စဉ်ချီးမြှင့်လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွက် ပညာရည်ချွန်ရွှေတံဆိပ်ဆုပေးအပ်ချီးမြှင့်ပွဲကိုစက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အစိုးရအဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ် ပညာရည်ချွန်ရွှေတံဆိပ်ဆုချီးမြှင့်ရေး ကော်မတီဝင်များ၊ အလှူရှင်မြို့မိမြို့ဖများ၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပညာရည်ချွန်ရွှေတံဆိပ်ဆု ချီးမြှင့်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဦးမောင်ကိုက ဆုချီးမြှင့်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖအလှူရှင်များက ဘာသာရပ်အလိုက် ပညာရည်ချွန် ရွှေတံဆိပ်ဆုများချီးမြှင့်ခဲ့ကြသည်။

မန္တလေးတက္ကသိုလ် ဘာသာရပ်အလိုက် ပညာရည်ချွန်ဆု ချီးမြှင့်နိုင်ရေးအတွက် အလှူရှင် ၂၂ ဦးရှိပြီး မန္တလေးတက္ကသိုလ် ပညာရည်ချွန် ရွှေတံဆိပ်ဆုနှစ်စဉ်ပေးအပ်ချီးမြှင့်နိုင်ရန်အလှူရှင်များက တစ်ဦးလျှင်ငွေကျပ်သိန်း ၁၀၀ ထည့်ဝင်၍ နှစ်စဉ်ရရှိသည့်အတိုးဖြင့် မန္တလေးတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများအနက် ဘာသာရပ်အလိုက် အထူးချွန်ဆုံး ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ရွှေတံဆိပ်ဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**



# ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 West တွင် Drilling Campaign လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန် လုပ်ကွက်အမှတ် M-9 West တွင် Drilling Campaign (Call Sign: A8BM6) ဖြင့် Point(A) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၂၇ မိနစ် ၁၇ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ဝ၆ စက္ကန့်၊ Point(B) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၂၇ မိနစ် ၂၃ ဒသမ ၈၈ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၁၆ မိနစ် ၂၀ ဒသမ ၂၁ စက္ကန့်၊ Point(C) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၁၉ မိနစ် ၄၁ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၁၆ မိနစ် ၂၁ ဒသမ ၇၁ စက္ကန့်၊ Point(D) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၁၉ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၂၉ မိနစ် ၄၇ ဒသမ ၉၀ စက္ကန့်၊ Point(E) မြောက်လတ္တီကျု ၁၄ ဒီဂရီ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့် ၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၅၀ စက္ကန့်၊ Point(F) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point(A) မြောက်လတ္တီကျု ၁၄ ဒီဂရီ ၂၇ မိနစ် ၁၇ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ဝ၆ စက္ကန့်တွင် M-9 West (1st Operation)ကို (၁၅.၉.၂၀၁၉) ရက်နေ့မှ (၃၀.၁၂.၂၀၁၉) ရက်နေ့အထိ လည်းကောင်း၊ Pundarika-1 မြောက်လတ္တီကျု ၁၄ ဒီဂရီ ၁၀ မိနစ် ၀၁ ဒသမ ၉၀ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၂၇ မိနစ် ၅၆ ဒသမ ၇၀ စက္ကန့်၊ Aungpyitan-1 မြောက်လတ္တီကျု ၁၄ ဒီဂရီ ၁၂ မိနစ် ၅၅ ဒသမ ၀၀၄ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ၀၂ မိနစ် ၀၄ ဒသမ ၅၅၂ စက္ကန့်၊ Uppala-1 မြောက်လတ္တီကျု ၁၄ ဒီဂရီ ၂၀ မိနစ် ၁၄ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီကျု ၉၅ ဒီဂရီ ဝ၆ မိနစ် ၂၀ ဒသမ ၅၂ စက္ကန့်တွင် M-9 West (2nd Operation) ကို (၁၀.၃.၂၀၂၀) ရက်နေ့မှ (၃၀.၄.၂၀၂၀)ရက်နေ့အထိလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါရက်အတွင်း လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာ ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကော်မတီရုံး၌ ကျင်းပခဲ့ရာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခုကို အတည်ပြုခွင့်ပြုခဲ့ပြီး ယင်းလုပ်ငန်းများမှ ပြည်တွင်းလုပ်သား ၂၇၄၉ ဦးအတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်သို့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ထုတ်လုပ်မှုကဏ္ဍမှ အိတ်လုပ်ငန်း၊ အထည်ချုပ်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်းများ တစ်လထက်တစ်လ ပိုမိုဝင်ရောက်လာပြီး တချို့လုပ်ငန်းများမှာ စက်ရုံတစ်ရုံမှ နှစ်ရုံ၊ သုံးရုံအထိ တိုးချဲ့လာကာ နိုင်ငံခြားသို့တင်ပို့နိုင်သည့် ထုတ်လုပ်မှုကဏ္ဍများလည်း တိုးတက်လာကြောင်း သိရသည်။

"အဓိကကတော့ အလုပ်အကိုင်အခွင့်အလမ်းတွေတက်လာတယ်။ အလုပ်အကိုင်တွေရလာပြီဆိုရင် ဝင်ငွေရလာတဲ့အခါ စားဝတ်နေရေး၊ စီးပွားရေးပြေလည်လာမယ်။ နိုင်ငံရဲ့ ပို့ကုန်တွေတိုးလာမယ်ဆိုရင် နိုင်ငံစီးပွားရေးတက်လာတာလို့ပဲပြောလို့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဦးမျိုးခိုင်ဦးက ပြောသည်။

အဆိုပါ အတည်ပြုခွင့်ပြုခြင်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခု၏ မတည်ငွေရင်းပမာဏမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၁၆ သန်းရှိကြောင်း၊ ယင်းအပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု တစ်ခုကိုလည်း ခွင့်ပြုခဲ့ပြီး လုပ်ငန်း၏ မတည်ငွေရင်းပမာဏမှာ စုစုပေါင်း ကျပ်သန်း ၃၈၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ဘဏ္ဍာနှစ် စက်တင်ဘာ ၁၃ ရက်အထိ စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ ဆေးရှဲလ်(လ်)၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄၈ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု စုစုပေါင်း ၁၆၇ ခုတို့ကို အတည်ပြုမိန့်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၅ သန်းမှ ကျပ်သန်း ၆၀၀၀ အထိ အတည်ပြုလျှောက်လွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဖုန်း ၀၁-၆၅၈၂၆၃ သို့ဆက်သွယ်မေးမြန်း လျှောက်ထားနိုင်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**ဇာနည်မောင်**

# မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟသ်ာတ စက်တင်ဘာ ၁၄**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီက ဟသ်ာတခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ မိုးကောင်းပရိယတ္တိစာသင်တိုက်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ဟသ်ာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်၊ ဒု-ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကံမြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးခင်မောင်ကြည်နှင့် တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း၊ တပ်ဖွဲ့ဝင်မိသားစုများ၊ မီးသတ်ဦးစီးဌာန၊ အမှတ် (၈၄) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များပါဝင်သော အင်အား ၃၀၀ ခန့်က စာသင်တိုက်ကြီး ခြံဝင်းအတွင်းရှိ ချုံနွယ်များ ခုတ်ထွင်ခြင်း၊ လမ်းဘေးဝဲ/ယာ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေမြောင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်မဟာထေရ်မြတ်ကြီး ဝိဇာတမင်္ဂလာကျင်းပ



**မန္တလေး စက်တင်ဘာ ၁၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သက်တော် ၉၀ ပြည့်နှစ် နဝရတ်ရတုဝိဇာတ မွေးနေ့မင်္ဂလာနှင့် သိက္ခာထပ်အလှူတော် မင်္ဂလာ ရေစက်ချအခမ်းအနားကိုစက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဗန်းမော်ကျောင်းတိုက် အေးကမ္ဘာသာသနာ့ဗိမာန်တော်၌ ကျင်းပ သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး နှင့် အကျိုးတော်ဆောင်ဆရာတော်ကြီးတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် ဇနီး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးမြင့်ဦး၊ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဦးစီးဌာန နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်၊ များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဆရာတော်ကြီးအား ရွှေမြန်မာ ထောပတ်မိသားစုက သိက္ခာထပ်မင်္ဂလာ ဆင်ယင်ကျင်းပပြီး အလှူရှင်များက သိမ်ဆင်း လောင်းလှူကြသည်။

ယင်းနောက် အခမ်းအနားတွင် နေပြည် တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိ မြို့နယ် ကံ့ကော်အဝိုင်းအနီး တည်ထား ကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး စေတီတော်ကြီးအတွက် အလှူတော်ငွေများ ပေးအပ်ပွဲကို ကျင်းပရာ ဦးမြဖူး-ဒေါ်လှဲ့လှဲ့ စန်း (ဘီးလင်းမြို့) မိသားစုက အလှူငွေကျပ် ၂၅ သိန်း၊ ဆရာတော်ဘဒ္ဒန္တဝိလာသဝိသုဒ္ဓိ မဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း မြောင်းမြ မြို့မှ အလှူငွေကျပ် ၁၀ သိန်း၊ ဦးကျော်ငွေ- ဒေါ်ကြူကြူမြင့်မိသားစု (လနတ်သား ကျောက်မျက်ကုမ္ပဏီ မန္တလေးမြို့) မှ အလှူငွေ ကျပ် ငါးသိန်း၊ ဦးကျော်ကဲမြင့်၊ ဦးကျော်သူခိုင် ဖြိုးမိသားစုက အလှူငွေကျပ် ၁၅ သိန်း၊ ဦးကျော်မင်းနိုင်-ဒေါ်လှဲ့လှဲ့ဝင်းမိသားစု (ရွှေကျွန်း ကြီးကုမ္ပဏီ ရွှေကျင်မြို့)က အလှူငွေကျပ် တစ်သိန်း စုစုပေါင်းလှူဒါန်းငွေကျပ် ၅၆ သိန်း ကို ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ဗန်းမော် ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာ တရား နာယူကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အလှူရှင် များက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရ သည်။

**တင်မောင် (မန်းကိုယ်ပွား)**

# မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

ပြည်တွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များအား အမေရိကန်နိုင်ငံမှ ဆရာဝန်များက အောက်တိုဘာလအတွင်း အခမဲ့ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့အခမဲ့ခွဲစိတ်ပေးခြင်းကိုအမေရိကန် နိုင်ငံမှ ဝါရင့်ကျွမ်းကျင် Plastic Surgeon Team နှင့် ပြည်တွင်းမှ ဝိတိုရိယဆေးရုံတို့ ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသမှုများ လုပ်ဆောင် ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေး ငယ်များအတွက် သတ္တမအကြိမ်မြောက် ခွဲစိတ်ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။

ခွဲစိတ်ကုသပေးမည့် ကလေးငယ်များ၏ ကျန်းမာရေးစစ်ဆေးမှုများ၊ ခွဲစိတ်ကုသ စရိတ်များ၊ ခွဲစိတ်ခန်းနှင့် အတွင်းလူနာခန်း မှ ကုသမှုစရိတ်များနှင့် အခြေခံဆေးဝါးများ အားလုံးကို အခမဲ့ဆောင်ရွက်ပေးမည့်အပြင် နယ်ဝေးမြို့မှ လာရောက်ခွဲစိတ်ကုသမည့် ကလေးငယ်များအတွက် ကလေးငယ်နှင့် အတူ မိဘအုပ်ထိန်းသူတစ်ဦးအတွက် တည်းခိုစရာနှင့် စားစရာများပါ စီစဉ်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ကူညီ စောင့်ရှောက်မှုဖောင်ဒေးရှင်းနှင့် အမေရိကန် နိုင်ငံ Alliance for Smile Organization တို့ပူးပေါင်း၍ အခမဲ့ခွဲစိတ်ကုသမည့် အစီ အစဉ်ကို လာမည့်အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၅ ရက်အတွင်း လုပ်ဆောင် သွားမည်ဖြစ်ပြီး ခွဲစိတ်ကုသမှုခံယူလိုသည့် ကလေးများ၏ မိဘအုပ်ထိန်းသူများအနေ ဖြင့် စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ စာရင်းပေး သွင်းလိုသူများအနေဖြင့် ဖုန်း- ၀၁ ၉၆၆၆ ၁၄၁၊ ၀၉ ၇၈၃၆၆၆၁၄၁၊ ၀၉ ၇၈၃၆၆၆၁၄၂၊ ၀၉ ၇၈၃၆၆၆၁၄၃၊ ၀၉ ၇၈၃၆၆၆၁၄၄ များသို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ ၂

**သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**



**ပြည်တွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေစဉ်။**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၄**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို၏ စီစဉ်ညွှန်ကြားမှုအရ အကြိမ်(၅၀) မြောက် စုပေါင်းသွေးလှူဒါန်းမှုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းကကျင်းပရာ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးသန်းဝင်း၊ အမှတ်(၃) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီးမျိုးကြည်၊ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ရဲခိုင်တို့ဦးစီး၍ အမှတ်(၃)၊ အမှတ်(၆)၊ အမှတ်(၈)၊ အမှတ်(၉) တို့မှ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး များ၊ အမှတ်(၇)နှင့် အမှတ်(၅) တို့မှ ခေတ္တတပ်ဖွဲ့ခွဲမှူးနှင့် ဒုတိယတပ်ဖွဲ့ခွဲမှူးတို့အပါအဝင် တပ်ဖွဲ့ဝင် ၁၉၃ ဦး၊ မိသားစု ၄၁ ဦးတို့ကလည်းကောင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ အမှတ် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူးနှင့် ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ်(၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးတို့ဦးစီး၍ စုစုပေါင်း တပ်ဖွဲ့ဝင်၊ မိသားစု ၃၈၆ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြ သည်။

**မြင့်မောင်**

## မှူးခင်းအသိပညာပေးဟောပြော

**မော်လမြိုင်**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီမှစတင်ကာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင် ဦးဆောင်၍ ပြည်နယ်ရဲ တပ်ဖွဲ့မှူးရုံးမှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှ အရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းများမှ အရာရှိနှင့် တပ်ဖွဲ့ ဝင်များ၊ အမှတ်(၅) သတင်းရဲတပ်ဖွဲ့၊ အမှတ်(၁၂)ယာဉ်ထိန်းရဲဒု-တပ်ဖွဲ့ခွဲ၊အမှတ်(၉)မှူခင်းရဲတပ်ဖွဲ့ စု၊ အမှတ်(၃၈)မူးယစ်တပ်ဖွဲ့စု၊ အမှတ်(၁၅) ရထားရဲတပ်ဖွဲ့စု၊ အမှတ်(၁၂)ကမ္ဘာလှည့်ရဲတပ်ဖွဲ့စုတို့မှ အရာရှိနှင့်တပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တော်ကူးဘုန်းကြီးကျောင်း၌ ချုံ နွယ်သစ်ပင်၊ မြက်ပင်နှင့် အမှိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

**နန္ဒကျော်စွာ**

**ရန်ကုန်**

ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးလွင်ဦးဆောင်၍ ရွှေပြည်သာမြို့မစခန်းမှူး ဒု-ရဲမှူး တင်မောင်လွင်၊ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်ငြိမ်းချမ်းဇော်တို့က စက်တင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် စက်မှုဇုန် (၁) ကနောင်မင်းသားကြီး လမ်း အမှတ်(၁၁၆) (က) ရှိ ve ve အချိုရည်စက်ရုံ၌ သက်ငယ်မုဒိမ်းမှုမဖြစ်စေရေး၊ အလုပ်သွား အလုပ်ပြန် လုယက်မခံရစေရေး၊ မူးယစ်ဆေးဝါးဆိုးကျိုးများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း များ အသိပညာပေးဟောပြောခဲ့ရာ စက်ရုံမန်နေဂျာနှင့် အလုပ်သမား ၂၀၀ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၈) ရပ်ကွက် အောင် တံခွန်လမ်းရှိ အိပ်မက်လှရထားလေး လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှုအန္တရာယ်ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကျင်းပရာ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် မြို့မရဲစခန်းမှ ဒု-ရဲအုပ်ဖုန်းဝေဦး က ဟောပြောဆွေးနွေးခဲ့သည်။

**ဌေးနိုင်**

# မခွဲမခြား၊ မကွဲမပြား ငါတို့လူသားများ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် မိတ်ဆက်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးကရုဏာရှင်များအဖွဲ့က ကြီးမှူး ကျင်းပသည့် မခွဲမခြား၊ မကွဲမပြား ငါတို့ လူသားများ ကဗျာပြိုင်ပွဲဆုရကဗျာများ အား ဆုပေးခြင်းနှင့် ကဗျာစာအုပ်မိတ်ဆက် ပွဲကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၄ လမ်း ထောင့်ရှိ ဦးဘအုန်း အောက်မေ့ဖွယ်ခန်းမ မက်သဒစ်အသင်းတော် ၌ ကျင်းပသည်။



အခမ်းအနားတွင် လူသားတန်ဖိုးနှင့် လူ့ဂုဏ် သိက္ခာကို သတိချပ်မိ စေရန် လူသားအချင်း ချင်း ခွဲခြားဆက်ဆံမှု များ လျှော့ချနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်း ဖြစ်ပြီး အခမ်းအနားတွင် ဦးအောင်ဇော်ဝင်း ကရုဏာရှင်များအဖွဲ့က ကဗျာပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကဗျာဆရာမောင်နီဦး (ဆုရွေး ချယ်ရေးအဖွဲ့) က မုဒိတာစကားပြောကြား သည်။

ထို့နောက် အဆိုတော် စောဖိုးခွားက ငြိမ်းချမ်းရေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်ပြီး ကဗျာရှင်များက ဆုရကဗျာ များကို ရွတ်ဆိုဂုဏ်ပြုခဲ့သည်။ ယင်းနောက် ပထမဆုရ လူရောင်လွင်၊ ဒုတိယဆုရ ကြယ်တာရာမင်း၊ တတိယဆုရ ဇာနည်သွေး (ရေကျော်မြေ)၊ နှစ်သိမ့်ဆုရ ကြွေနှင်းဆီ၊ နှစ်သိမ့်ဆုရ ဂေါက်သီးတို့အား ဆရာ ဦးအောင်ဇော်ဝင်းက ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## ဖျာပုံမြို့နယ်တွင် ဆိုလာမီးအလုံးရေ ၃၆၀၀ ကျော်တပ်ဆင်မည်

**ဖျာပုံ စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူအချိုးကျထည့်ဝင်ငွေနှင့် ကမ္ဘာ့ဘဏ် IDA ချေးငွေ၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် တစ်အိမ်သုံးဆိုလာမီးများ တပ်ဆင်ပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံနယ်အတွင်း၌ ဆိုလာအလုံးရေ ၃၆၀၄ လုံး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်အိမ်သုံးဆိုလာမီးများကို မဟာဓာတ်အားလိုင်းနဲ့ ၁၀ မိုင်အထက်ဝေးတဲ့ကျေးရွာတွေကို တပ်ဆင်ပေးမှာဖြစ်ပါတယ်။ ဆိုလာနဲ့ ဆက်စပ်ပစ္စည်းတွေရောက်ရှိနေပါပြီ။ စက်တင်ဘာလအတွင်းမှာ အပြီးတပ်ဆင်ပေးသွားမှာဖြစ်ပါတယ်" ဟု ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူက ပြောကြားသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၃ ရွာ၌ ဝပ် ၆၀ ဆိုလာ ၂၅၅၈ လုံး၊ ဝပ် ၁၀၀ ဆိုလာ ၁၀၅၆ လုံး တပ်ဆင်မည်ဖြစ်ပြီး မူလတန်းကျောင်း ၂၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ ကျန်းမာရေးဆေးပေးခန်း ရှစ်ခု၊ ဘာသာရေးအဆောက်အဦ ၄၂ ခု၊ လမ်းမီးတိုင် ၃၆၄ တိုင်တို့အား အခမဲ့တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အလားတူ ဖျာပုံခရိုင်အတွင်းရှိ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ ကျေးရွာပေါင်း ၂၁၈ ရွာ၌လည်း အိမ်သုံးဆိုလာမီးများ ဆက်လက်တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်ထွန်း၊ ပေါင်မြို့မစခန်းမှူး ဒုရဲမှူး ထွန်းဇော်ဦးတို့ ဦးစီးသော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ပေါင်ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်စဉ်။ ဝရဇိန်(ပေါင်)

## ဆင်ပေါင်ဝဲမြို့နယ် လယ်မကျေးရွာ၌ ဆိုလာစနစ်ဖြင့် ဓာတ်အားအချိန်ပြည့်သုံးစွဲနိုင်မည်

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မဟာဓာတ်အားလိုင်းပြင်ပရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် လယ်မကျေးရွာ၌ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် အချိန်ပြည့်လျှပ်စစ်မီးကို တစ်ယူနစ်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် စတင် အသုံးပြုနိုင်တော့မည်ဖြစ်သည်။



မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် လယ်မကျေးရွာအုပ်စု လယ်မကျေးရွာတွင် အိမ်ခြေ ၅၈၂ အိမ် အနက် ၃၃၇ အိမ်နှင့်ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စာသင်ကျောင်း တစ်ကျောင်းနှင့် ကျန်းမာရေးဆေးပေးခန်း တစ်ခုတို့တွင် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်တော့မည် ဖြစ်သည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၈၄၅၁၆ အကုန်အကျခံကာ တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစနစ်လုပ်ငန်းများ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ရာ စက်တင်ဘာ ၁၁ ရက်က ကျေးရွာမီးလင်းရေး ကော်မတီဝင်များ၊ ဒေသခံများနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်တို့ တွေ့ဆုံ၍ ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ မြင့်မားလာစေရေးနှင့် လျှပ်စစ်မီး လွယ်ကူစွာ အသုံးပြုနိုင်ရေးတို့ကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကျေးရွာအတွင်း လမ်းမီးတိုင် ၂၄၇ တိုင်ခန့်ကို သွယ်တန်းပေးထားပြီး ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးအသုံးပြုမှုတွင် အနည်းဆုံး ဝပ် ၂၀၀ မှ အများဆုံး ဝပ် ၆၀၀၀ အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း လုပ်ငန်းတာဝန်ယူဆောင်ရွက်သည့် မန္တလေးရိုးမ ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ဆိုလာအသေးစားဓာတ်အားပေးစနစ်ကို ကမ္ဘာ့ဘဏ်၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (GIZ) တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP Off-grid) ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဆိုလာ ကီလိုဝပ် ၅၀၊ ဂျင်နရေတာ ၆၀ ကေဗွီအေ ဆိုလာ-ဒီဇယ်ပေါင်းစပ်စနစ်အမျိုးအစား ဆောင်ရွက်ထားခြင်းဖြစ်သည်။

"အခုလို လျှပ်စစ်မီး အချိန်ပြည့်အသုံးပြုနိုင်တဲ့အတွက် ကျေးရွာရဲ့ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေ ယခင်ထက်ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပြီး ကျန်မီးမလင်းသေးတဲ့ အိမ်တွေကိုလည်း မကြာခင်မှာ မီးရရှိအောင် ဆောင်ရွက်သွားပါမယ်"ဟု ကျေးရွာ မီးလင်းရေးကော်မတီဝင် ဦးကျော်လွင်က ပြောသည်။

**သန်းလွင်(မကွေး)**

## တာချီလိတ်၌ တရားမဝင်တင်သွင်းသော ကြက်ဥများကြောင့် ပြည်တွင်းကြက်မွေးမြူရေးလုပ်ငန်းရှင်များအရှုံးပေါ်

**တာချီလိတ် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မြန်မာ-ထိုင်းချစ်ကြည်ရေးအမှတ်(၁)တံတားမှတစ်ဆင့် တရားမဝင်ကြက်ဥများ မြို့တွင်းသို့ မြောက်မြားစွာဝင်ရောက်နေခြင်းကြောင့် ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်များ အရှုံးပေါ်ကာ လုပ်ငန်းများ ရပ်ဆိုင်းရမည့်အခြေအနေ ဖြစ်ပေါ်နေကြောင်း သိရသည်။

"အရင်ကတော့ တာချီလိတ်မှာ ဥစားကြက်မွေးမြူရေးလုပ်ငန်း ၁၁ နေရာလောက်ရှိတယ်။ အခုလေးနေရာလောက်ပဲ ကျန်တော့တယ်။ တရားမဝင်တင်သွင်းမှုတွေများလာတော့ ကျွန်တော်တို့အတွက် ကြက်အစာဖိုးတောင်မရဘူး။ ခုနစ်ခုလောက်က အရှုံးပေါ်ပြီး လုပ်ငန်းတွေ ရပ်ဆိုင်းရတဲ့အထိ ဖြစ်နေတယ်" ဟု တာချီလိတ်မြို့ ကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ ကြက်ဥများကို ဈေးနှုန်းလျှော့ချပြီး တရားမဝင် ဝင်-ထွက်ပေါက်များမှလည်းကောင်း၊ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သုံးရာခိုင်နှုန်းအခွန်ဆောင်ကာ မြောက်မြားစွာ ဝင်ရောက်လာပြီး မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းဆတ် စသည့် မြို့နယ်များသို့ သယ်ယူပို့ဆောင်ရောင်းချခြင်းကြောင့် တာချီလိတ်ခရိုင်အတွင်းရှိ မွေးမြူရေးခြံများအပြင် အခြားမြို့နယ်များရှိ ဥစားကြက်မွေးမြူရေးလုပ်ငန်းများပါ အရှုံးပေါ်ကာ လုပ်ငန်းများ ရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




## အင်းတော်အင်းအတွင်း ငါးမျိုးများ စိုက်ထည့်

**ကသာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ အင်းတော်အင်းအတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက အင်းတော်အင်းကမ်းစပ်၌ ကျင်းပခဲ့သည်။

အဆိုပါ အင်းတော်အင်းအတွင်းသို့ ငါးမျိုးများ နှစ်စဉ်စိုက်ထည့်လျက်ရှိရာ ယခုနှစ်တွင် ငါးမြစ်ချင်း(ငါးသန်)ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ၄၀၀၀၀၊ ငါးခေါင်းပွ ၁၀၀၀၀ စုစုပေါင်း ငါးမျိုးကောင်ရေ ၁၅၀၀၀၀ စိုက်ထည့်ခဲ့ကြသည်။ ယင်းသို့ ငါးမျိုးများ နှစ်စဉ်ထည့်သွင်းပေးသည့်အတွက် အင်းတော်အင်းအတွင်း ငါးသယံဇာတ တိုးပွားလာပြီး ဒေသအတွင်း ငါးစားသုံးမှု မြင့်မားလာမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင့်လွင်က ပြောကြားသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အင်းတော်အင်းပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**လူအောင်(ကသာ)**



## ပုပ္ပားဒေသတွင် မျှစ်ချိုးရောင်းချသူများ မိသားစုဝင်ငွေ တွက်ခြေကိုက်နေ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားဒေသထွက် ရာသီပေါ်မျှစ်ချိုးရောင်းချသူများ ဈေးကောင်းသောကြောင့် မိသားစုဝင်ငွေ တွက်ခြေကိုက်နေကြကာ အဆင်ပြေနေကြကြောင်း သိရသည်။

ပုပ္ပားတောင်ဘက်ခြမ်း ကျေးရွာများဖြစ်သည့် လက်ပံအိုင့်ရွာ၊ ငွေးကုန်းရွာ၊ ရွာသစ်ကျေးရွာများသည် ရာသီပေါ်မျှစ်ချိုးရောင်းချနေသည့် ကျေးရွာများဖြစ်ကာ မျှစ်ပေါ်ချိန်တောတောင်ထဲသို့ သွားရောက်ကာ မျှစ်ချိုးရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိနေကြောင်း လက်ပံအိုင့်ကျေးရွာမှ ရာသီပေါ်မျှစ်ချိုးရောင်းချသူ ဦးအောင်သိန်းကြီးထံမှ သိရသည်။

"အခုနှစ် ကျောက်ပန်းတောင်းမြို့နယ်မှာ ကွက်ကြားမိုးရွာသွန်းနေတာများတော့ ရာသီဥတုမမှန်တဲ့အတွက် မိုးသီးနံဖြစ်တဲ့ နှမ်း၊ မြေပဲတို့ မရကြဘူး။ အဲဒီလိုအချိန် ပုပ္ပားဒေသထွက် မျှစ်ချိုးပြီး ပြန်လည်ရောင်းချကြပါတယ်။ တောင်ပေါ်တက်ပြီး တစ်နေကုန်မျှစ်ချိုးရင် လူတစ်ဦး ၁၅ ပိဿာခန့်ရပြီး ကျောက်ပန်းတောင်းမြို့မဈေးကို လာရောက်ရောင်းချကြတယ်" ဟု မျှစ်ချဉ်မျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက်နေ ဦးမျိုးမင်းကိုက ပြောသည်။

ပုပ္ပားဒေသထွက် မျှစ်များကို ဝါဆိုလမှစ၍ ဝါခေါင်လ၊ တော်သလင်းနှင့် သီတင်းကျွတ်လများအထိရရှိပြီး တစ်ပိဿာကျပ် ၇၅၀ ဈေးဖြင့် ရောင်းချရသည်။ **ကိုထိန် (ငါ့သရောက်)**

## မန်ယူနဲ့ ရီးယဲလ်မက်ဒရစ်က ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ အဲရစ်ဆင်ကို စပါးအသင်းကတစ်ပတ်ပေါင် ၂၃၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်း

စပါးအသင်းဟာ အသင်းအတွက်အားထားရတဲ့ ကွင်းလယ်ကစားသမား အဲရစ်ဆင်ကိုအသင်းမှာ ဆက်ရှိနေဖို့ တစ်ပတ်လုပ်ခလစာပေါင် ၂၃၀၀၀၀ နဲ့ စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

လက်ရှိမှာ စပါးအသင်းရဲ့ ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနဲ့ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ စပါးအသင်းနဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၀ ပြည့်နှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး လက်ရှိအချိန်အထိ စာချုပ်သစ်ချုပ်ဆိုဖို့ သဘောတူညီထားတာမရှိသေးဘူးလို့ သိရပါတယ်။ ဒိန်းမတ်ကြယ်ပွင့်အဲရစ်ဆင်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက စပါးအသင်းကနေ ပြောင်းရွှေ့ဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။







## လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် ၅ ရဲ့ အစောဆုံးပွဲစဉ်ဖြစ်တဲ့ လီဗာပူးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ရဲ့ပွဲစဉ်မှာ လီဗာပူးအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းဟာပွဲကစားချိန် ခုနစ်မိနစ်မှာ နယူးကာဆယ်အသင်းရဲ့ ဦးဆောင်ဂိုးကို ခွင့်ပြုပေးလိုက်ရပြီး ပွဲကစားချိန် ၂၈ မိနစ်နဲ့ မိနစ် ၄၀ မှာ မာနေးရဲ့ သွင်းဂိုး နှစ်ဂိုး၊ ပွဲကစားချိန် ၇၂ မိနစ်မှာ ဆာလာရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် နယူးကာဆယ်အသင်းကို လီဗာပူးအသင်းက သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ငါးပွဲကစားအပြီးမှာ ရမှတ် ၁၅ မှတ်နဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး နယူးကာဆယ်အသင်းကတော့ ပွဲစဉ်(၅)အပြီးမှာ ရမှတ်လေးမှတ်သာ ရရှိထားသေးတာဖြစ်ပါတယ်။




## ဘင်ဖီကာကွင်းလယ်ကစားသမား ဖလော်ရန်တီနိုလူးဝစ်အား မန်ယူအသင်းနဲ့ မန်စီးတီးအသင်းက ခေါ်ယူဖို့စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ဘင်ဖီကာအသင်းရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ ဖလော်ရန်တီနိုလူးဝစ်ကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိပါတယ်။

အသက် ၂၀ အရွယ်ရှိ ဖလော်ရန်တီနိုလူးဝစ်ဟာ နွေရာသီအပြောင်းအရွှေ့ကာလကတည်းက မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာရဲ့စိတ်ဝင်စားမှုကိုခံထားရပြီး မန်ယူအသင်းကလည်း ကွင်းလယ်ကစားသမား ပေါ့ဘာမှာအိုးထရက်ဖို့ဒ်မှ ထွက်ခွာမှာဖြစ်တဲ့အတွက် အစားထိုးကစားသမားအဖြစ် ဖလော်ရန်တီနိုလူးဝစ်ကို ခေါ်ယူဖို့ပစ်မှတ်ထားနေတာ ဖြစ်ပါတယ်။ ဘင်ဖီကာအသင်းကတော့ ကွင်းလယ်ကစားသမား ဖလော်ရန်တီနိုလူးဝစ်ကို အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

**ငွေကြယ် စုစည်းသည်**

## စတာလင်အနေနဲ့ စီရိုနယ်လ်ဒိုနဲ့ မက်ဆီရဲ့ခြေစွမ်းကို ရောက်ရှိအောင်စွမ်းဆောင်နိုင်ဟု နည်းပြ ဂွာဒီယိုလာ ပြောကြား

မန်စီးတီးအသင်းရဲ့ တောင်ပံကစားသမား စတာလင်ဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေဖြစ်တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနဲ့ တိုက်စစ်မှူးမက်ဆီတို့ရဲ့ ခြေစွမ်းကို လိုက်မီအောင် စွမ်းဆောင်နိုင်မယ့် ကစားသမားဖြစ်ကြောင်း မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာက ပြောကြားခဲ့ပါတယ်။

တောင်ပံကစားသမား စတာလင်ဟာ အင်္ဂလန်အသင်းနဲ့အတူ အကောင်းဆုံးစွမ်းဆောင်ရည်ပြသနိုင်ခဲ့တာမို့ အင်္ဂလန်အသင်းနည်းပြ ဆောက်ဂိတ်ကလည်း စတာလင်ဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦးဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။

လက်ရှိ စတာလင်ရဲ့ ခြေစွမ်းဟာ ဘယ်ကစားသမားနဲ့မှ နှိုင်းယှဉ်လို့မရပါဘူး။ ဒါပေမယ့် စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့ရဲ့ခြေစွမ်းကိုလိုက်မီဖို့ ဆက်လက်ကြိုးစားဖို့ လိုအပ်နေတယ်လို့ ဂွာဒီယိုလာက မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။

တောင်ပံကစားသမား စတာလင်ဟာ ဘူဂေးရီးယားအသင်း၊ ကိုဆိုဗိုအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၀ ခြေစစ်ပွဲအတွက် အင်္ဂလန်အသင်းနဲ့အတူ ပါဝင်ပွဲထွက်ကစားခဲ့ပြီး အခုနှစ်ဘောလုံးရာသီမှာ အင်္ဂလန်အသင်းအတွက်ရော မန်စီးတီးအသင်းအတွက်ပါ ပွဲပေါင်း ရှစ်ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ရှစ်ဂိုးအထိ သွင်းယူပေးထားတာဖြစ်ပါတယ်။

နည်းပြဂွာဒီယိုလာအနေနဲ့ စတာလင်ရဲ့ ခြေစွမ်းပိုင်းကို ချီးကျူးပြောကြားခဲ့တဲ့အပြင် နောက်တန်းကစားသမား လာပေါ့တီဟာလည်း ဒူးဒဏ်ရာရရှိခဲ့တာကြောင့် ဖေဖော်ဝါရီလအထိ ပါဝင်ကစားနိုင်မှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။ အဲဒါကြောင့် နောက်တန်းကစားသမားကွန်ပနီအနေနဲ့ အန်ဒါလက်ချ်အသင်းကို ပြောင်းရွှေ့သွားတာကြောင့် အော့တမန်ဒီနဲ့ ဂွန်စတုန်းတို့ကို အဓိကအားထားနေရတယ်လို့ ဆိုပါတယ်။



## စပါးအသင်းနောက်တန်းကစားသမား ဗာတွန်ဂန် စာချုပ်သစ်ချုပ်ဆိုမည်




ပရီမီယာလိဂ်ကလပ် စပါးအသင်းရဲ့ နောက်တန်းကစားသမား ဗာတွန်ဂန်ဟာ ဝိုင်ဟက်လိန်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေတာကြောင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ပြင်ဆင်လျက်ရှိပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဗာတွန်ဂန်ဟာ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလအတွင်းက တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး လက်ရှိမှာ စာချုပ်သက်တမ်းရဲ့နောက်ဆုံးနှစ်ကို ရောက်ရှိနေပြီလည်း ဖြစ်ပါတယ်။ အဲဒါကြောင့် နောက်တန်းကစားသမား ဗာတွန်ဂန်အနေနဲ့ စပါးအသင်းမှာဆက်ရှိနေဖို့ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတာ ဖြစ်ပါတယ်။

## ဘောလုံးလောက သတင်းတိုများ

- လီဗာပူးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်း၊ ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် နာပိုလီအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဖာဘီယန်ရူးဇ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ချယ်လ်ဆီးနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။
- မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ပေါ့ဘာကို ရောင်းချရန်စီစဉ်လျက်ရှိပြီး ဂျာမနီကွင်းလယ်ကစားသမား တိုနီခရူးစ်ကို အစားထိုးကစားသမားအဖြစ် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- မန်ယူအသင်းသည် အသက် ၂၅ နှစ်အရွယ်ရှိ ဆွီဒင်နောက်တန်းကစားသမား လင်ဒီလော့ဖ်အား လုပ်ခလစာနှစ်ဆပေးမည်ဖြစ်ပြီး လင်ဒီလော့ဖ်သည် တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ ရရှိမည်ဖြစ်ကြောင်းသိရသည်။
- ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည့် တောင်ပံကစားသမား ဆာနေးအား မန်စီးတီးအသင်းက စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်းသိရသည်။

သစ်
ပင်
စိုက်
ပါ
ဒို့
ကမ္ဘာ
သာ
ယာ
လှပ
စိမ်း
မြ
မြ

## ဒေါ်အေးကြည် (စလင်း)
## အသက် (၁၀၀)

စလင်းမြို့နေ (ဦးဘစိုး-ဒေါ်ကေး)တို့၏သမီး၊ (ဦးလှကို)၏ဇနီး၊ (ဦးလူခန့်-ဒေါ်သန်းတင်)၊ (ဦးဟန်တော်)တို့၏ညီမ၊ သား/သမီး ၁၃ ယောက်တို့၏ကျေးဇူးရှင် မွေးမိခင်၊ မြေး ၄၆ ယောက်၊ မြစ် ၃၄ ယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်အေးကြည်သည် ၁၃-၉-၂၀၁၉ (သောကြာနေ့) ည ၁၀ နာရီတွင် လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အကွက်(၄၁)၊ အမှတ်(၁၁/၁၂)နေ ဦးစန်းလွင်-ဒေါ်ခင်အေးကြူတို့၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၉ (စနေနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့)တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ နဝဒေးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦးဒါယိကာမကြီး

## ဒေါ်တင်ကြည်
## အသက်(၈၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဖလုံကျေးရွာနေ (ဦးထွန်းတင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ ဦးကျော်ဝင်း-ဒေါ်အေးသန်းတို့၏ညီမ၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ အောင်သစ္စာ(၁)လမ်းအနောက်၊ အမှတ်(၆၂၇)နေ ဒေါ်ဝေဝေတင့်(ဒု-အထွေထွေ မန်နေဂျာ၊ အမှတ်-၃၊ အကြီးစားစက်မှုလုပ်ငန်း/စက်မှုဝန်ကြီးဌာန)၊ (ဦးဝင်းနိုင်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်တင့်-ဒေါ်အေးအေးမြင့်၊ ဦးမျိုးသန်း-ဒေါ်နီနီစန်း၊ ဦးထွန်းသန်း-ဒေါ်မေဇင်လတ်တို့၏မွေးသမိခင်၊ (ဦးအောင်သန်းမောင်)၏ဇနီး၊ မြေး ခုနစ်ယောက်တို့၏ အဘွား ဒေါ်တင်ကြည်သည် ၁၄-၉-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ (အမှတ်-၆၂၇၊ အောင်သစ္စာ ၁-လမ်း အနောက်၊ ၄-တောင်ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။ )

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်းဒါယကာကြီး
## ဦးကျော်ညွှန့် (ရေနံချောင်း) (၉၈) နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဦးကြည်ကို (အင်းစိန်၊ ခဝတ)-ဒေါ်ခင်ခင်ဝေ၊ ဒေါ်လှလှကြူ (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဦးတင်ကို-ဒေါ်လှလှမူ၊ ဦးဝင်းကို-ဒေါ်သန်းသန်းမူ၊ (ဗိုလ်မှူးသိန်းဌေးဝင်း)-ဒေါ်ခင်ခင်မော်၊ ဦးဝင်းအောင်-ဒေါ်အေးအေးမော်၊ ဦးကျော်စွာထွန်း(တိုင်းဦးစီးမှူး၊ ပို့ဆက်/ထားဝယ်)-ဒေါ်သန်းသန်းခိုင်တို့၏ အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီး နိုင်မင်းသိန်း-ဒေါ်စန္ဒာအောင်တို့၏ ကျေးဇူးရှင်ဖခင်၊ ဒေါ်စန်းစန်းဝေ (လ/ထ မန်နေဂျာ-ငြိမ်း၊ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ကမ္ဘာ့ရတနာဘဏ်)၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၄-၉-၂၀၁၉ (စနေနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် အစ်မကြီးနှင့် တပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း ကောင်းရာသုဂတိသို့ ရောက်ရှိခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

ကျန်ရစ်သူမောင်နှမများ

---

## ဝမ်းနည်းကြေကွဲခြင်း
အင်္ဂပူမြို့နယ်အသင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး
## ဒေါ်ထွေးစိန် (ညောင်ကျိုး-အင်္ဂပူမြို့နယ်)
## အသက် (၈၉) နှစ်

အသင်းအမှုဆောင်များ ဖြစ်ကြသော (ဦးအေးကျော်)နှင့် ဇနီး၊ (ဦးဇော်လွင်)နှင့်ဇနီး၊ ဦးအေးလွင်နှင့်ဇနီးတို့၏မိခင်ကြီး ဒေါ်ထွေးစိန်သည် ၁၄-၉-၂၀၁၉ ရက်တွင် ကွယ်လွန်သွား ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်္ဂပူမြို့နယ်အသင်း**
**အမှုဆောင်အဖွဲ့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဟာဂျီမ ဆိုဖီယာဘီဘီ (ခ) ဟာဂျီမ ဒေါ်ထွေးကြည်
## အသက် (၈၀)

ဒေါက်တာ စန္ဒာနိုင် (ပါမောက္ခ၊ ဌာနမှူး၊ ရေကြောင်းပညာ တက္ကသိုလ်)၏ ချစ်လှစွာသော မိခင်၊ ဟာဂျီမ ဆိုဖီယာဘီဘီ(ခ) ဟာဂျီမ ဒေါ်ထွေးကြည် အသက် (၈၀) သည် ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၆း၅၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်စက်မှုတက္ကသိုလ်၊ ၁၉၈၇-၉၁**
**မြို့ပြအင်ဂျင်နီယာ သူငယ်ချင်းများ**

---

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဘုမွှော်ရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ်(၃၈၉)နေ ဦးသိန်းတင်-ဒေါ်သီးပိုတို့၏သမီးဖြစ်သူ မစန်းစန်းမူ[၆/ ထဝန(နိုင်) ၀၀၃၇၈၀]သည် မိဘများအား စိတ်နှလုံး မချမ်းမြေ့အောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် မိဘများ လက်မခံနိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ် ပြုမူဆောင်ရွက်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း မိဘများပိုင် နေအိမ်အဆောက်အဦများအတွင်းသို့ လာရောက်ခွင့်မပြုပါကြောင်းနှင့်၄င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဦးသိန်းတင်[၆/ထဝန(နိုင်)၀၃၀၉၅၂]-**
**ဒေါ်သီးပို [၆/ထဝန(နိုင်)၀၃၀၉၅၁]**

---

## ပြင်ဆင်ဖတ်ရှုပါရန်


(၁၁-၉-၂၀၁၉)ရက်စွဲပါ ကြေးမုံသတင်းစာ၏ ကြော်ငြာစာမျက်နှာ(၂၀)ပါ ကန့်ကွက်နိုင်ပါသည်ကြော်ငြာတွင် ဖော်ပြပါရှိသော (အလျား ၂၆ပေ×အနံ၆ပေ) အကျယ်အဝန်းအစား (အလျား ၂၆ပေ×အနံ၆၀ပေ) အကျယ်အဝန်း ဟုပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်ဝင်းဝင်းနွယ်**
**အထက်တန်းရှေ့နေ**

---

# ကုန်အမှတ်တံဆိပ်ကြေညာခြင်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/ရှေ့ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၁၀၉)နေ ဒေါ်ယဉ်မြတ်ချိုလှိုင် [၁၂/ကမတ(နိုင်)၀၅၁၂၆၆] ကိုင်ဆောင်သူသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းချုပ်ဆိုမည်ဖြစ်ပါသည်။




အထက်ပါ" MIN ကျန်းမာရေးအဆင့်မြင့်အိမ်သုံးဆားနှင့် ဆားခါးလုပ်ငန်း" ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ထုတ်လုပ်ဖြန့်ချိလျက်ရှိသော Pink Salt @ Rock Salt ကျန်းမာရေးအဆင့်မြင့်အိမ်သုံးဆားနှင့် ဆားခါးတို့နှင့်ဆက်စပ်သော ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယခု သတိပေးကြေညာသည့် ကုန်အမှတ်တံဆိပ်အမှတ်အသားနှင့်ပတ်သက်ပြီး ဦးစွာ မှတ်ပုံတင်ထားပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသူများရှိပါက ဤကြေညာချက်ပါရှိပြီး (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တရားဝင်မှတ်ပုံတင်သွင်းချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းဦး LLB, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၇၇၁၂)**
**ဖုန်း-၀၉-၇၉၅၂၃၄၉၄၉၊ ၀၉-၉၆၇၇၉၉၉၆၃**

---

# ခရစ်တော်၌ အိပ်ပျော်ခြင်း
# ဦးလဖိုင်ဇော်ယော်
# အသက် (၄၅) နှစ်

မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်၊ အမှတ်(၈၂)နေ (ဒူဝါလဖိုင်ဇော်လ-ဒူဂျန်ဝလာနန်ထု)တို့၏ သားထွေး၊ ဒေါ်နန်မိုင် (ရန်ကုန်)၊ ဒေါ်နန်ဘန် (ဗန်းမော်)၊ ဦးလဖိုင်ခွန်ဆာ (ရန်ကုန်)၊ ဒေါ်နန်ဂရောင် (မြစ်ကြီးနား)၊ ဒေါ်နန်ရှန် (မြစ်ကြီးနား)၊ (ဦးဇော်ဆမ်)၊ ဦးအောင်ရာတန် (ရန်ကုန်)၊ ဒေါ်နန်ပရီ (ရန်ကုန်)တို့၏ ညီ/မောင်၊ ဒေါ်မေစန္ဒာကျော် (ခ) ဝလာဂျာအောန်၏ ခင်ပွန်း၊ မောင်ဇော်ဆိုင်းဒူ၊ မနန်ရှယီတို့၏ဖခင်သည် ၁၄-၉-၂၀၁၉ (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၄း၅၀ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(S-212)၊ ရွှေသပြေလမ်း၊ သပြေကုန်းရပ်ကွက်နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၉-၂၀၁၉ (အင်္ဂါနေ့)တွင် မြစ်ကြီးနားမြို့ ဂျော်ဘွမ် (နောင်နန်း) ခရစ်ယာန် သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ငြိမ်း
## အသက်(၇၃) နှစ်

**St.Anne's Convent Taunggyi ကျောင်းသားဟောင်း**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၈)လမ်း(အထက်)၊ အမှတ်(၂၂၀)၊ ဒုတိယထပ်(ယာဘက်)၊အခန်းနေ (ဦးခွန်သိမ်း-ဒေါ်တင်ညွန့်)တို့၏သား၊ (ဦးလောရှည်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဦးခင်မောင်အေး-ဒေါ်ခင်စိန်ကြည်၊ဦးခင်မောင်လေး-ဒေါ်ခင်ဝင်း၊ (ဦးခင်မောင်ထွေး)-ဒေါ်ကြူကြူဝင်းတို့၏ညီ၊ (ဦးမြင့်ဆောင်)-ဒေါ်စောမြသန်း၊ ဒေါ်စောမြသိန်း၊ ဦးစောမြင့်အောင်-(ဒေါ်သန်းသန်းငြိမ်း)တို့၏အစ်ကို၊ ကိုထွန်းအာကာကျော်-မအေးသွဲ့သွဲ့ငြိမ်း၊ ကိုခွန်သူရိန်ငြိမ်းတို့၏ဖခင်၊ မောင်ဩရသထွန်း၏အဘိုး၊ ဒေါ်ခင်အေးတင့်၏ခင်ပွန်း ဦးခင်မောင်ငြိမ်းသည် ၁၃-၉-၂၀၁၉ (သောကြာနေ့) ည ၁၀း၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကျေးဇူးအထူးတင်ရှိခြင်း

၆-၉-၂၀၁၉ (သောကြာနေ့)တွင် ကွယ်လွန်သွားသော ဦးထင်လင်းအောင် (ဦးစီးအရာရှိ၊ လဝက၊ ကျောက်တန်းမြို့နယ်)ကို မကွယ်လွန်မီ ဂရုတစိုက် ပြုစုကုသ ပေးခဲ့ကြသည့် အောင်ရတနာဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဖြစ်ကြသော ဦးနိုင်နိုင်ထွန်း၊ ဦးရဲထွန်း၊ ဦးမောင်မောင်ခင်နှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စတွင် သင်္ဂြိုဟ်ပြီးသည့်တိုင် လိုလေသေးမရှိ အစစအရာရာ ကူညီဆောင်ရွက်ပေးပါသော တိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးစောနိုင်၊ ခရိုင် (၄) ခရိုင်မှ ခရိုင်ဦးစီးဌာနမှူးများ၊ ဦးစီးအရာရှိများနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများလည်းကောင်း၊ ဆေးကုသစရိတ်များ ကူညီပေးခဲ့ကြသော၊ မဟာရွှေ တံခါးမှူးအဖွဲ့အား လည်းကောင်း၊ ငွေအားလူအားဖြင့် ကူညီပေးခဲ့ကြသော တွဲလက်များအဖွဲ့၊ (၉၂) သူငယ်ချင်းများအဖွဲ့နှင့် ခင်မင်ရင်းနှီးသည့် သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း သတင်းစကား မေးမြန်းကြသော ရပ်နီးရပ်ဝေးမှ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ဒေါ်သီတာမြင့်**
**မောင်ဘုန်းထင်ကျော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုသန်းထွန်းဝင်း ၊ (ဦးစီးအရာရှိ–စက်မှုလယ်ယာ)
## (အသက် ၅၂နှစ်)

မနှင်းစန္ဒာဝင်း၏ ခင်ပွန်း၊ သူငယ်ချင်း ကိုသန်းထွန်းဝင်း (93 Metal) သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၀ ရက် အင်္ဂါနေ့တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏ မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

1984-1993 ရန်ကုန်စက်မှုတက္ကသိုလ်
ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းများ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒ်ဦး၊ စက်ရေတွင်း ဒါယိကာမကြီး

## ဒေါ်သန်းမြ
## အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးလှအောင်-ဒေါ်တင်စိန်)တို့၏ သမီးကြီး၊ နေပြည်တော် တပ်ကုန်းမြို့နေ (ဦးဖိုးလှ-ဒေါ်လှရင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၄)လမ်း၊ အမှတ်(၇၁၉/၇၃၅)နေ ဦးထွန်းရင်၏ဇနီး၊ ဦးဝဏ္ဏသီရိ(လက်ထောက်ခံတောရ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး)၏ မယ်တော်ကြီး၊ ဒေါ်သန်းသန်းဦး(ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း)၊ ဦးခင်မောင်သန်း (သင်္ချာ-ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းစာသင်ဝိုင်း)-ဒေါ်သင်းသင်းခိုင်(ကထိက-သင်္ချာဌာန-မအူပင်တက္ကသိုလ်)၊ ဦးသန်းထိုက်-ဒေါ်ယဉ်ယဉ်နုတို့၏ ချစ်လှစွာသော မိခင်ကြီး၊ မောင်ဘုန်းထိုက်ကျော်(တ-နှစ်၊ ဘူမိဗေဒ-ဒဂုံတက္ကသိုလ်)၏ အဘွားသည် ၁၃-၉-၂၀၁၉ (သောကြာနေ့) နံနက် ၇း၅၇ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၉-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၉-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
စလင်းမြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်အေးကြည်
## အသက် (၁၀၀)

စလင်းမြို့နယ်အသင်း၏ သက်ကြီးကန်တော့ခံဖြစ်သော ဒေါ်အေးကြည်သည် ၁၃-၉-၂၀၁၉ ရက်၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စလင်းမြို့နယ်အသင်း**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၅၉)၊ ၅-လွှာ(အေ)၊ အကျယ်အဝန်း (၁၈ ပေ× ၇၅ ပေ) ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော Air-con (၃) လုံး၊ ကိုယ်ပိုင် မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဦးကျော်ကို [၁၂/လမန(နိုင်)၁၁၉၂၁၁]မှ မိမိတစ်ဦးတည်းသော တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချရန် ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်နိုင် [၁၄/ဒဒရ (ပြု) ၀၀၀၄၁၅] မှ တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ၂၉-၉-၂၀၁၉ ရက်နေ့တွင် အပြီးအပြတ်ပေးချေမည်ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများကို ယူဆောင်၍ ယခုကြော်ငြာပါရှိသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးမောင်နိုင်**
**[၁၄/ဒဒရ (ပြု) ၀၀၀၄၁၅]**

**လွှဲအပ်ချက်အရ-**
**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၉၂/၂၀၁၃)**
**အမှတ်(၄၂)၊ (၄)လွှာ၊ လမ်း(၁၄၀)၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉ ၅၀၆၄၉၅၉၊ ၀၉ ၅၀၈၈၆၀၅**

# စက်တင်ဘာ ၁၅ ရက်တွင် အဖြေထွက်မည့် MNL အမှတ်ပေးချန်ပီယံဆု

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးရန် တစ်ပွဲသာလိုတော့ပြီး စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပမည့် ပွဲစဉ်(၂၂)မှသာ အဖြေထွက်ပေါ်မည်ဖြစ်သည်။

နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၂၂)အဖြစ် စက်တင်ဘာ ၁၅ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် စစ်ကိုင်းအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ထိပ်တိုက်တွေ့ဆုံ**

ပွဲစဉ်(၂၁)အပြီးတွင် ချန်ပီယံဆုအတွက် အနည်းငယ်ရုပ်လုံးပေါ်လာသလို တန်းဆင်းဇုန်အတွက်လည်း တစ်သင်းလျှော့ကာ သုံးသင်းသာယှဉ်ပြိုင်ရမည့်အနေအထားဖြစ်သွားခဲ့သည်။ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် ရှမ်းယူနိုက်တက်၊ ရောဝတီနှင့် ရန်ကုန်အသင်းသည် နောက်ဆုံးပွဲကို အိမ်ကွင်း၌ ကစားရမည်ဖြစ်ပြီး တန်းဆင်းဇုန်အတွက် အပြိုင်ဖြစ်နေသည့်အသင်းများအနက် Southern အသင်းနှင့် ဒဂုံအသင်းသည် ထိပ်တိုက်တွေ့ဆုံနေပြီး Chinland အသင်းမှာမူ အဝေးကွင်းကစားရမည်ဖြစ်သည်။

ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိနေသည့် အသင်းများအနက် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်း၊ ရောဝတီအသင်းက စစ်ကိုင်းအသင်း၊ ရန်ကုန်အသင်းက မကွေးအသင်းနှင့်

စာမျက်နှာ ၈ ကော်လံ ၄ သို့ ❂



# တိုင်းဒေသကြီးနှင့် ပြည်နယ် U-17 ဘောလုံး(အမျိုးသား)ပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအသင်း ဗိုလ်လုပွဲတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၄**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-17 ဘောလုံး(အမျိုးသား) ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

# ၂၀၁၉ ကမ္ဘာ့ဘိလိယက် 150 Up ပြိုင်ပွဲတွင် နေသွေးဦး ဗိုလ်လုပွဲတက်ရောက်

မန္တလေး စက်တင်ဘာ ၁၄

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၉ ကမ္ဘာ့ဘိလိယက်နှင့် စနူကာချန်ပီယံရှစ်ပြိုင်ပွဲ၏ ဘိလိယက် 150 Up ပြိုင်ပွဲ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစ၍ မန္တလေးမြို့၌ ကျင်းပရာ မြန်မာ့လက်ရွေးစင် ဘိလိယက်ကစားသမား နေသွေးဦးသည် နာမည်ကြီးကစားသမားများကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။**

စာမျက်နှာ ၈ ကော်လံ ၄ သို့ ○



**စက်တင်ဘာ ၁၄ ရက်က မိတ္ထီလာ၌ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်လှေလှော်အသင်းများ ဗိုလ်လုပွဲ ယှဉ်ပြိုင်လှော်ခတ်နေကြသည်ကို တွေ့ရစဉ်။**

ဓာတ်ပုံ-ချမ်းသာ(မိတ္ထီလာ) သတင်း၊ စာမျက်နှာ - ၇

## ကြေးမုံ ယနေ့ ဖတ်စရာ


**လူမှုကွန်ရက်မှတစ်ဆင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုများကို ပြန်လည်သုံးသပ်**
စာမျက်နှာ ၉

**နေတန်ယာဟု နှုတ်မြွက်စကား သောင်းတိုင်ကကြား**
စာမျက်နှာ ၁၁

**အမေရိကန်စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များအပေါ် ကြီးလေးသည့် အခွန်ကောက်ခံမှု တရုတ်ဖယ်ရှားမည်**
စာမျက်နှာ ၁၂





# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

စက်တင်ဘာ ၁၅၊ ၂၀၁၉ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## စန်းထက်(ဖန်ခါးမြေ)



(၁)

"အဖေ၊ ကျွန်တော်က ကိုယ်ပိုင်ကျောင်းမှာပဲ နေချင်တယ်"

သားဖြစ်သူ ဆယ်တန်းကျောင်းသားက သူ့ဆန္ဒကိုထုတ်ဖော်ပြောကြားပြီ။ မိမိဆန္ဒကို ပြောရရင် အစိုးရကျောင်းကိုပဲ တက်စေချင်သည်။ လိုအပ်သည့်ဘာသာရပ်ကို ကျူရှင်ယူစေချင်သည်။ စာမေးပွဲဆိုတာ ဘယ်ကျောင်းမှာပဲနေနေ၊ ကိုယ်ကြိုးစားမှုအပေါ် မူတည်သည်။ ကိုယ်ကြိုးစားရင် ကြိုးစားသလောက် ထူးချွန်အောင်မြင်မယ်လို့ပဲ ယူဆမိသည်။

အရင် သမီးအကြီးနှစ်ယောက်ကတော့ အစိုးရကျောင်းမှာတက်ခဲ့ပြီး သူငယ်ချင်းကျောင်းဆရာ ဦးစီးတည်ထောင်သည့် ဘော်ဒါတစ်ခုမှာထားခဲ့ရသည်။ နှစ်ယောက်စလုံး ၁၀ တန်းအောင်ကာ ပညာရေးကောလိပ်တက်ခွင့်ရ၍ ကျောင်းဆရာမ တာဝန်ထမ်းဆောင်နေကြပြီ။ အောက်တွင် သားတစ်ယောက်နှင့် သမီးနှစ်ယောက်ကို ပညာရေး လမ်းအဆုံးပို့ပေးဖို့ ကျန်သေးသည်။

မိဘဆိုတော့လည်း ကိုယ့်သားသမီး စိတ်မဆင်းရဲရလေအောင်။ သူတစ်ပါးနဲ့ တန်းတူအောင် မပြည့်စုံတဲ့ကြားက လိုက်လျောပေးရတော့သည်။

ယခုခေတ် ယခုကာလ ကျောင်းသားတစ်ယောက်ရဲ့ ပညာရေးအသုံးစရိတ်ကို ခန့်မှန်းကြည့်ရလျှင် မတွေးဝံ့စရာ။

ဩော် ကိုယ့်သားသမီးပညာသင်ရမယ့် အရွယ်မှာ ကျောင်းကထုတ်ပြီး ခိုင်းမစားရက်တာကိုး။

(၂)

ကျောင်းနေချင်၍ နေ့စဉ်နဲ့အမျှ မျက်ရည်ကျနေတတ်သည့် ကျွန်တော့်ကို အဖေက အလုပ်လုပ်ဖို့မခိုင်းရက်။ မမကလည်း အမေသေလို့ ကျောင်းဆက်မတက်ရသူမို့ ကျွန်တော့်ကိုကျောင်းဆက်တက်နေစေချင်သည်။

ကျွန်တော် ရွာကျောင်းက ရှစ်တန်းအောင်သည်။ ကျောင်းမနေရမည်စိုးလို့ မျက်ရည်နဲ့မစဲခဲ့။ အစ်မဖြစ်သူ မဌေးဌေးနဲ့ အဒေါ်ဖြစ်သူ ဒေါ်သန်းဆွေတို့ ရေနံချောင်းကို သပြေငုတ်ရောင်းသွားရာက ကျောင်းနေဖို့ အခွင့်အလမ်းရလာခဲ့တယ်လေ။

"ညည်းမောင်က စာလိုချင်စိတ်ရှိတယ်။ ကျောင်းနေချင်စိတ်ပြင်းပြတယ်ဆိုရင် ငါ့ဆီပို့လိုက်ပါ။ ငါတတ်နိုင်တဲ့ဘက်က ကူညီရမှာပေါ့"တဲ့။

ဦးဇင်းရွှေကျောင်း (သာသနာ့တံခွန်၊ ရေနံချောင်း)အရောက် အဖေကလိုက်ပို့ပေးသည်။ မြို့မဈေးထဲမှာ စာရေးကိရိယာ၊ ကျောင်းဝတ်စုံ၊ ဖိနပ်ကအစ လိုရာဝယ်ပေးပါသည်။

အဖေကရေနံချောင်းမှာ ပန်းထိမ်ဆရာလုပ်လာခဲ့ဖူးသည်ဆိုတော့ ရေနံချောင်းမှာ အသိမိတ်ဆွေတွေက အများကြီးပဲ။ လိုက်ပို့ပေးသည်။အတော်နဲ့စပ်သည်ဟု ဆိုရမည်။ ဘယ်အိမ်တွေကိုအလည်သွား၊ ဘယ်နားကိုနေ။ ဘယ်ဆီကိုမသွားနဲ့။ မပြန်မီမှာသည်။

"ကတီပါဖိနပ်ကလေး သေချာစီး။ မပျောက်စေနဲ့။ ဘုန်းတော်ကြီးကျောင်းက လူရှုပ်တယ်"တဲ့။

ရွာမှာဆို သမဝါယမဆိုင်ကထုတ်တဲ့ လက်ဝါးဖိနပ်စီးနေကျ။ နောက်ပေါ်လာသေးသည်။ အလွန်ခိုင်ခံ့တဲ့ မြင်းကြယ်ဖိနပ်ကလည်း ခိုင်မှခိုင်။ မပျောက်ရင်တစ်နှစ်အထိ စီးရသည်။ ဆင်ကြယ်ဖိနပ်က ဈေးကြီးလို့ဝယ်မစီးနိုင်ဘူး။ အခုကတီပါဖိနပ်ကလေးက တစ်သက်နဲ့တစ်ကိုယ် မစီးဖူးဘူးလေ။ အမြတ်တနိုး၊ တယုတယပေါ့။ ညညဆို ပျောက်မည်စိုးလို့ ဘုန်းကြီးကျောင်းနဲ့ မျက်စောင်းထိုးက ဦးလေးညီပုအိမ်မှာ သိမ်းထားရသည်။ မနက်ကျောင်းသွားရင် ကျောင်းဝတ်စုံဝတ်၊ လွယ်အိတ်လွယ်ထွက်တော့ ဖိနပ်မပါ။

"ဟေ့ အရှည်ကြီး။ မင်းဖိနပ်မစီးဘဲ ကျောင်းသွားမလို့လား"တဲ့။

အခန်းနေဦးပဥ္စင်း ဦးဥတ္တမကသူ့ကျောင်းဆောင်ပြတင်းဘက်က လှမ်းမေးသည်။

"ပျောက်မှာစိုးလို့ ကျောင်းရှေ့က အိမ်ကို သိမ်းခိုင်းထားတယ်" ပြောတော့ ဦးပဥ္စင်းက ရယ်ပါလေရော။

ဩော် မေ့မရတဲ့အမှတ်တရလေး။ အခုခေတ် ကာလသားသမီးတွေ ကျောင်းနေရတဲ့ အခြေအနေနဲ့ ကွာလှသည်။ ဘုန်းတော်ကြီးကျောင်းမှာနေရပေမယ့် အလကားအအားနေမရ၊ ငါးဂါလန်ရေဘူး အထမ်းနဲ့တစ်နေ့ရေသုံးထမ်းလေးထမ်းကို ရေစုပ်စက်ရှိရာ ရွှေကြာငုံထဲကကိုဘကြူးအိမ်ကိုသွားပြီး ထမ်းရသည်။

ကန္တာရပင်တွေ ခုတ်ရ၊ ဖြတ်ရ၊ ထစ်ရသည်။ ထင်းခွဲရ၊ ထင်းဖြတ်ရသည်။ ခါး၊ ငမန်း၊ ရဲဒင်း၊ ပုဆိန်တွေသုံးရသည်။ ညနေတိုင်းထမင်းချက်ရသည်။ ထင်းကမကောင်း။ ကန္တာရအကိုင်းမစိုမခြောက်၊ အရွက်တွေပါတော့ တဖျောက်ဖျောက်နဲ့။ မီးကမတောက်။ တရစပ်ဖင်ကုန်းမီးမှုတ်ရတာလည်း မျက်ခမ်းကိုစပ်လို့။ မိုးရွာတဲ့နေ့ဆို ပိုဆိုးလှသည်။

ထမင်းပျော့မနပ်။ ခရမ်းသီးဟင်းက ဆီမပါပျားမပါ။ မာဆတ်ဆတ်နဲ့ အတူနေ ဘုန်းတော်ကြီးကျောင်းသား တစ်စုဝိုင်းဖွဲ့စားသောက်ကြ။ တစ်ညတာထမင်းမြိန်ရစေသည်လေ။

မနက်စောစောထပြီး ဦးပဥ္စင်းတွေ၊ ကိုရင်တွေနဲ့ ဓမ္မာရုံ(ဆွမ်းလောင်းရုံ)ကို လိုက်ရသည်။ ကျောင်းပိတ်ရက်အလှည့်ကျရပ်ကွက်ထဲမှာ ဦးပဥ္စင်း၊ ကိုရင်တွေနဲ့ လင်ပန်း(ဗျပ်) ရွက်ပြီး ဆွမ်းတော်ခံထွက်ရသည်။ ကျောင်းနေဘက်အိမ်တွေ ဝင်ရထွက်ရတာပေါ့။ ရှက်ရမှန်းမသိ။

ကျောင်းပိတ်ရက်တွေမှာဆိုရင် ဆရာတော်ရဲ့သင်္ကန်းကို လျှော်ဖွပ်ပေးရသည်။ ဦးပဥ္စင်းရွှေ(ဘဘုန်းကြီး) ကအထိုင်များလို့လားမပြောတတ်။ညောင်းညာကိုက်ခဲတတ်တော့နင်းပေးရသည်။တံတောင် ဆစ်နဲ့ တစ်ကိုယ်လုံးနေရာမလပ်နှိပ်ပေးရသည်လေ။

ညစာထမင်းစားပြီးရင် ဘုန်းတော်ကြီးကျောင်းသားအားလုံး ကျောင်းပေါ်တက်ဘုရားရှိခိုး ကြရသည်။ ဘုရားရှိခိုး၊ မေတ္တာပို့သာမကဘူး။ နဂါးလှည့်တွေ၊ ရက်ရာဇာ၊ ပြဿဒါးရွေးနည်းတွေစုံလို့။ အာဂုံဆောင်ရွတ်ဖတ်သရဇ္ဈာယ်ရသည်။ ပြီးမှ ကျောင်းစာဖတ်ရလေ့ကျင့်ရသည်။

ဘာကျူရှင်၊ ဘာဂိုက်ရယ်မှမရှိသေးဘူး။ အဲဒီတုန်းက GRAMMAR ဆရာကြီး ဦးဘသန်းကျူရှင်မှာတော့ ခုနစ်တန်းကစလို့ တက္ကသိုလ်အထိ ကျောင်းသားတွေ စုပေါင်းသင်တဲ့ကျူရှင်ရှိသည်။ နီးလည်းနီးသည်။ ဒါပေမယ့် မတက်ဖြစ်ခဲ့ဘူး။

အဲဒီတုန်းက ည ၈ နာရီလောက်ဆိုရင် ဓနသိဒ္ဓိရုပ်ရှင်ရုံဘေးက တိုင်းကျော်လက်ဖက်ရည်ဆိုင်နဲ့ ကံ့ကော်လက်ဖက်ရည်ဆိုင်က အပြိုင်။ တိုင်းကျော်လက်ဖက်ရည်ဆိုင်ကို သူငယ်ချင်းများနဲ့အတူ လမ်းလျှောက်သွားရင်း လက်ဖက်ရည်ချိုခါးတစ်ခွက်စီ ညစဉ်မပျက်တမ်းသွားရောက်သောက်ကြသည်။ ဆုံစည်းကြသည်။ စာကြည့်လက်ဖက်ရည်(ချိုခါး)တစ်ခွက်တစ်ကျပ်တော့ ပုံမှန်သောက်သည်။

တစ်ခါတလေ ကော်ပန်းကန်ပြားနဲ့ချပေးတဲ့ မုန့်တွေအကုန်စားပြီးတော့ ကော်ပန်းကန်ပြားကို စားပွဲအောက်မျက်နှာပြင်မှာ ပီကေနဲ့ ကပ်ထားခဲ့တဲ့ အကျင့်ဆိုးတွေလည်း ကျွန်တော်တို့အဖွဲ့ လုပ်ခဲ့ဖူးကြသည်။ အပျော်အပျက်သဘောနဲ့ သူတစ်ပါးစီးပွားရေး ဖျက်ဆီးခဲ့မိကြတာ ပြောမဆုံး။ စိတ်မကောင်းကြုံရပြန်ပါလေရော။ ဒီလိုနဲ့ တစ်ညတာလမ်းခွဲပြီး ကိုယ့်နေရာကို ပြန်ပြီးစာဖတ်ကြ။ လေ့ကျင့်ကြရသည်ပေါ့။

ညတစ်ညမှတ်မိသေးသည်။ အခန်းထဲစာဖတ်၊ အိမ်စာလုပ်နေတာ။ မနက် ၄ နာရီကျမှအိပ်တတ်သည်။ ဦးပဥ္စင်းရွှေ (ဘဘုန်းကြီး) က အိပ်ခန်းထဲမီးလုံးတော့ထားပေး သည်။မီးခ လုတ်ကိုတော့ သူ့အိပ်ရာခြင်ထောင်တိုင်မှာ ရွှေ့ထားသည်။ကျွန်တော့်ကို အရပ်ရှည်တော့ အရှည်ကြီးလို့ပဲ ခေါ်သည်။

"အရှည်ကြီးစာတွေ လုပ်လွန်းတယ်။ အအိပ်ပျက်၊ အစားပျက်လို့ ရောဂါရမည်စိုးရိမ်တယ်"တဲ့။

ညဆိုတော့ မကြာခဏ ဦးပဥ္စင်းရွှေ (ဘဘုန်းကြီး) က ဆီးသွားသည်။ ကျွန်တော်စာကြည့်တဲ့မီးရောင်ကို မြင်နေရသည်လေ။ ဒီတော့မိဘနှင့်မခြား စိုးရိမ်တတ်ရပြီ။

ဒီလောက်စာကြည့်နေရင် ကျန်းမာရေးထိခိုက်မယ်စိုးရိမ်တတ်တာကြောင့် အချိန်လင့်အောင် ဖတ်ခွင့်မရဘူး။ စာကြည့်လက်ဖက်ရည်(ချိုခါး) သောက်လေ့သောက်ထရှိနေတော့ အိပ်မရ။ ကျွန်တော့် ခြေသံမကြားအောင်သွားပြီး ပိတ်ထားတတ်တဲ့ မီးခလုတ်ကို အသာဖွင့်သည်။ လင်းနေတဲ့ မီးသီးကို စက္ကူအနက်စနဲ့အုပ်ပြီး ကျောင်းစာလုပ်ရ၊ လေ့ကျင့်ရသည်။ ဒီလိုပဲ ညစဉ်လိုလိုပေါ့။ ဦးပဥ္စင်းရွှေ (ခ) ဘဘုန်းကြီး မသိအောင် စာခိုးလုပ်ခဲ့ရတာတွေ မေ့လို့မရ။

ဩော် အခုခေတ်သားသမီးတွေ ကျောင်းနေရသလို စားဖို့အသင့်၊ နေဖို့အသင့်၊ ဝတ်ဖို့အသင့်။ စာသင်စာကျက်ဂိုက်တွေနဲ့သာ နေခဲ့ရရင် ငါဘယ်လောက်ထူးချွန်မလဲလို့ တွေးမိတယ်။

သားသမီးတွေက ပြောသည်။

"ကိုယ့်ကံနဲ့ကိုယ်လာတာပဲ"တဲ့။

ကျွန်တော်တို့မိဘတွေမှာ သားသမီးတွေကို လိုလေသေးမရှိရလေအောင် ကြိုးစားပမ်းစား၊ နေ့မနား ညမအား စီးပွားရှာနေရတာကို သူတို့မမြင်တတ်တာလား။ မမြင်ချင်ယောင်ဆောင်နေသလား မပြောတတ်။ အမိအဖတွေရဲ့ ကျေးဇူးကိုမဆပ်ရင်နေပါ။အသိအမှတ်ပြုတတ်ရင်ပဲ ကျေနပ်ပါပြီ။

မိဘတွေဟာ ကိုယ့်သားသမီးကို ကိုယ့်ဘဝထက် ပိုပြီးမြင့်စေချင်ကြသည်။ မြင့်စေချင်ကြသည်ဆိုတာသဘာဝပဲလေ။ ကျောင်းနေနိုင်ခွင့်ဖန်တီးပေးသော အဖေ၊ အမေကြီး၊ အစ်မနဲ့တကွ ညီငယ်တွေရဲ့စေတနာ။ ဦးပဥ္စင်းရွှေ(ခ) ဘဘုန်းကြီး၏ ကျေးဇူးသည်ကား မေ့မရ။ အထူးသဖြင့် ၁၀ တန်းအောင်လို့ ဆုငွေ ၁၀၀၀ (အစိတ်တန် ၄ ရွက်) ကို ပစ်ပေးတဲ့ ပျော်ရွှင်မဆုံးနိုင်သော ဘဘုန်းကြီး ဦးပဥ္စင်းရွှေ၏မျက်နှာကိုမြင်ယောင်နေဆဲ။

ပညာသင်ကြားခွင့်ရရှိစေပြီး နိုင်ငံ့ဝန်ထမ်းကျောင်းဆရာတစ်ယောက်အဖြစ် တစ်ထောင့်တစ်နေရာက လောကအကျိုးကို သယ်ပိုးထမ်းရွက်ခွင့်ရ၍ အလွန်ပင်ကျေနပ်နေရပြီလေ။ ကျောင်းဆရာဘဝ မချမ်းသာသော်လည်း၊ ဝမ်းတော့ဖြင့်မဟာစေရပါ။ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမို့ မိမိဘဝကိုတွေးရင်း ကျေနပ်နေမိတော့သည်။

အခုတစ်ဖန် အလှည့်ကျရပြီမို့ ကိုယ်မွေးထားသည့် သားသမီးတွေပညာရေးအားပေးကူညီနိုင်စေဖို့ ချွေတာစုဆောင်းရ၊ အပိုဝင်ငွေရဖို့ အရောင်းအဝယ်လုပ်ရနဲ့ မမောနိုင်၊ မပမ်းနိုင်။

(၃)

မမောနိုင်၊ မပမ်းနိုင်။ မိသားစုစားဝတ်နေရေး၊ လူမှုရေးနှင့်တကွ အရေးများစွာပြေလည်စေဖို့ ကြိုးစားအားထုတ်နေရသည်။ ကျောင်းတွေပြန်ဖွင့်တော့မည်။ မိမိသားသမီးများရဲ့ ပညာရေးအတွက် ရတဲ့လစာကို ချွေတာ အပိုဝင်ငွေရအောင် အရောင်းအဝယ်လုပ်ရင်း၊ ပင်ပန်းသမျှကို အလေးမထား၊ မညည်းတွားမိ။

"အဖေ (၁၀)တန်းအောင်ရင် သားသမီးတွေလဲ (၁၀)တန်းအောင်စေရမယ်။ အဖေ ဘွဲ့ရရင် သားသမီးတွေလည်း ဘွဲ့တစ်ခုခုကို ရစေရမယ်"

စိတ်ထဲတွင်တွေးရင်းဖြင့် (၁၀)တန်းတက်ရမည့်သားဖြစ်သူကို မြို့က ကိုယ်ပိုင်ကျောင်းမှာပို့ဖို့ ပြင်ဆင်နေရပြီ။ ကိုယ့်သားသမီးကို သူများနဲ့ တန်းတူရှိစေချင်သည့် မိဘမေတ္တာလေ။ အဖေရှိနေသရွေ့ ငွေရှိနေစေရမည်။ အရာရာလိုလေသေးမရှိစေရဘူး။

မြစ်ဖျားချောင်းမပေါင်းစုကျသည့် စုန်ရေမြစ်တစ်စင်းလို အရှိန်ပြင်းစွာ စီးဆင်းနေဆဲ။


## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

ဆောင်းပါး

■ လင်းလွင်ညို(ရောဝတီ)

# ဂိမ်း အန္တရာယ်

၂၁ ရာစုတွင် နည်းပညာတိုးတက်မှုကို သြချလောက်အောင်ပင် တွေ့မြင်ရပေမည်။ ထိုတိုးတက်မှုများတွင် စမတ်ဖုန်းအသုံးပြုနိုင်ခြင်းသည်လည်း အဓိကအရေးပါသော အချက်တစ်ချက်ပင်သည်။ စမတ်ဖုန်း၏ အကျိုးကျေးဇူးကား အလွန်ပင်များပြားလှပေသည်။ ဆက်သွယ်ရေး လွယ်ကူချောမွေ့သည်သာမက ဗဟုသုတပေါင်းစုံကို လေ့လာနိုင်သော ဗဟုသုတဟင်းလေးအိုးကြီးသဖွယ်ပင်ဖြစ်သည်။ သို့သော် အကောင်းနှင့်အဆိုး ဒွန်တွဲကာရှိနေတတ်သော နိယာမ သဘောတရားများကြောင့် စမတ်ဖုန်းအသုံးပြုခြင်း၏ ဆိုးကျိုးများကလည်း ရှိနေပြန်သည်။ အထူးသဖြင့် ဂိမ်းဟူသော ဆော့ဝဲလ်များ ဖုန်းတွင် ထည့်သွင်းအသုံးပြုနိုင်ခြင်းသည် ဆိုးကျိုးတစ်ခုဖြစ်သည်ဟုဆိုလျှင် မှားလိမ့်မည်ဟုမထင်ပေ။

စာရေးသူငယ်စဉ်တုန်းက ဂိမ်းကစားရန်အတွက် သီးသန့်ဖွင့်ထားသော ဂိမ်းဆိုင်သို့သွားကာ အခကြေးငွေဖြင့် ကစားရလေသည်။ ဂိမ်းဆိုင်များသည် မြို့ပြများတွင်သာ ရှိခဲ့ကြသည်။ ကျေးလက်ဒေသတို့တွင်ကား ရှိကောင်းရှိပေလိမ့်မည်။ သို့သော် အလွန်ရှားပါးခဲ့ပေလိမ့်မည်။ ယင်းဆိုင်များကို သွားရောက်ကစားဖို့ရာ လက်တစ်ကမ်းတွင် ရှိမနေတတ်သောကြောင့်လည်းကောင်း၊ မအားသည့်အခါ စောင့်ဆိုင်းနေရသောကြောင့် လည်းကောင်း၊ ဂိမ်းကစားသူဦးရေ နည်းပါးခဲ့လေသည်။ ယခုမူ ဂိမ်းဆိုင်အပြင် မိမိတို့ ကိုယ်နှင့်အနီးဆုံးနေရာတွင်ရှိသော ဖုန်းများဖြင့်ပါ ဂိမ်းကစားနိုင်လေသည်။ ဂိမ်းကစားနည်း အသစ်အဆန်းတို့ကလည်း အာရုံဖမ်းစားနိုင်စွမ်း ပိုမိုမြင့်မားလာနိုင်အောင် ဖန်တီးထားပေသည်။

မိမိတို့ပတ်ဝန်းကျင်တွင် ဘိန်းစွဲနေသူများကို တွေ့ရန်ခက်ခဲသော်လည်း ဂိမ်းဆွဲနေသူများက အလွန်များပြားကြောင်း တွေ့ရသည်။ စမတ်ဖုန်းသုံးသူ ခေတ်လူငယ်အများစုသည် ထိုဂိမ်းများနှင့် အချိန်ဖြုန်းနေကြပေသည်။ ဂိမ်းကစားနည်းကို ဖန်တီးတီထွင်သောသူ၏ ရည်ရွယ်ချက်ကို မိမိအနေဖြင့် တိတိကျကျမသိပေ။ သို့သော် အပျင်းပြေရန် သို့မဟုတ် စိတ်အပန်းဖြေရန် တီထွင်သည်ဟု ယူဆမိပါသည်။ မည်သည့်အတွက် တီထွင်ပါစေ 'တန်ဆေး လွန်ဘေး' ဟူသော စကားရပ်ရှိပါသည်။ တော်ရုံမျှ ဂိမ်းကစားခြင်းသည် ဆိုးကျိုးမရှိသော်လည်း အလွန်အကျွံအသုံးပြုခြင်းသည် ဆိုးကျိုးများစွာရနိုင်ပေသည်။ စာရေးသူ၏ သူငယ်ချင်းတစ်ဦးပင်လျှင် mobile legand ဟူသော ဂိမ်းကို ညနေ ၆နာရီခန့်မှ ည ၁၂ နာရီအထိ နေ့စဉ်နီးပါး ကစားသည်ကိုတွေ့ရသည်။ နေ့ဘက်တွင်လည်း အားရင်အားသလို ထိုဂိမ်းနှင့် အချိန်ကုန်တတ်သည်။ ဂိမ်းဆော့နေရင်း သူ၏ တောက်ခေါက်သံ၊ ငြီးတွားသံ၊ ဆဲဆိုသံများကလည်း ပတ်ဝန်းကျင်တွင် ပျံ့လွင့်ထွက်ပေါ်နေတတ်သည်။ တစ်နေ့တခြား မျက်တွင်းကျပြီး ပိန်လာသည်ကို တွေ့ရသည်။

ဂိမ်းကစားခြင်း၏ အကျိုးဆက်သည် အခြားသော facebook၊ messenger စသည်တို့ကို အသုံးပြုခြင်းနှင့်မတူ။ ဂိမ်းကစားခြင်းက မိမိအနိုင်ရဖို့အတွက် ကြိုးစားအားထုတ်ရသည်။ အာရုံကို အထူးစူးစိုက်ထားရသည်။ နိုင်လိုစိတ် လောဘအပြင် ရှုံးပြန်သောအခါ ဒေါသဖြစ်ရလေသည်။ ညဘက်တွင် ညဥ့်နက်အောင်အသုံးပြုသဖြင့် နံနက်အတွက် အလုပ်သွားရန် ဝန်လေးနေတတ်သည်။ အိပ်ရေးပျက်သူအဖို့ အလုပ်လုပ်နိုင်သော လုပ်အားစွမ်းရည်ကျဆင်းလာမည်။ ထုံထိုင်းမှုကို ဖြစ်စေမည်။ ဂိမ်းကိုသာ အချိန်ပေးနေသည့်အတွက် ချစ်ခင်သူများနှင့် ပေါင်းသင်းဆက်ဆံရေးကို ထိခိုက်နိုင်သည်။ အဖိုးတန်သော ဗဟုသုတများနှင့် အဆက်အသွယ်ပြတ်နိုင်သည်။ စာဖတ်ရန်အချိန် နည်းပါးလာမည်။ ဂိမ်းကစားခြင်းသည် စာဖတ်ချင်စိတ်ကိုလည်း လျော့နည်းစေနိုင်သည်။ တန်ဖိုးရှိသောအချိန်တို့ကို ဖြုန်းတီးရာကျပေသည်။ အင်တာနက်ဖြင့် ချိတ်ဆက်အသုံးပြုရသော ဂိမ်းများကြောင့် ငွေကုန်ပေမည်။ ခြုံငုံသုံးသပ်ရသည်ရှိသော် ဂိမ်းကစားခြင်း၏ ကောင်းကျိုးသည်က မရှိသလောက် ဆိုးကျိုးသည်က လွန်စွာများပြားလှပေသည်။

ဘိန်းစွဲနေလျှင် ဖြတ်ရန် ခဲယဉ်းသကဲ့သို့ ဂိမ်းဆွဲနေလျှင်လည်း ထိုနည်းတူစွာပင်ဖြစ်နေသည်။ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော် တည်ဆောက်ရန်အတွက် အဓိကကျသူများမှာ မျိုးဆက်သစ်လူငယ်များဖြစ်သည်။ ယင်းလူငယ်များအနေဖြင့် ဂိမ်းဝဲဂ်ပါထဲတွင် ဝဲလည်နေမည်ဆိုပါက ရင်လေးစရာပင်ဖြစ်သည်။ စာပေဗဟုသုတများကို ရှာမှီးရမည့်အချိန်တွင် အပျော်ကိစ္စရပ်များဆောင်ရွက်ရင်း အပျက်ဘဝသို့ ရောက်ရှိတတ်သည်ကို သတိပြုသင့်သည်။

ယခုအခါတွင် ဂိမ်းရောဂါကူးစက်မှုသည် မြန်မာတစ်နိုင်ငံလုံး မြို့ကြီးမှသည် ကျေးလက်ဒေသမကျန် ပျံ့နှံ့လျက်ရှိသည်။ 'ဂိမ်းဘေးမြင် မစွဲခင်တား' ဟု ဆောင်ပုဒ်အသစ်ရေးထိုးရမည့်ပုံ ဖြစ်နေသည်။ ယင်းကိစ္စကြီးကို သာမန်သဘောပဲဆိုပြီး လျစ်လျူရှုထားဖို့ မသင့်ပါချေ။ ဆရာ၊ မိဘ၊ လူကြီးများအနေဖြင့် အထူးသတိထား ဆုံးမလမ်းညွှန်မှုများပေးသင့်ပါသည်။ အချို့မိဘများသည် အရွယ်မရောက်သေးသော ကလေးငယ်များကိုပင် အလိုလိုက်ကာ ဖုန်းပေးထားတတ်သည်။ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်ပေသည်။ အထူးသဖြင့် အခြေခံပညာကျောင်းများတွင် ဂိမ်း၏ဆိုးကျိုးနှင့်ပတ်သက်၍ ပညာပေးဆောင်ရွက်ချက်များ ပြုလုပ်သင့်ပါသည်။

ဂိမ်းဘေးအန္တရာယ်ကာကွယ်ဖို့ရန်မှာ ပြည်သူအားလုံးတွင် တာဝန်ရှိသည်ဟု ယူဆမိပါသည်။ ဂိမ်းစွဲနေသူ ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ဂိမ်း၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဝေဖန်သုံးသပ်နိုင်ပြီး ဘဝအတွက် အဓိကကျသောအရာများကို ဦးစားပေးဆောင်ရွက်ကြပါဟု နှိုးဆော်တိုက်တွန်းလိုက်ပါသည်။

# အနာဂတ်၏ နည်းပညာနှင့် မြတ်ဆရာ

■ ပန်းရင့်နွယ်

မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းက ယုံကြည်လက်ခံထားသည်။ ပညာခေတ်ဖြစ်၍ ပညာရေးကို ခေတ်မီစေရန်၊ တိုးတက်စေရန် နိုင်ငံတိုင်းလိုလိုတွင် ဦးစားပေးလျက်ရှိသည်။ ပညာရည်မြင့်မားရေးလုပ်ငန်းများကို နိုင်ငံအလိုက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ တူညီချက်တစ်ခုကား ပညာရည်မြင့်မားရေးလုပ်ငန်းများ၏ သော့ချက်ဖြစ်သော ဆရာ့အတတ်ပညာ မြင့်မားတိုးတက်ဖွံ့ဖြိုးရေးကို ကြိုးပမ်းနေကြခြင်းသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း လက်ရှိအစိုးရလက်ထက်၌ ပညာရေးတိုးတက်မြင့်မားလာစေရန် ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ အခြေခံပညာရေးဥပဒေမူကြမ်းတွင် ဖော်ပြထားသော အခြေခံပညာရေး၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ၂၀၁၆ ခုနှစ်မှစတင်ကာ သင်ရိုးညွှန်းတမ်းအသစ်များကိုလည်း ရေးဆွဲအကောင်အထည်ဖော်နေပြီဖြစ်သည်။ ထို့ပြင် လိုအပ်သည်များ ဖြည့်ဆည်းရန်အတွက် ပညာရေးဘတ်ဂျက်များကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲခဲ့သည်။

မည်သည့်ပညာရေးစနစ်မျိုးဖြစ်စေ ဆရာသည်သာ အခရာဖြစ်သည်။ ဗဟိုချက်မဖြစ်သည်။ သင်ကြားရေးမဏ္ဍိုင်၏ အဓိကကျသော ဆရာသည် ပြုပြင်ပြောင်းလဲမှုရေစီးကြား အလိုက်သင့် စီးမျောနိုင်စေရန် နည်းပညာလိုအပ်မှုရှိလာပြီ ဖြစ်သည်။ လိုအပ်မှုရှိကြောင်းကိုလည်း 'ပညာအခွင့်အလမ်းရရှိဖို့ အရည်အသွေးပြည့်ဆရာဖြည့်ဆည်းစို့' ဟူသည့် ယခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်ကလည်း မီးမောင်းထိုးပြထားသဖွယ် ဖြစ်နေသည်။ ကလေးများ လိုအပ်သည့်ပညာကို အပြည့်အဝရရှိစေရေးသည် ဆရာများ၏ အရည်အသွေးနှင့် တိုက်ရိုက်အချိုးကျနေပါသည်။ ထို့ကြောင့် ဆရာသည် ခေတ်ကို မျက်ခြည်မပြတ်စေဘဲ လိုအပ်သည့် အတတ်ပညာ၊ နည်းပညာများကို ဖြည့်ဆည်းထားရန် လိုအပ်သည်။ ပညာရေးကို အောင်မြင်စွာ အကောင်အထည်ဖော်လိုလျှင် ဆရာများ၏ စွမ်းရည်မျိုးစုံကို ထက်မြက်လာသည်ထက် ပိုမိုထက်မြက်လာစေရန် မိမိကိုယ်တိုင် အစဉ်အမြဲလေ့လာကြရမည်။ လေ့ကျင့်ကြရမည်။ ကြိုးပမ်းအားထုတ်ကြရမည်။

ပညာရေးကြောင့် ဦးမော့လာရသော နိုင်ငံများက ပညာရေးသည် နိုင်ငံတစ်နိုင်ငံအတွက် မည်မျှအရေးကြီးကြောင်း သက်သေပြနေသကဲ့သို့ပင်။ ထိုသို့ ပြောင်းလဲလာရခြင်းသည် ပညာရေးကို နဖူးတွေ့ဒူးတွေ့ လက်တွေ့အကောင်အထည်ဖော်နေသော ဆရာများအပေါ်တွင် မူတည်သည်ဆိုပါက မှားမည်မထင်ပါ။ ယခင်က ကမ္ဘာတွင် အိုင်တီပညာဖြစ်ထွန်းခါစအချိန် ဆရာများအနေဖြင့် မိမိနှင့်မဆိုင်သကဲ့သို့ နေ၍ရခဲ့သည်။ ယခုအခါတွင်တော့ စာသင်ခန်းများထဲသို့ ကွန်ပျူတာများ ဝင်ရောက်လာချေပြီ။ နောင်အခါ တစ်ထိုင်တည်းနှင့်ပင် တစ်ကမ္ဘာလုံးရှိ ပါဝင်ပါသည်။ စာသင်ခန်းဝင်ချိန် ကလေးများကို ရှင်းပြ၊ ပြောပြနိုင်ရန် ဆရာ့အနေဖြင့် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့်အတိုင်း သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များတွင် ထိုအပင်များအကြောင်းကို ရှာဖွေနိုင်ပါသည်။ ထို့အတူ ပထဝီဝင်ဘာသာရပ်တွင် ပါဝင်သော ကမ္ဘာကြီးအကြောင်း၊ အာကာသအကြောင်း၊ ဂြိုဟ်များအကြောင်းကိုလည်း အင်တာနက်တွင် ရှာဖွေနိုင်ပါသည်။ ထိုသို့ရှာဖွေနိုင်ရန်လည်း ဆရာများ ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်ရန် လိုအပ်လှသည်။ ကောင်းမွန်ပြည့်စုံသော အနာဂတ်ကို ပိုင်ဆိုင်နိုင်သည့် နိုင်ငံတော်ဖြစ်စေရန် ဆရာကိုယ်တိုင် အရည်အချင်းပြည့်ဝရန် အရေးကြီးပါသည်။ ထိုသို့မဟုတ်ပါက ဆရာ၏ အခန်းကဏ္ဍ' အရှိန်အဝါသည် မှေးမှိန်ပျောက်ကွယ်သွားပေလိမ့်မည်။

**ယခုနှစ်တွင် စတင်ပြောင်းလဲလိုက်သော ဆဋ္ဌမတန်းသင်ရိုးသစ်၏ သိပ္ပံဘာသာရပ်တွင် ကလေးများ မတွေ့ဖူး၊ မကြားဖူးသော အပင်မျိုးစိတ်ပေါင်းများစွာ ပါဝင်ပါသည်။ စာသင်ခန်းဝင်ချိန် ကလေးများကို ရှင်းပြ၊ ပြောပြနိုင်ရန် ဆရာ့အနေဖြင့် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသည့်အတိုင်း သက်ဆိုင်ရာ ဝက်ဘ်ဆိုက်များတွင် ထိုအပင်များ အကြောင်းကို ရှာဖွေနိုင်**

သတင်းများကို စောင့်ကြည့်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကွန်ပျူတာကို ဆရာများကိုယ်တိုင် တတ်ကျွမ်းထားရန် လိုအပ်လာချေပြီ။ သင်ကြားမှုအထောက်အကူပစ္စည်းများသည် တစ်နေ့ထက်တစ်နေ့ ထွေပြားဆန်းသစ်လာနေသည်ကို တွေ့မြင်ရသည်။ သိပ္ပံပညာနှင့် ဆက်သွယ်ရေးနည်းပညာရပ်များ တိုးတက်လာနေသည်နှင့်အမျှ သင်ကြားမှုအထောက်အကူပစ္စည်းများကိုလည်း တစ်နည်းတစ်ဖုံ သိပ္ပံနည်းကျကျ တီထွင်လာကြသည်။ သင်ကြားမှုအထောက်အကူပစ္စည်းများ ဆန်းသစ်လာသည့်အလျောက် သင်နည်းများပင် ပြောင်းလဲလာပြီဖြစ်လေသည်။ စကားတစ်လုံး၏ အဓိပ္ပာယ်၊ အပင်တစ်ပင်၏ လုပ်ဆောင်မှုများကို ပြည့်စုံတိကျစွာသိရှိနိုင်ရန် ဆရာသည် နည်းပညာတတ်ထားသူဖြစ်မှသာ လိုအပ်သည်များကို ရှာဖွေလေ့လာနိုင်မည်ဖြစ်ပါသည်။ ယခုနှစ်တွင် စတင်ပြောင်းလဲလိုက်သော ဆဋ္ဌမတန်း သင်ရိုးသစ်၏ သိပ္ပံဘာသာရပ်တွင် ကလေးများ မတွေ့ဖူး၊ မကြားဖူးသော အပင်မျိုးစိတ်ပေါင်း များစွာ

၁၉၉၈ ခုနှစ်က ထုတ်ဝေဖြန့်ချိခဲ့သည့် 'ပညာရေးမြှင့်တင်မှု အစီအစဉ်နှင့် ဆရာ၏ အခန်းကဏ္ဍ' လုပ်ငန်းလမ်းညွှန်စာတမ်းတွင်လည်း တတ်အပ်သည့် ကွန်ပျူတာပညာ အစရှိသော ခေတ်မီသတင်း ဆက်သွယ်ရေးနည်းပညာများကို သင်ထောက်ကူအဖြစ် အသုံးပြုခြင်းဟူသည့် အချက်ကို ထည့်သွင်းထားခဲ့သည်။ ပြောင်းလဲမှုကို စတင်နေကြပြီလည်း ဖြစ်သည်။

မျက်မှောက်ကာလသည် အလွန်ပြောင်းလဲနေ၍ အနာဂတ်ကို မှန်းဆရန် အလွန်ခက်ခဲနေသည်။ ထို့ကြောင့်ပင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ အသိဉာဏ်ပညာနှင့် နည်းပညာတို့ကို အထိရောက်ဆုံးနှင့် စနစ်တကျ၊ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့်နိုင်ငံ၊ တွေးတောကြံဆတီထွင်နိုင်သည့် နိုင်ငံသာလျှင် အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဟု ကမ္ဘာ့ပညာရှင်များက မှန်းဆထားကြသည်။ နောင်အနာဂတ်တွင်လည်း သတင်းဖြန့်ကြက်မှု နည်းပညာ၊ ဆက်သွယ်ရေးနည်းပညာများ အလွန်လျင်မြန်စွာ တိုးတက်ပြောင်းလဲမှုဂယက် ပညာရေးအပေါ် လွှမ်းမိုးလာနိုင်ပါသည်။ ဆရာများအနေဖြင့် မျက်မှောက်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရာတွင် နိုင်ငံ၏အခြေအနေ အရပ်ရပ်နှင့် လိုက်လျောညီစွာ အမြင့်ဆုံး အရည်အသွေး အသိပညာ၊ အကောင်းဆုံး နည်းပညာတတ်ကျွမ်းမှု အတတ်ပညာရပ်များကို အဆင့်မြင့်မြင့် ပေးအပ်နိုင်ရန် အတွေးသစ်၊ အမြင်သစ်၊ လုပ်ပုံလုပ်နည်းသစ်များဖြင့် ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ဘဝတစ်သက်တာ လေ့လာသင်ယူမှု၊ တီထွင်ဆန်းသစ်မှုကို မိမိအတွက် သာမက ကျောင်းသားလူငယ်များအတွက်ပါ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အနာဂတ်တွင် အတွေးသစ်၊ အမြင်သစ်ဖြင့် တီထွင်ဆန်းသစ်သော မြတ်ဆရာ အစစ်ဘဝကို ရောက်ရှိမည်ဖြစ်ပါတော့သည်။

## ထန်းတောသူ

* ဘဝအခြေ၊ အလှဝေဖို့
မသွေလျှောက်လှမ်း ထန်းရိပ်လမ်းဝယ်
ကြိုးပမ်းနေပျော် ထန်းတောသူ။
* ရောင်စုံမခြယ်
ဟန်မကြွယ်ပါ
ရင်ဝယ်အေးမြ ထန်းတောသူ။
* ကဗျာမဆန်၊ အရိုးခံနှင့်
တောဟန်တောမူ၊ မနောဖြူ၍
မြင်သူရင်အေး ထန်းတောသူ။
* လုပ်ငန်းကျွမ်းကျင်
အလုပ်ခွင်ဝယ်
ပျော်ရွှင်နေမြဲ ထန်းတောသူ။
* သဲလမ်းဖြူဖြူ၊ ဖုန်ထူထူနှင့်
နေပူစပ်ခါး၊ ပါးကွက်ကြားနှင့်
လုပ်အားမျှကူ၊ ထန်းတောသူလျှင်
မြူအိုးကိုထမ်း၊ ချေးစက်စမ်းသို့
မောပန်းမနေ ပြုံးပန်းဝေ။ ။

ဂျိန်း(မနောမြေ)

ဝတ္ထုတို

## ■ သိမ်ဇော်(အညာမြေ)




"ဆရာလေးဦးမင်းညို ဟုတ်ပါသလားရှင့်" ဆွမ်းဦးပုညရှင်စေတီတော်ရှိ ရုပ်ပွားတော်မြတ်အား ဝတ်ပြုအပြီး ထလာစဉ် အမျိုးသမီးတစ်ဦးမှ ရုတ်တရက်မေးလိုက်ခြင်းဖြစ်သည်။ အကဲခတ်ကြည့်လိုက်တော့ သူတို့မိသားစုလည်း ဘုရားဖူးလာကြဟန်တူသည်။ သို့ပေသော်ငြား စီးလာသည့်ကားက မိမိတို့ကဲ့သို့ အငှားကားတော့ဟုတ်ဟန်မတူ။ ကားဒရိုင်ဘာမပါဘဲ သူမ၏ အမျိုးသားကိုယ်တိုင်မောင်းလာဟန်ရှိသည်။ တစ်ဆယ့်နှစ်နှစ်သားအရွယ်ကလေးတစ်ယောက်လည်းပါလာကြသည်။

"ဆရာလေး ဦးမင်းညို ဟုတ်တယ်မလား.... ဟုတ်ပါတယ်လေ.... သမီး ဆရာလေးကို မှတ်မိပါတယ်....အထူးသဖြင့် ဆရာလေးရဲ့မေးစေ့အလယ်တည့်တည့်က မှဲ့လေးကိုပေါ့" အမျိုးသမီးက မေးရင်းဖြင့် တစ်ဆက်တည်းပြန်ဖြေသွားသည်။

"ဟုတ်ပါတယ်သမီး.... ဒါနဲ့ သမီးက ဘယ်သူလဲမသိဘူး....ဆရာ သမီးကို မမှတ်မိတာ စိတ်မရှိပါနဲ့နော်"

"မရှိပါဘူး ဆရာလေးရယ်... သမီးက ပေပင်ကုန်းရွာက မာမာခိုင်လေ....ဆရာလေး မူပြဘဝတုန်းက သမီးတို့ စတုတ္ထတန်းကို သင်ခဲ့တာလေ"

"သြော် အေး အေး မှတ်မိပြီ သမီးရေ"

"သမီးတို့မိသားစုလည်း ပြင်ဦးလွင်ဘက်ပြောင်းသွားခဲ့ကြတာ....သမီးလည်း အဲဒီမှာ အိမ်ထောင်ကျတာ"

"ဟုတ်လားသမီး"

"ဟုတ်ကဲ့ ဆရာလေး.....ကြုံကြိုက်တုန်း ဆရာလေးကိုသမီးတို့ ကန်တော့ပါရစေ"ဟု ပြောရင်း တစ်သိန်းခန့်ရှိမည်ထင်ရသော ပိုက်ဆံထုပ်ဖြင့် မိသားစု ထိုင်ကန်တော့ကြသည်။ မိမိမှာလည်း ပီတိမျက်ရည်လား၊ နောင်တမျက်ရည်လား ဝေခွဲမရပေမယ့်မျက်ရည်အဝဲသားနှင့် ဆုများပေးနေမိတော့သည်။

"ဆရာလေး သမီးတို့ကို သွားခွင့်ပြုပါဦးရှင့်"

"အေး..အေး..သမီးရေ သွားကြပေရော့"

"မှတ်မိပါပြီ သမီးရေ....မမှတ်မိဘဲနေပါ့မလား....ဆရာလေးဘဝမှာ အမှားကြီးမှားခဲ့မိလို့ အရိပ်မဲကြီးက ခုချိန်ထိ ခြောက်လှန့်ခံနေရတာလေ"ဟု စိတ်ထဲမှာ ရေရွတ်ရင်း အတိတ်တစ်ချိန်ဆီသို့ အသိစိတ်က ရောက်ရှိသွားခဲ့ရပါသည်။

ထိုအချိန်က မိမိမှာ မူပြဆရာအဖြစ် ပေပင်ကုန်းရွာလေးသို့ တာဝန်ကျခဲ့ရပါသည်။ မိမိတာဝန်ကျရာ ရွာလေးမှာ စေတနာ၊ ဝါသနာအရင်းခံ၍ အစွမ်းကုန်ကြိုးစားပြီး သင်ပေးခဲ့သည်။ တစ်ရက်.......ထိုတစ်ရက်ကို ဘယ်တော့မှမမေ့ပါ။

"ပဉ္စဂုဏ် အဟံဝန္ဒာမိ၊ အာစရိယဂုဏ် အဟံဝန္ဒာမိ မင်္ဂလာပါဆရာလေး"အတန်းတွင်းသို့အဝင် ကျောင်းသား ကျောင်းသူများက မတ်တတ်ရပ်၍ နှုတ်ဆက်ကြသည်။

"မင်္ဂလာပါ သားတို့ သမီးတို့ .....အားလုံးထိုင်ကြပါ.... မနေ့ကပေးလိုက်တဲ့ သင်္ချာအိမ်စာငါးပုဒ် လုပ်ခဲ့ကြလား"

"လုပ်ခဲ့ပါတယ် ဆရာလေး"

"ဟုတ်ပြီ...အားလုံး ဒီစားပွဲပေါ်လာပြီး ထပ်လှည့်ကြ"

ကလေးများအားလုံး သူတို့သင်္ချာလေ့ကျင့်ခန်းစာအုပ်များကို လာ၍ ထပ်ကြသည်။ အားလုံးရေတွက်ကြည့်လိုက်တော့ ကျောင်းသားအရေအတွက်နှင့်ဆို တစ်အုပ်လိုနေသည်။

"သားတို့ သမီးတို့ တစ်အုပ် လိုနေတယ်...ဘယ်သူလာမထပ်သေးတာလဲ"

"သမီးလိုတာပါဆရာလေး သမီးမလုပ်ခဲ့ရဘူး" အသံကြားရာ ကြည့်လိုက်တော့ လက်ကလေးပိုက်၍ ပြန်ပြောလိုက်သူက မာမာခိုင်ဆိုတဲ့ တပည့်မလေး။ ဒီကလေးမလေး ခါတိုင်းဆို ဘယ်တော့မှ နောက်ကျသည်မရှိ။ စာပြန်ခိုင်းလျှင်လည်း မရသည့်အခါမရှိခဲ့။ ဉာဏ်ရည်ကလည်း အကောင်းကြီးမဟုတ်သော်လည်း အညံ့ထဲတော့မပါပေ။

"သမီး သေချာခိုင်းလိုက်တာကို ဘာလို့မလုပ်ခဲ့တာလဲ"

"သမီးမေ့သွားလို့ပါ"

"နောက်တစ်ခါ မေ့ဦးမှာလား"

"မမေ့တော့ပါဘူး ဆရာလေး"

"သမီးမှာ အပြစ်ရှိတယ်...အပြစ်ပေးရမယ်...ရှေ့ထွက်ခဲ့" မိမိလည်း မရည်ရွယ်ပါဘဲ ပြောပြောဆိုဆို ကြိမ်လုံးဖြင့် ငါးချက်ခန့် ခပ်ပြင်းပြင်းရိုက်မိလိုက်သည်။ ဤကိစ္စက ဤမျှဖြင့်မပြီး။ ညနေကျောင်းဆင်းပြီးနောက် တစ်နာရီခန့်အကြာ ကျေးရွာဥက္ကဋ္ဌ ကျောင်းသို့ ရောက်လာသည်။

"ဆရာလေးဦးမင်းညို ရှိသလား ဆရာကြီး"

"ဟုတ်ကဲ့ ရှိပါတယ် ဥက္ကဋ္ဌကြီး...ဘာကိစ္စရှိလို့ပါလဲ"

"ဒီလိုပါဆရာကြီး...မာမာခိုင်ရဲ့ ဖခင်က ဆရာလေးဦးမင်းညို သူ့သမီးကိုရိုက်လိုက်တာ မကျေနပ်လို့ ကျွန်တော်ဆီလာတိုင်ထားလို့ပါ"

"ဒါကတော့ တတ်စေချင်၊ တော်စေချင်လို့ ရိုက်တာဖြစ်ပါလိမ့်မယ် ဥက္ကဋ္ဌကြီးရယ်"

"ဟုတ်ပါတယ် ဆရာကြီး ကျွန်တော်လည်း ကလေးမိဘတွေကို ဖျောင်းဖျတော့ထားပါတယ်...ဒါပေမယ့် ဆရာလေးကို သူတို့ရှေ့မှာ သတိပေးပေးပါတဲ့.... အမှားကို ဝန်ခံခိုင်းပါလို့လာပြီးပြောတာနဲ့...."ကျောင်းအုပ်ဆရာကြီးနှင့် ဥက္ကဋ္ဌတို့ အပြန်အလှန်ပြောနေသောစကားများကို မိမိအကုန်လုံးကြားပါသည်။ တိုတိုပြောရလျှင် မိမိလည်း ဝန်ခံကတိလက်မှတ်ထိုး၍ မာမာခိုင်၏ ဖခင်ကို တောင်းပန်ခဲ့ရသည်။

ထိုနေ့ နောက်ပိုင်းမှစ၍ မိမိ၏အတ္တစိတ်၊ မာနစိတ်၊ မခံချင်စိတ်တို့ကြောင့် အပြစ်မဲ့သော မိမိတပည့်မလေးအား ဒဏ်ခတ်ခဲ့ပါသည်။ သူမကလေး၏ လေ့ကျင့်ခန်းစာအုပ်များကိုလည်း စစ်ဆေးမပေးတော့။ အခြားတပည့်များအား စာလာပြန်လျှင် လက်ခံ၍ သူမအားလုံးဝစာပြန်ခိုင်းခြင်းမရှိတော့။ နောက်ဆုံးပြောရလျှင် ဆရာတစ်ယောက်၏ ကျင့်ဝတ်နှင့် မညီသောလုပ်ရပ်တစ်ခုကို ပြုလုပ်ခဲ့မိပါသည်။ သူမနှင့်ပတ်သက်သော၊ ဆက်ဆံသော ကလေးများကို ရိုက်မည်၊ မည်သူမျှ မခေါ်ရ၊ မဆက်ဆံရဟု အမိန့်ထုတ်ခဲ့ပါသည်။ မိမိအမိန့်ကို မလွန်ဆန်ရဲသောကြောင့် သူမအား မည်သူမျှ အခေါ်အပြောမလုပ်၊ အပေါင်းအသင်း မလုပ်ကြတော့ပေ။ ဤကဲ့သို့သော အကြောင်းတရားများကို မခံစားနိုင်သည့် အဆုံး မူလတန်းပညာပင်မပြီးဆုံးဘဲ ကျောင်းမှ အပြီးအပိုင်ထွက်သွားပါသည်။

သို့သော် မိမိနောင်တမရသေး။ ကိုယ့်အမှားကိုလည်း မရိပ်မိသေးပေ။ နောက်ပိုင်းတွင် ရာထူးတိုး၍ အခြားတစ်ရွာသို့ ပြောင်းခဲ့ရပါသည်။ တက်ခဲ့ရသော ပညာရေးဌာနဆိုင်ရာ သင်တန်းများ၊ အတွေ့အကြုံများနှင့် အသက်အရွယ်ကြောင့်လားမသိ။ မိမိကိုယ်ကို အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်ခဲ့သည်။ ဤအရွယ်ရောက်လာမှ အတိတ်ကအဖြစ်အပျက်က မိမိအမှားကြီးမှားခဲ့ရပြီဆိုသည်ကို လက်ခံခဲ့သည်။

သို့သော် မည်သို့မျှ ပြုပြင်မရတော့သော အတ္တအမှောင်ရဲ့အောက်မှာ ပန်းလေးတစ်ပွင့် ကြွေလွင့်ခဲ့ရပြီဆိုတဲ့အသိက မိမိနောက်ကို အရိပ်မဲကြီးလိုက်နေသလိုပင်။ တွေးမိတိုင်း စိတ်ဆင်းရဲကြီးစွာ ယူကျုံးမရဖြစ်ခဲ့ရပါသည်။

မိမိလောက်ပညာမတတ်သော၊ အသိဉာဏ် မကြွယ်ဝဟု ထင်ရသော တပည့်မက မိမိအား စိတ်မနာသည့်အပြင် ကြုံကြိုက်သည့်အခိုက်အတန့်မှာ ဆရာသမား ဂုဏ်ကျေးဇူးကို ပြသွားခဲ့သည်။ ဘဝအဆက်ဆက် အတ္တအမိုက်မှောင်ဖုံးသည့် စိတ်ဓာတ်ပယ်ပျောက်၍ ကြောင်းကျိုးသိ၊ အကောင်းအဆိုးသိ စိတ်ဓာတ်ကို ပိုင်ဆိုင်ရပါစေသားဟု ဆွမ်းဦးပုညရှင်စေတီတော်ရှေ့မှာ အကြိမ်ကြိမ်ဆုတောင်းနေမိတော့သည်။

ဆောင်းပါး

## ■ နှင်းရိပ်နွေ

# စိတ်ရှည် ဇွဲသန် အောင်ပွဲခံ

ရိုမီယိုနဲ့ဂျူးလိယက် အပါအဝင် ကမ္ဘာကျော်ဂန္ထဝင်ပြဇာတ်တွေကို တသီကြီးရေးသားခဲ့တဲ့ စာရေးဆရာ ရှိတ်စပီးယားရဲ့မှတ်သားဖွယ်ရာ စကားတစ်ခွန်းရှိပါတယ်။ ပုဆိန်ငယ်လေးတစ်လက်ပဲ ဖြစ်ပါစေ။ အကြိမ်ပေါင်းများစွာ ခုတ်လှဲနေမယ်ဆိုရင်ဖြင့်မာကျောလှတဲ့ ဝက်သစ်ချပင်ကြီးကိုတောင် အဆုံးသတ်မှာ ပြိုလဲသွားစေနိုင်ပါသတဲ့။ မှန်ပါတယ်။ ဘယ်အရာကိုပဲလုပ်လုပ် ကိုယ်လိုချင်တဲ့

**တကယ်တော့ အရှုံးဆိုတာ ကျွန်တော်တို့အတွက် ဘရိတ်တစ်ခုလို ချက်ချင်းကြီးရပ်တန့်ပစ်လိုက်ရမယ့် အရာမဟုတ်ပါဘူး။ ကြိုးစားအားထုတ်နေသမျှ ကာလပတ်လုံး အောင်မြင်မှုဟာ ကျွန်တော်တို့နဲ့ လက်တစ်ကမ်းမှာပဲ ရှိနေတတ်ပါတယ်**

ပန်းတိုင်မရောက်မချင်း စိတ်ရှည်သည်းခံပြီး ဇွဲမလျှော့ဖို့ရာ အင်မတန်အရေးကြီးလှပါတယ် ။

မျက်မှောက်ခေတ်ဟာ နည်းပညာပိုင်းမှာသာမက အစစအရာရာ ဖွံ့ဖြိုးတိုးတက်လာတဲ့ခေတ်ပါ။ ကံ၊ ဉာဏ်၊ ဝီရိယ သုံးပါးလုံး ပြည့်စုံရုံနဲ့တင် မလုံလောက်တော့ပါဘူး။ တချို့ဆို ကံလေးကလည်း ကောင်းပါရဲ့၊ ဉာဏ်လေးကလည်း ထိုက်သင့်သလောက် မဆိုးဘူးလို့ ဆိုရမယ်။ ဝီရိယရှိပုံကလည်း ဘာလုပ်လုပ် သူများအရင်လို့တောင် ပြောရမလားပဲ။ ဒါပေမယ့် ကိုယ်လုပ်နေတဲ့အလုပ်မှာ အခက်အခဲတွေ၊ ဝေဖန်ရှုတ်ချမှုတွေနဲ့ ဆက်တိုက်ကြုံတွေ့လာတဲ့အခါမှာတော့ ခံနိုင်ရည်အားနည်းတဲ့အတွက် လမ်းတစ်ဝက်မှာတင် ဦးတည်ချက် ပျောက်သွားတတ်ကြပါတယ်။ ဘယ်လောက်တောင် နှမြောဖို့ကောင်းလဲ။ ဒါကြောင့်မို့ မဆုတ်မနစ်သော ဇွဲလုံ့လဟာ အောင်မြင်မှုဆာလောင်နေသူတွေအတွက် အလွန့်ကို အရေးပါတဲ့ လိုအပ်ချက်တစ်ရပ်ပါပဲ။

ဒီကနေ့ ကမ္ဘာမှာ ထိပ်သီးရောက်နေကြတဲ့ပုဂ္ဂိုလ်တွေဟာ တစ်ချိန်က အခက်အခဲတွေ၊ ရှုံးနိမ့်မှုတွေနဲ့ လောကဓံရဲ့ မညှာမတာ အလဲထိုးမှုတွေကို ကိုယ်တိုင်ကိုယ်ကျ လူးလိမ့်ခံခဲ့ရသူတွေပါ။ ဒါပေမယ့် သူတို့ဟာ လမ်းတစ်ဝက်မှာတင် ရပ်တန့်မနေခဲ့ကြပါဘူး။ သူတို့ယုံကြည်ရာကို အဆုံးတိုင် လျှောက်လှမ်းရင်း သူတို့ဘယ်လိုလူပါဆိုတာနဲ့ပတ်သက်လို့ "ငုပ်မိသဲတိုင်၊ တက်နိုင်ဖျားရောက်"တဲ့ အထိ ခိုင်ခိုင်မာမာ သက်သေထူပြနိုင်ခဲ့ကြပါတယ်။

တရုတ်သန်းကြွယ်သူဌေး ဂျက်မားကိုပဲ ကြည့်ပါ။ သန်းကြွယ်သူဌေးဖြစ်မလာခင်က နာမည်ကြီးကောလိပ်သုံးခုကို ဝင်ခွင့်လျှောက်ရာမှာ လုံးဝမအောင်မြင်ခဲ့ဘူး။ ဟားဗတ်တက္ကသိုလ်ကို ပြောင်းလျှောက်တော့ ဆယ်ကြိမ်တိတိ အပယ်ခံခဲ့ရသေးတယ်။ နောက်ပြီး KFC ဆိုင်မှာ အလုပ်လျှောက်ခဲ့တုန်းကလည်း ဂျက်မားတစ်ယောက်က လွဲရင် ကျန်တဲ့လူတွေအကုန်လုံး အရွေးခံခဲ့ရတယ်။ ဒါပေမယ့် ဂျက်မားဟာ တစ်စက်ကလေးတောင် ယိုင်နဲ့မသွားခဲ့ဘူး။ ဘာလို့လဲဆိုတော့ ဆင်းဆင်းရဲရဲမိသားစုကနေ ပေါက်ဖွားလာခဲ့ရတဲ့ ဂျက်မားဟာ လောကဓံကို ထီမထင်သလို ဟားတိုက်ရယ်မောနေတတ်လို့ပါပဲ။ ဒီလိုနဲ့ ဇွဲမလျှော့ဘဲ ဆက်ကြိုးစားလာလိုက်တာ ၁၉၉၉ မှာတော့ အလီဘာဘာကို စပြီးတည်ထောင်နိုင်ခဲ့တယ်။ သုံးနှစ်လုံးလုံး အမြတ်ငွေ တစ်ပြားတစ်ချပ်မှမရခဲ့ဘူး။ ဘယ်ဘဏ်တွေကမှလည်း ဂျက်မားကို သနားသောအားဖြင့် ငွေထုတ်မချေးခဲ့ဖူးဘူး။ ဒါပေမယ့် နောက်ဆုံးမှာတော့ ဂျက်မားဟာ တရုတ်နိုင်ငံရဲ့ ဒုတိယမြောက်သူဌေးဖြစ်လာရုံသာမက ကမ္ဘာ့အချမ်းသာဆုံးစာရင်းမှာတောင် ထိပ်တန်းကနေ ပါဝင်ရပ်တည်လာနိုင်ခဲ့ပါတယ်။

တကယ်တော့ အရှုံးဆိုတာ ကျွန်တော်တို့အတွက် ဘရိတ်တစ်ခုလို ချက်ချင်းကြီး ရပ်တန့်ပစ်လိုက်ရမယ့် အရာမဟုတ်ပါဘူး။ ကြိုးစားအားထုတ်နေသမျှ ကာလပတ်လုံး အောင်မြင်မှုဟာ ကျွန်တော်တို့နဲ့ လက်တစ်ကမ်းမှာပဲ ရှိနေတတ်ပါတယ်။ ကျွန်တော်တို့ဘက်ကသာ စိတ်ရှည်ရှည်ထားပြီး အချိန်အတိုင်းအတာတစ်ခုထိ ဖြေးဖြေးချင်း လှမ်းဆွဲနေကြရမှာပါ။ အယ်ဒီဆင်လို ပုဂ္ဂိုလ်မျိုးတောင် လျှပ်စစ်မီးသီးကိုတီထွင်ဖို့ အကြိမ်တစ်ထောင်ကျော် ကြိုးစားခဲ့ရသေးတာပဲ။ ကျွန်တော်တို့က တစ်ကြိမ်တစ်ခါလဲကျရုံနဲ့တင် ကိုယ့်ကိုယ်ကိုယ် ဘာလို့ ပြန်ထမလာချင်ကြတော့တာလဲ။ ကျွန်တော်တို့ဟာ ကိုယ်လုပ်တဲ့အလုပ်တစ်ခုကို "ယုန်နဲ့ လိပ်" ပုံပြင်ထဲက လိပ်လိုပဲ စွဲစွဲမြဲမြဲ ကြိုးစားနေဖြစ်ဖို့ လိုပါတယ်။ ပတ်ဝန်းကျင်ဆိုတာကတော့ မှားတာ၊ မှန်တာကို ဝေဖန်ထောက်ပြကြဖို့ရာ ဘယ်သူမှ ဝန်လေးနေမှာ မဟုတ်ပါဘူး။ အတတ်နိုင်ဆုံး ကိုယ့်ဘက်ကသာ ခံနိုင်ရည်ရှိလာအောင် အလေ့အကျင့်လုပ်ထားကြရပါမယ်။ အဲဒီကမှတစ်ဆင့် မဆုတ်မနစ်တဲ့ ဇွဲလုံ့လနဲ့အတူ ကြုံတွေ့လာသမျှ အခက်အခဲတွေကို ရဲရဲကြီး ရင်ဆိုင်ကျော်ဖြတ်ကြရမှာပါ ။ ကစားပွဲတစ်ခုမှာ အနိုင်အရှုံးထက် ပွဲသိမ်းခရာမှုတ်တဲ့အချိန်အထိ အကောင်းဆုံးယှဉ်ပြိုင်နေဖို့သာ အဓိကပဲမဟုတ်လား။ ယှဉ်ပြိုင်ပါ။ အရှုံးတွေထဲကနေ သင်ခန်းစာယူပါ။ စိတ်ရှည်ဇွဲသန်လျှင် တစ်နေ့အောင်ပွဲခံရပါလိမ့်မယ်။

## အမှိုက်မပစ်ရ

■ သားသားမီးမီး သိဖို့ကွယ်
အမှိုက်စွန့်ရာဝယ်။
စည်းကမ်းရှိမည် စနစ်ကျ
အမှိုက်စွန့်ပစ်ကြ။

■ တွေ့ရာမချ စွန့်ကြကွယ်
သတိရှိကြမည်။
အမှိုက်တောင်းဝယ် စည်းကမ်းကျ
အမှိုက်စွန့်ကာချ။

■ တွေ့ရာစွန့်က မသင့်ကွယ်
အမှိုက်ပွလိမ့်မည်။
ရောဂါရဖွယ် မြင်မလှ
လုံးဝမပစ်ရ။

■ သတ်မှတ်ထားသည့် နေရာတွင်
အမှိုက်စွန့်လို့ပင်။
မျက်စိအမြင် သန့်သန့်ရှင်း
တို့မြို့အမှိုက်ကင်း။

■ နိုင်ငံသန့်ရှင်း ဖြစ်အောင်ကွယ်
စည်းကမ်းရှိရမည်။
စည်းကမ်းဆိုသည် လူ့တန်ဖိုး
နိုင်ငံဂုဏ်လည်းတိုး။ ။

ရွှေတိုး-ထုံးဘို

## လက်တွဲချစ်ကြည် ဒီမိုကရေစီ

ညီညွတ်အားနဲ့ မြန်ပြည်ခွင်
ပေါင်းစည်း ပြုံးပျော်ရွှင်။
တောင်ပေါ်မြေပြင် မခွဲခြား
ပြည်ထောင်စုအင်အား။
သွေးသားပေါင်းစု ညီနောင်ဆွေ
ကောင်းမျိုးအထွေထွေ။
သက်သေတည်လို့ ဆိုစကား
ခွင့်တူညီမှုအား။
ကချင်ကယား မွန်ကရင်
သွေးစည်းမေတ္တာဝင်။
ချစ်ခင်ကာလေ ရခိုင်ချင်း
ရှမ်းဗမာ စိတ်ရင်း။
အူထုံ့ဆင်းလို့ နှလုံးမူ
သွေးသစ္စာပြိုင်တူ။
ကမ္ဘည်းထူကာ အတိတ်ကောင်း
လှတဲ့သမိုင်းကြောင်း။
နှစ်ထောင်းအားရ မျိုးစေ့တည်
ဒီမိုကရေစီ။
လက်တွဲချစ်ကြည် ရည်မျှော်မှန်း
မြန်ပြည်လုံး ငြိမ်းချမ်း။

မောင်ခန့်(မြန်မာစာ)

# ဦးလေးစော၏ ကျီးဥစိမ်းရောင် တိုက်ပုံလေး

ဆောင်းပါး

## သူဇာနွယ် (ဖျာပုံ)

ဘဝမှာ ထင်မှတ်မထားတဲ့အခက်အခဲဆိုတာ မျှော်လင့်မထားတဲ့အချိန်မှာ ရုတ်တရက်ကြုံလာတတ်စမြဲပါ။

တချို့အရာတွေက အလွယ်တကူ ကျော်လွှားလို့ရနိုင်ပေမယ့် တချို့အရာတွေကျ ခက်ခက်ခဲခဲ ကျော်လွှားရတတ်တယ်။

တချို့အရာတွေကျပြန်တော့ လွယ်မလိုထင်ရပေမယ့် ခက်ခဲတတ်တယ်။

တချို့အရာတွေကလည်း ခက်ခဲမယ်လို့ ထင်ထားရပေမယ့် လွယ်လွယ်ကျော်ဖြတ်နိုင်တဲ့ အရာတွေရှိနေတတ်တယ်။

တကယ်တမ်းကြုံရရင် ခက်ခဲသည်ဖြစ်စေ၊ လွယ်ကူသည်ဖြစ်စေ ကြုံလာသမျှ အခက်အခဲကို ကျော်ဖြတ်နိုင်ဖို့ဆိုတာ မိမိရဲ့စိတ်ယုံကြည်မှု၊ တည်ငြိမ်မှုအပြည့်ရှိဖို့ကသာ အဓိကကျနေပါတယ်။

စာရေးသူအနေနဲ့ မကြာခင်ရက်ပိုင်းမှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဆေးရုံအထောက်အကူပြုလုပ်ငန်းများတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဖြစ်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲ တက်ဖြစ်ပုံကလည်း တော်တော်ကို တိုက်ဆိုင်လွန်းခဲ့ပါတယ်။ နေထိုင်ရာ ဇာတိမြို့ဖျာပုံရှိ ဒေသဆိုင်ရာ အကြီးအကဲတစ်ဦးက ဖုန်းဆက်လာပါတယ်။ ဆွေးနွေးပွဲတစ်ခုနဲ့ပတ်သက်ပြီး အစည်းအဝေးတစ်ခုလုပ်ရန်ပြင်ဆင်နေကြောင်း၊ တက်ရောက်ခဲ့ပေးဖို့ ဖိတ်ကြားခဲ့တယ်။ တစ်ဖက်မှာလည်း အလုပ်တွေအချိန်ကိုက်ချိန်းထားပြီးဖြစ်နေတယ်။ သို့သော် ဖိတ်ကြားသူအပေါ် လေးစားအသိအမှတ်ပြုချင်တာရယ်၊ မြို့အတွက် ဖြစ်နေတာရယ်ကြောင့် ကြားလပ်နေတဲ့ တစ်နာရီခန့် အချိန်လေးအတွင်း ဖိတ်ကြားတဲ့အစည်းအဝေးဆီ အပြေးအလွှားသွားတက်ခဲ့ရာမှ တက်ရောက်လာသော လူမှုရေးအသင်းအဖွဲ့များ၏ သဘောထားဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမမှာ ကျင်းပတဲ့ ဆေးရုံအထောက်အကူပြုဆွေးနွေးပွဲကို တက်ရောက်ဖြစ်ခဲ့ပါတယ်။

ဖျာပုံမြို့ကိုယ်စားပြု ဆွေးနွေးပွဲ တက်ရောက်ကြသူများထဲမှာ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးနှင့်အတူ မြို့မိမြို့ဖတွေ၊ ဆေးရုံအထောက်အကူပြုအဖွဲ့ဝင်တွေ လူမှုရေးအသင်းအဖွဲ့က မိတ်ဆွေတွေပါကြတယ်။ အားလုံးသော တက်ရောက်သူများက စာရေးသူလေးစားချစ်ခင်နေရသူများ၊ မိဘရဲ့ရင်းနှီးသော မိတ်ဆွေအများစုပါ။ စာရေးသူအနေဖြင့် မိုင်များစွာဝေးတဲ့ ဒီခရီးစဉ်လေးက မိမိချစ်ခင်အားကိုးရသော တစ်မြို့ထဲနေ ရပ်ဆွေရပ်မျိုး ဦးလေးအစ်ကို အစ်မတွေ မောင်တွေရဲ့ ဂရုစိုက်ခြင်းတွေအကြား ချမ်းမြေ့ကြည်နူးစရာကောင်းတဲ့ ခရီးစဉ်လေးတစ်ခုလို့ မှတ်ချက်ပြုရပါလိမ့်မယ်။

ဒီလို လုံခြုံလွန်းတဲ့ခရီးစဉ်မှာ စာရေးသူအတွက် အခက်အခဲမရှိဖို့ သေချာနေပါပြီ။ အကယ်၍ အခက်အခဲတွေခဲ့ရရင်လည်း ဘာတွေပဲကြုံကြုံဒီခရီးစဉ်က မြို့အတွက်မို့ ပြုံးပြုံးလေးပဲ ကျော်ဖြတ်ဖို့လည်း ပြင်ဆင်ပြီးသားပါ။

ထိုစဉ် မျှော်လင့်မထားတဲ့အချိန်မှာ မမျှော်လင့်သော ပြဿနာတစ်ခု စာရေးသူထံရောက်လာခဲ့တယ်။ ဒီဆွေးနွေးပွဲတက်နေရင်းမှာ စာရေးသူဝတ်ထားတဲ့အင်္ကျီက နောက်ကျောဇစ်ကွဲသွားခဲ့တယ်။ အနောက်မှာလည်း ပရိသတ်က ၅၀ ခန့်ရှိနေတယ်။ ဆံပင်ဖြေချလိုက်ပေမယ့် မလုံခဲ့ဘူး။ ဒါနဲ့ ဘယ်ဘက်ဘေးမှာ အတူထိုင်နေတဲ့ အစ်မကြီးပြုံးကို အသိပေးလိုက်တယ်။ မီးမီး မတ်တတ်ရပ်လို့မရတော့ဘူး။ နောက်ကျောက အင်္ကျီဇစ်ကွဲသွားပြီပေါ့၊ ချက်ချင်းပဲ အစ်မကြီးပြုံးကကြည့်ပြီး "ဟုတ်တယ်ညီမလေး ငြိမ်ငြိမ်နေပါ။ ဒီပုံစံနဲ့ မတ်တတ်ရပ်လို့မရနိုင်။ စိတ်အေးအေးထားဖို့ အစ်မကြီးဘေးမှာရှိတယ်။ ကြုံလာသမျှအခက်အခဲ မကြီးရှင်းပေးမယ်" လို့အားပေးတယ်။ သို့သော် အစ်မကြီး နည်းနည်းစိတ်ပူနေပြီဆိုတာ သိသာနေတယ်။

စာရေးသူ၏ ညာဘက်အခြမ်းမှာထိုင်နေတဲ့ဦးလေးစောကို အသိပေးလိုက်တယ်။ အဲဒီအချိန်မှာ ဦးလေးစောက ဝတ်ထားတဲ့တိုက်ပုံအင်္ကျီကို ချက်ချင်းချွတ်လိုက်တယ်။ စာရေးသူရဲ့ကျောကို ခြုံလိုက်ပြီး အင်္ကျီလက်နှစ်ဖက်ကို အရှေ့ကနေချည်ပေးလိုက်တယ်။ ကျီးဥစိမ်းရောင်တိုက်ပုံလေးနဲ့လုံခြုံမှုကိုပေးလိုက်ပါပြီ။

စာရေးသူရင်ထဲမှာလည်း မိဘတွေကိုယ်တိုင် ပြင်ဆင်ပေးနေသလို ခံစားလိုက်ရတယ်။

ဘယ်အခမ်းအနားပဲသွားသွား အဝတ်အစားနဲ့ ပတ်သက်ပြီး အချက်သုံးချက်စံထားပြီး အမြဲရွေးချယ်ဝတ်ဆင်လေ့ရှိပါတယ်။ အရင်ဆုံး အရှက် ကာယိန္ဒြေလုံခြုံမယ့် အဝတ်အစားမျိုး၊ ပြီးရင် မိမိတက်မယ့်အခမ်းအနား၊ သွားမယ့်ခရီး၊ ရာသီဥတုနဲ့ ကိုက်ညီမယ့် အရောင် အဝတ်အစားမျိုး၊ နောက်ဆုံးမှ လှပတင့်တယ်နေဖို့ဆိုတဲ့ အချက်တွေနဲ့ စံထားရွေးချယ်ဝတ်လေ့ရှိပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်၍လည်း သေချာပြင်ဆင်သွားတယ်။ သို့ပေမယ့် ဒီလိုကြုံရတော့ အားမလိုအားမရတွေဖြစ် ရွှေးပြန်လာပါတယ်။ အဲဒီအချိန်မှာ တစ်ယောက်ကျော်မှာထိုင်နေတဲ့ ကိုဇော်ကြီးကလည်း အားပေးလာပြန်ပါတယ်။ ကိုဇော်ကြီးလည်း ခရီးသွားရင်းဝတ်ထားတဲ့ ပုဆိုးပြဲသွားလို့ လှည့်ဝတ်ပြန်ခဲ့ရဖူးတာပဲ။ ညီမလေးဘာမှမပူနဲ့၊ ဦးလေးစော ခြုံပေးထားတဲ့တိုက်ပုံလေးက ညီမလေးအတွက် လုံခြုံပါတယ်လို့ အားပေးတယ်။

နောက် မောင်လေး ကျော်သူလင်းကလည်း ပဝါတစ်ထည် ကားထဲကသွားယူခဲ့ပြီး မလုံဘူးထင်ရင် ထပ်ခြုံပေးမယ်လို့အားပေးတယ်။ ဒီလိုအားပေးမှုတွေနဲ့ အခမ်းအနားပြီးလို့ မတ်တတ်ရပ်လိုက်တယ်။ အားလုံးက အိုကေပါလို့ ပြောထားပါလျက် တကယ်လူကြားထဲ လမ်းလျှောက်တဲ့အခါ ရေးကြီးသုပ်ပြာ ဘေးလူတွေကို တိုးမိတဲ့အထိဖြစ်ခဲ့တယ်။ နှုတ်ဆက်တဲ့မိတ်ဆွေတွေကိုလည်း ကောင်းကောင်းပြန်မနှုတ်ဆက်နိုင်။ ကားရှိရာကိုသာ ဦးတည်အပြေးသွားနေတယ်။ အစ်မကြီးပြုံးကလည်း ပခုံးဖက်ပြီး အပြေးလိုက်၊ မိတ်ဆွေတွေလည်းလက်ပြနှုတ်ဆက်ရင်းပေါ့၊ နောက်ကဖျာပုံအဖွဲ့တွေလည်း တကောက်ကောက်ပေါ့။

ဒါနဲ့ကားပေါ်ရောက် စိတ်အေးသွားပြီ၊ ဒီအဖြစ်အပျက်ကို သိသွားတဲ့ မြို့မိမြို့ဖ ဦးအောင်ခိုင်ဝင်းက မှတ်ချက်ချ သုံးသပ်အကြံပြုပါတော့တယ်။

မိန်းမပျိုတစ်ယောက်အနေနဲ့ လူကြားထဲ ဒီလိုအဖြစ်မျိုးကြုံရတယ်ဆိုတာ ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုဖြစ်ကောင်းဖြစ်နေမှာပါ။ သို့သော် ဦးစောခြုံပေးလိုက်တဲ့ တိုက်ပုံလေးတစ်ထည်နဲ့ လုံခြုံမှုကို ရယူပြီးပြီပဲ။ ယုံကြည်စွာ ကျော်ဖြတ်သင့်တယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ အမျိုးသားတွေ ဝတ်ဆင်လေ့ရှိတဲ့ တိုက်ပုံကို ခြုံထားပြီး လူကြားထဲကို ဖြတ်လိုက်ရတယ်ဆိုတဲ့စိတ်ကို အရင်ဖျောက်လိုက်ရမယ်။ ဒီအချိန်မှာ အရေးကြီးတာက မိမိရဲ့ အရှက်လုံခြုံမှု၊ ဒါအတွက် လုံခြုံမှုရယူခဲ့ပြီ။ ဒီတိုက်ပုံလေးက လုံခြုံစေခဲ့ပြီမို့ ယုံကြည်စွာ ပြန်လာခဲ့သင့်တယ်၊ လူတွေရှိတဲ့နေရာမှာ ဒီလိုအဖြစ်ကစိတ်ပူစရာမှ မရှိဘဲ၊ လူပြတ်တဲ့နေရာတွေသာသတိရှိရမယ်၊ ဒါသင်ခန်းစာယူရမယ်၊ ဘဝမှာ ဒီထက်ခက်ခဲတဲ့အခြေအနေနဲ့ကြုံနိုင်တယ်၊ ဘာပဲကြုံကြုံ ခေါင်းအေးအေးထား၊ တည်တည်ငြိမ်ငြိမ် ယုံကြည်စွာ ကျော်ဖြတ်သင့်တယ်လို့ သုံးသပ်အကြံပြုတယ်။

မြို့မိမြို့ဖ ဦးဝေကတော့ စိတ်သက်သာရာရစေဖို့ သွယ်ဝိုက်အားပေးနေပုံက စိတ်ချမ်းမြေ့စရာပါ။

ဒီခရီးစဉ်ကတော့ စာရေးသူအတွက် အမှတ်တရပါ။ ခရီးစဉ်မှာပါဝင်ခဲ့သူ တစ်ယောက်ချင်းစီတိုင်းရဲ့ လုံခြုံအေးမြသော မေတ္တာအပြည့်နဲ့ အားပေးနှစ်သိမ့်တတ်တဲ့ မျက်လုံး အစုံတိုင်းက စာရေးသူရင်ထဲ အမြဲအမှတ်တရ ရှိနေမှာပါ။

ဒီလို အားပေးတတ်တဲ့မျက်လုံးအစုံပေါင်းများစွာက လူ့အဖွဲ့အစည်းတိုင်းအတွက် အမြဲလိုအပ်နေမည်သာ။ ဒီလိုအခက်အခဲမျိုး ကြုံတွေ့ရတဲ့ မိန်းကလေးများအတွက်လည်း ပတ်ဝန်းကျင်ကောင်းနဲ့ ကြုံတွေ့ပါစေလို့ စာရေးသူ ဆုတောင်းမိပါတော့တယ်ရှင်။

## တော်သလင်းလ

ကောင်းကင်မှာ တိမ်မြူကင်းလို့
နေမင်းက ပူရှိန်ဖြာ။
စပါးပင်ဘယ်ညာယိမ်းနွဲ့
စိမ်းတဲ့လယ်ယာ။
တော်သလင်းလ သည်ချိန်ခါ
ရေပြင်လွှာတည်ငြိမ်အေး။
ပန်းရင်းမာ
လန်းသင်းဖြာ ဝန်းကျင်ပျံ့တယ်
ရနံ့ထုံမွှေး။

တို့ရိုးရာမြန်မာဓလေ့
ပျော်မွေ့ဖွယ် လှေသဘင်။
မြစ်လယ်မှာ စီစီတန်းလို့
ပန်းဝင်ဖို့ပင်။
လှော်တက်ပြ ဟန်ရေးပြင်
အားမာန်ဆင် မလျှော့ဖွဲ့။
ပန်းတိုင်ဆီ
လှမ်းကိုင်ချီရောက်သည်ထိတိုင်
သတ္တိကိုခဲ။

နွားညီနောင် ပျိုးချည်တွဲလို့
လယ်ကွင်းထဲ ချဖို့ပြင်။
လယ်တောသူ ပျိုတစ်သိုက်တို့
ကောက်စိုက်ဖို့ဝင်။
မိုးလေကမမှန်ချင်
မည်းမည်းဆင် ဝဋ္ဋာတွင်း။
စပါးပင် ဝါဝါဝင်းစေဖို့
လယ်ကွင်းပြင် လုပ်ခွင်စကြတယ်
(ကွယ်...)
လ တော်သလင်း။

ကန်ညီနောင်ရွှေဗျိုင်း(ငွေလဲ့ကန်)



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် (၆၇) ကြိမ်မြောက်ပြုလုပ်သည့် ဘိုးတော်အောင်မင်းခေါင်ထွက်ပွဲ ပထမနေ့အဖြစ် ပင့်သံဃာ ၆၇ ပါးတို့အား ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက အောင်ဓမ္မာရုံမှစတင်၍ ပတ္တမြားစောင်းတန်းတစ်လျှောက်နှင့် တောင်ကလာပ်အောက်စျေးတန်းအထိ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံဈေးသည်များက လောင်းလှူခဲ့ကြသည်။

ကိုနေ(ကျောက်ပန်းတောင်း)

# ဥပုသ်နေ့တိုင်းတွင် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းသည့်ဓလေ့ မန္တလေးတွင် ယနေ့တိုင်တွေ့မြင်နိုင်

**မန္တလေး စက်တင်ဘာ ၁၄**

မန္တလေးမြို့ရှိ ရတနာပုံ ဗုဒ္ဓဘောဇနိယဉဿာဟအသင်းကြီးသည် နှစ်စဉ် ဝါတွင်းကာလ ဥပုသ်နေ့တိုင်းတွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများသို့ အလှည့်ကျ သီတင်းပတ်တိုင်းသွားရောက်၍ အရုံဆွမ်းများ ဆက်ကပ်လှူဒါန်းသည့်ဓလေ့ကို အစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအသင်းကြီးကို ဒေသခံပြည်သူများက အုပ်ကလေးအသင်းဟု ခေါ်ဆိုကြပြီး မန္တလေးမြို့ လေးပြင်လေးရပ်ရှိ လူကြီးလူငယ်များ စုပေါင်းပါဝင်ကာ ရှေးမင်းအဆက်ဆက်တို့က အစဉ်အလာမပျက် ဆောင်ရွက်တော်မူခဲ့ကြသည့် ကောင်းမှုအမွေကို ဆက်ခံကာ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်၍ ကုသိုလ်ပြုလှူဒါန်းခဲ့ကြခြင်းဖြစ်ပြီး ယခုနှစ်တွင် သက်တမ်းအားဖြင့် ၉၇ နှစ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း အသင်းကြီး၏ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပြောသည်။

“ကျွန်တော်တို့အသင်းကြီးဟာ ဘာသာရေးသာမက ရှေးခေတ်ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကိုပါ မပျောက်ပျက်အောင် စောင့်ရှောက်လာတဲ့ အသင်းကြီးဖြစ်ပါတယ်။ ဒါကြောင့် ဆွမ်းကပ်လှူတဲ့ အခါမှာလည်း ရှေးခေတ်အသုံးအဆောင် အဆင်အယင် အခမ်းအနားတွေအတိုင်း ပြင်ဆင်ပြီး သွားရောက်ကပ်လှူပါတယ်” ဟုဎင်းက ဆက်လက်ပြောကြားသည်။

အသင်းကြီး၏ ဝါတွင်းသုံးလအတွင်း အရုံဆွမ်းဆက်ကပ်လှူဒါန်းသည့်အစီအစဉ်မှာ မန္တလေးမြို့တွင်းရှိ တန်ခိုးကြီးဘုရား ၁၄ ဆူအား နှစ်စဉ် ဝါဆိုလဆန်း ၈ ရက်နေ့တွင် မဟာမုနိဘုရားကြီးမှ စတင်၍ အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး သီတင်းပတ်တိုင်း အလှည့်ကျဘုရားများသို့ သွားရောက် ဆက်ကပ်ကြကာ သီတင်းကျွတ်လပြည့်နေ့၌ အိမ်တော်ရာစေတီတွင် ဝါတွင်းကာလ၏ အရုဏ်ဆွမ်းအလှူဒါနပြီးဆုံးကြောင်း သိရသည်။

“လမ်းတစ်လျှောက်မှာလည်း အလှူရှင်တွေက စောင့်ဆိုင်းလှူဒါန်းပြီး အကျွေးအမွေးတွေနဲ့ ဧည့်ခံကြတဲ့မြင်ကွင်းဟာ အလွန်စည်ကားပြီး ကြည်နူးစရာကောင်းလွန်းလို့ ကျွန်တော်တို့အသင်းကြီးအတွက်သာမက မန္တလေးမြို့တော်ရဲ့ ဂုဏ်ပုဒ်ကို ဖော်ထုတ်တဲ့နေ့တစ်နေ့လို့ ပြောချင်ပါတယ်” ဟု အသင်းကြီး၏ အတွင်းရေးမှူးဖြစ်သူ ဦးခင်မောင်ဝင်းက ပြောသည်။

လက်ရှိတွင် အဆိုပါအသင်းကြီးကို အသင်းသား ၂၀၀ ကျော်ဖြင့် ဖွဲ့စည်းကာ ကုသိုလ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ဝါတွင်းကာလ အလှူဒါနများကိုလည်း အသင်းသားများ၏ စုပေါင်းလှူဒါန်းမှုဖြင့်သာ အစဉ်အလာမပျက် ဆောင်ရွက်လာခဲ့သည့် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ဂုဏ်ယူစရာကောင်းသည့် ဘာသာရေးအသင်းကြီးအဖြစ် ရှင်သန်ရပ်တည်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# ရောဝတီစာပေပွဲတော် နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်ထိ မန္တလေးမြို့တွင်ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၁၄**

နိုင်ငံတကာမှ စာပေပညာရှင်များ၊ မြန်မာနိုင်ငံမှ စာပေပညာရှင်များပါဝင်မည့် ၂၀၁၉ ခုနှစ် ပဉ္စမအကြိမ်မြောက် ရောဝတီစာပေပွဲတော်ကို မန္တလေးတောင်ခြေအနီးရှိ Mercure Mandalay Hill Resort Hotel တွင် နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ စာပေဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရောဝတီစာပေပွဲတော်တွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးနေအုပ် (နေအုပ်စိန်ပေါလ်)၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဒေါက်တာအောင်မြင့်(ဆေး-မန်း)၊ အတွင်းရေးမှူးအဖြစ် ဒေါ်တီနာမေသွင်ဦးနှင့် ကော်မတီအဖွဲ့ဝင်များပါဝင်သည့် ကော်မတီက ဦးဆောင်ကျင်းပသွားမည်ဖြစ်ပြီး ရောဝတီစာပေပွဲတော်ဖြစ်မြောက်ရေးအတွက် ဆပ်ကော်မတီ ၁၁ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ထားရှိရာ ဆွေးနွေးပွဲဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ရန်ကုန်-မန္တလေးခရီးသွားလာရေးနှင့် မန္တလေးတွင် တည်းခိုသွားလာရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ Digital Marketing ဆပ်ကော်မတီ၊ ဖွင့်ပွဲပိတ်ပွဲဆပ်ကော်မတီ၊ လုံခြုံရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၊ နိုင်ငံတကာဆက်သွယ်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆပ်ကော်မတီဟူ၍ ဆပ်ကော်မတီ ၁၁ ဖွဲ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်(ဆေး-မန်း) ထံမှ သိရသည်။

ယခုနှစ် ပဉ္စမအကြိမ် ရောဝတီစာပေပွဲတော်တွင် အဓိကအားဖြင့် လူငယ်နှင့် စာပေခေါင်းစဉ်ကို ရွေးချယ်ထားပြီး လူငယ်များကို အဓိကထား၍ ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပဉ္စမအကြိမ်မြောက် စာပေပွဲတော်တွင်စာတမ်းများဖတ်ကြားလိုသော စာတမ်းရှင်များအနေဖြင့် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ဖတ်ကြားမည့်စာတမ်းမူရင်း၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ဒေါက်တာအောင်မြင့်(ဆေး-မန်း) အမှတ်(၃၈) ၇၄လမ်းနှင့် ၇၅ လမ်းကြား၊ ၃၁ လမ်း မောရဂီဝါရပ်ကွက် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉ ၂၀၀၁၇၄၇၊ စာရေးဆရာညီစေမင်း ၃၄ လမ်းနှင့် ၈၄ လမ်းထောင့် လူထုသတင်းစာတိုက် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နှင့် စာရေးဆရာသင့်နော် ၇၉ လမ်းနှင့် လမ်း ၈၀ ကြား၊ ၃၄ လမ်း ဥတ္တရလွင်ပြင်စာပေ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တို့သို့ အထက်ပါလိပ်စာများအတိုင်း ပေးပို့နိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# တိုတိုထွာထွာဖတ်စရာ

## မဲဆန္ဒရှင်စာရင်းများ ကွန်ပျူတာဖြင့် စာရင်းရေးသွင်း

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲအပြည့်အဝပေးနိုင်ရေးအတွက် လူဦးရေစာရင်းများကို အခြေခံလျက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၁ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကွန်ပျူတာဖြင့် စာရင်းရေးသွင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

ယင်းလူဦးရေစာရင်းများကို အခြေခံ၍ ကွန်ပျူတာစာရင်းများရေးသွင်းခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် မြို့နယ်မဲစာရင်းပြုစုရေးလုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အပြီး မဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ပိုးမွေးမြူရေးနှင့် ပိုးစာပင်စိုက်ပျိုးရေးလေ့လာ

**သီပေါ**

ပိုးမွေးမြူခြင်းနည်းပညာ၊ ပိုးစာပင်စိုက်ပျိုးခြင်း လက်တွေ့ကွင်းဆင်းလေ့လာရေးကို စက်တင်ဘာ ၁၂ ရက်က နမ္မတူမြို့နယ် မိုင်းမုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းဦးက ပိုးမွေးမြူရေးအတွက် ပိုးစာပင်စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းဆွေးနွေးပြီး မိုင်းမုကျေးရွာ တောင်သူဦးစိုင်းစံလင်း၏ ခြံမြေတွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ပိုးမွေးမြူရေးနှင့် ပိုးစာပင်စိုက်ပျိုးနည်းများကို လက်တွေ့ကွင်းဆင်းလေ့လာကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ကျိုက်ထို**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အမျိုးသားများအတွက် ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း၊ အမျိုးသမီးများအတွက် ဆပ်ပြာမျိုးစုံနှင့် ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ အလှဖယောင်းတိုင်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက်က ကျိုက်ထိုမြို့နယ် ချောင်းဝကျေးရွာတွင် ကျင်းပသည်။

ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။ အဆိုပါသင်တန်းကို သင်တန်းသား ၂၀၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာ သင်ကြားသွားမည်ဖြစ်သည်။

**မိုးဝင်း (ခရိုင်ကျေးလက်)**

# အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာအသင်း စတင်ပြင်ဆင်

**ရန်ကုန် စက်တင်ဘာ ၁၃**

နိုဝင်ဘာတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၀ အာရှယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာ ယူ-၁၉ အမျိုးသားအသင်းသည် စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းမှစ၍ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၃ ဦးကို အခြေခံကာ ချန်လှပ်ခဲ့သည့် ကစားသမားများဖြင့် ပြန်လည်ပူးပေါင်းကာ လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၀ အာရှ ယူ-၁၉ ခြေစစ်ပွဲကို နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ၊ တောင်ကိုရီးယား၊ တရုတ်နှင့် စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။

မြန်မာ ယူ-၁၉ အသင်းသည် အာရှခြေစစ်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁ ရက်ထိကျင်းပမည့် တရုတ်(တိုင်ပေ) ဖိတ်ခေါ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောက်တိုဘာတွင်လည်း နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း ပြည်တွင်းပြည်ပပြိုင်ပွဲများစွာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ-ဦးရဲဝင်းအောင်၊ နည်းပြချုပ်-ဦးစိုးမြတ်မင်း၊ လက်ထောက်နည်းပြ- ဦးမင်းမင်းထွန်း၊ ဦးအောင်လတ်သူ၊ ဂိုးနည်းပြ-ဦးစိန်အေး၊ ကစားသမားများအဖြစ် **ဂိုး**-နေလင်းထက်၊ ပြည့်ဖြိုးသူ၊ စောထက်၊ **နောက်တန်း**-စည်သူမိုးခန့်၊ သက်ဟိန်းစိုး၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ဝေယံစိုး၊ ကောင်းခန့်ကျော်(၁)၊ မျိုးကိုကိုလင်း၊ စောထော်နေမှူး၊ **အလယ်တန်း**-ခွန်ကျော်ဇင်ဟိန်း၊ မိုးဆွေ၊ ရဲမင်းကျော်၊ နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရန်ကျော်စိုး၊ ပြည့်ဖြိုးအောင်၊ ဟိန်းထက်အောင်၊ သူရအောင်၊ ရန်နိုင်လင်း၊ **ရှေ့တန်း**-စောကျော်အဲ၊ ဩဘာခ၊ လမင်းထွေး၊ ညီညီ၊ ရဲထက်အောင်၊ ကောင်းဇင်မိုးတို့ ပါဝင်ကြသည်။

**ရှိုင်းထက်ဇော်**

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏



## ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ လူကုန်ကူးမှုပေါင်း ၁၈၁၅ မှု ဖော်ထုတ်နိုင်ခဲ့

**ပုသိမ် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သတ္တမအကြိမ် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ တည်ဆဲဥပဒေများနှင့်အညီ တားဆီးနှိမ်နင်းရေးများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ လူကုန်ကူးမှုပေါင်း ၁၈၁၅ မှု ဖော်ထုတ်နိုင်ခဲ့ကာ တရားခံပေါင်း ၅၁၇၉ ဦးကို အရေးယူနိုင်ခဲ့ပြီး ၄၁၆၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရေလုပ်ငန်းဖြင့် သက်မွေးဝမ်းကျောင်းပြုသူ များပြားသည့်အတွက် လူပွဲစားများက အရွယ်ရောက်ပြီးဖြစ်သည့် အမျိုးသားများကို ပစ်မှတ်ထားပြီး အလုပ်အကိုင်ရရှိရေးအတွက် လာရောက်စုဆောင်းသူတွေကလည်း စည်းရုံးနေတာကို တွေ့ရှိနေရကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ပြသထားသောပြခန်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

## ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသည့်နိုင်ငံများတွင် လူကုန်ကူးမှုဆိုးကျိုးများ ပိုခံစားရ

**တောင်ကြီး စက်တင်ဘာ ၁၄**

တောင်ကြီးမြို့ မြို့တော်ခန်းမတွင် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်၊ နည်းလမ်းမျိုးစုံနှင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့်နိုင်ငံများသည် လူကုန်ကူးမှု၏ဆိုးကျိုးများကို ပိုခံစားနေရသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစားများမှာ အဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ကြွေးမြီနှင့် နှောင်ဖွဲ့ခိုင်းစေခြင်းဆိုသည့် ပုံစံငါးမျိုးဖြစ်ပွားခဲ့သည်ကို လေ့လာတွေ့ရှိရကြောင်း၊ ဆဋ္ဌမအကြိမ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်ကစ၍ ယနေ့အချိန်ထိ ရှမ်းပြည်နယ်အတွင်းတွင် လူကုန်ကူးမှု ၆၄ မှု၊ လူကုန်ကူးသူ ကျားတစ်ဦး၊ မ ၉၄ ဦး စုစုပေါင်း ၉၅ ဦး ကယ်တင်နိုင်ခဲ့ပြီး လူကုန်ကူးသူတရားခံ ကျား ၅၃ ဦး၊ မ ၁၄၃ ဦး စုစုပေါင်း ၁၉၆ ဦးတို့ကို ထိရောက်သော ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)နှင့်ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းရေးဆွဲထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆောင်ရွက်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)နှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ကျွမ်းကျင်မှုရှိရန်လိုအပ်**

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက ပတ်ဝန်းကျင်ဆန်းစစ်ခြင်းစနစ်တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကြောင့်ဖြစ်ပေါ်နိုင်မည့် ဆိုးကျိုးသက်ရောက်မှုများနှင့် ဆက်စပ်သက်ရောက်မှုများကို စနစ်တကျ ဆန်းစစ်ဖော်ထုတ်၍ လျှော့ချနိုင်ရန် လုပ်ငန်းအစီအစဉ်များကို ချမှတ်ရခြင်းဖြစ်သည့်အတွက် ကဏ္ဍနယ်ပယ်ကျယ်ပြန့်၍ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

အဆိုပါ လိုအပ်ချက်အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို အရည်အချင်းပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများနှင့် စီစဉ်ဆောင်ရွက်ရန်နှင့် လုပ်ထုံးလုပ်နည်းထုတ်ပြန်ရန် ပြဋ္ဌာန်းသတ်မှတ်ထားပါကြောင်း၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ ရှင်းလင်းဆွေးနွေးမှုများမှ ရရှိသည့် အကြံပြုချက်များအပေါ် အခြေခံပြင်ဆင်ရေးဆွဲထားသည့် မူကြမ်းကို အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးအကြံပြုပါရန် ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးစအောင်သူက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းနှင့် ဆောင်ရွက်မည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက် လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)နှင့် ထပ်မံဖြည့်စွက်ထားသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**အကြံပြုဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်း(မူကြမ်း)နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာများကို ပြုစုရေးဆွဲကြမည့် တတိယပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် တိုးမြင့်လာစေရန်နှင့် အရည်အချင်းပြည့်မီသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာများ တင်ပြလာစေရန်အတွက်ရည်ရွယ်၍ ပြုစုခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေထွက်ရှိသည့် (၁၀-၁၀-၂၀၁၄)ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ်သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော် အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ Email-epprmyanmar @gmail.com သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**


## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၄**

(၅၅)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ကွပ်ကဲရေးမှူး ရဲမှူးချုပ် ဝင်းဗိုလ် ဦးဆောင်၍ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးစောမြင့်၊ အမှတ်(၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးအောင်မျိုးဦး၊ အမှတ်(၁၄)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူး ဇော်ဝင်း၊ အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဌာနချုပ်တပ်ခွဲမှူး ရဲမှူးစိုးနိုင်နှင့် တပ်ဖွဲ့ဝင် အရာရှိ သုံးဦး၊ အခြားအဆင့် ၁၀၈ ဦး၊ စာရေးဝန်ထမ်း သုံးဦးနှင့် မိသားစုဝင် ၅၄ ဦး စုစုပေါင်း ၁၆၈ ဦးတို့ဖြင့် စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ၁၁ နာရီ ၄၅ မိနစ်အထိ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်ဌာနတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခဲ့သည်။



သွေးလှူဒါန်းခဲ့သည့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် မိသားစုဝင်များအား ကြက်ဥ၊ ငှက်ပျောသီး၊ ကွေကာအုပ်နှင့် အချိုရည် စသည့် အာဟာရဖြည့်စွက်စာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

သင့်သွေးဖြင့် အသက်ကယ်ပါ